# အတုမဲ့ချမ်းသာ



ဓမ္မစေတီ

ဦးလှမောင် M.A., M.S., B.L.

ဒေါ်တင်တင်မြင့် B.A. (Hons), B.Ed.

အိမ်တွင်းစာကြည့်တိုက်

# အတုမဲ့ချမ်းသာ

ဒိပဲယင်းဆရာတော်ဘုရား
အရှင်ဇနကာဘိဝံသ ဆရာတော်
စွန်းလွန်း ဂူကျောင်း ဆရာတော်
တရား မှန်တော်ကြီး
ယောမြို့စား, ရွှေပြည်ဝန်ကြီး, ဦးဖိုးလှိုင်
မာဂဏ္ဍိယသုတ် မြန်မာပြန်

၁၃၂၁ ခုနှစ်၊
ကုသလဝတီပုံနှိပ်တိုက်၊
၆၀-ရေကျော်လမ်း၊
ရန်ကုန်မြို့။

A

# မာတိကာ

အတုမဲ့ချမ်းသာ,အလိုရှိသူများသို့

၁။ မိလိန္ဒပဥှာ

(က) ဘုရားရှင်ထင်ရှားရှိ၏လော .... ၁

(ခ) ကံ,အဘယ်မှာနည်း .... .... ၃

(ဂ) ကံ, အကြောင်း, ဥတု .... .... ၄

(ဃ) နိဗ္ဗာန်မရသူ,နိဗ္ဗာန်ချမ်းသာသိ၏လော ၆

(င) အကြောင်းကြောင့် မဖြစ်သော တရား ဂ

၂။ ယောမြို့စား ရွှေပြည်ဝန်ကြီး၏

နိဗ္ဗာန်အကြောင်း .... .... .... ၁၉

(က) နိဒါန်း .... .... .... ၂၂

(ခ) နိဗ္ဗာန် .... .... .... ၂၇

၃။ အရှင်ဇနကာဘိဝံသ ဆရာတော်၏

ဥပသမာနုဿတိ .... .... .... ၃၉

၄။ အတုမဲ့ချမ်းသာ .... .... .... ၄ဂ

၅။ ဒီပဲယင်းဆရာတော်ဘုရားကြီး၏

နိဗ္ဗာနဝိနိစ္ဆယ .... .... .... ၄၉

၆။ ခွန်းလွန်းဆရာတော်ဘုရားကြီး၏

အမေးအဖြေများ .... .... .... ၆၇

၇။ တရားမှန်တော်ကြီး.... .... .... ၉၁
(က) သုဒ္ဓသသုတ်.... .... .... ၉၃
(ခ) ဒုက္ခနိရောဓသုတ် .... .... ၉၄
(ဂ) လောကသန္တသုတ် .... .... ၉၅
(ဃ) ပဋိပဒါပမသုတ် .... .... ၉၈
(င) အယောဂနသုတ် .... .... ၉၉
(စ) အနိဿိတသုတ် .... .... ၁၀၁
(ဆ) ဝိညာဏနိရောဓသုတ် .... .... ၁၀၄
(ဇ) ဗာဟိယသုတ်.... .... .... ၁၀၇
(ဈ) ဥဒါန်းပါဠိတော် .... .... ၁၁၁
၈။ ကြပ်ကြပ်ကြဲအမှန်ရ .... .... ၁၁၀
၉။ မာဂဏ္ဍိယသုတ္တန်မြန်မာပြန် .... ၁၁၅
(က) မှာပဒါရစေ .... .... .... ၁၁၇
(ခ) မာဂဏ္ဍိယသုတ် .... .... ၁၂၁
(ဂ) မြေနှင့်တော်မူချက် .... .... ၁၂၈
(ဃ) အနုပုဗ္ဗကထာသောယောက်ျား .... ၁၃၂
(င) ကျန်းမာခြင်းနှင့်နိဗ္ဗာန် .... .... ၁၃၅
(စ) ဝမ်းဟွင်းကဏ်ဆေးကုလျှင်ပန်းရှိသော ရှိမည် .... .... .... ၁၄၂
(ဆ) အာကဏ်ပေါက်ဆေး .... .... ၁၄၅
၁၀။ အကုမ္ပဲချမ်းသာအတွက် ဝိတ်ဆွေကောင်းများ .... .... .... ၁၄၇

# အတုမဲ့ချမ်းသာ
## အလိုရှိသူများသို့

**ဤအမှာ ရေးသားချက်များကို ဘတ်ရှုလေ့လာပြီးမှ ကျမ်းစာကို ဘတ်ရှုစေလိုပါသည်။**

'အတုမဲ့ချမ်းသာ' ဆိုသောနာမည်တွင် အတုမဲ့နှင့် ချမ်းသာကို စာဘတ်မည့် သူများသည် ဝေဘန်ခွဲခြား၍ နှလုံးပိုက်မိ ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ချမ်းသာ ခြင်းသည် အောက်ဆုံး တောင်းစားနေရသူကစ၍ အထက်ရှင်ဘုရင်, သမတ,ဝန်ကြီးချုပ် သူဌေးကြီးများ အပါအဝင်, လူတိုင်းအလိုရှိနေသော အရာဖြစ်ပါသည်၊ သို့သော် ချမ်းသာခြင်း,ချမ်းသာကို ခံစားခြင်း ဆိုရာ၌ ဘယ်ဟာကို ချမ်းသာ ဟု ဆုံးဖြတ်ရန်မှာ လွယ်ကူသော ကိစ္စ မဟုတ်သည်ကို တွေ့နေရပေသည်။

ဥပမာ-မျက်စိ အာရုံ အလှ အပ တွေကို ခံစားနေခြင်းပင် ချမ်းသာလော၊ နား အာရုံတွေဖြစ်သော တီးသံ မှုတ်သံ ဆိုသံတွေ ခံစား နေခြင်းပင် ချမ်းသာလော၊ ှာခေါင်း ဖြင့် ကောင်းလှသည် ဆိုသော

အမွှေးနံ့ကို ခံနေသည်ပင် ချမ်းသာလော၊ အရသာရှိပါပေ့ ဆိုသည့် အစား အသောက်တွေကို နည်းအမျိုးမျိုးဖြင့် ချက်ပြုတ် ကြော်လှော် စားသောက်နေရသည် ကိုပင် ချမ်းသာ ခေါ်မည်လော၊ ကိုယ်ကာယ အတွေ့ အထိနှင့် ခံစားမှု အမျိုးမျိုးကိုပင် ချမ်းသာခေါ်မည်လော၊ စိတ်နှင့်ပင် အာရုံအမျိုးမျိုးတို့ကို ခံစား၍နေသည်ကိုပင် ချမ်းသာခေါ်မည်လော၊ တခုစီ, တခုစီ ဝေဘန် ပိုင်းခြား စဉ်းစားသင့်ပေသည်။

ဤနေရာ၌ သံယုတ္တနိကာယ်, ကောသလ သံယုတ်တွင် ပါဝင်သော ကောသလ မင်းကြီး နှင့် ဘုရင်ငါးပါးတို့ပြောဆိုကြပုံနှင့် ဘုရားရှင်ထံ အဆုံးအဖြတ်ခံပုံကို သိသင့်ပေသည်။

ကောသလမင်းနှင့် ဘုရင်ငါးပါးတို့ ဘုရားရှင်ထံ လျှောက်ကြပုံ, " မြတ်စွာဘုရား – ငါးပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံ၍ စမ္ပယ် ခံစားကြကုန်သော, မင်းငါးယောက် ဖြစ်ကုန်သော အကျွန်ုပ်တို့ အား, ကာမဂုဏ် ချမ်းသာတို့တွင် အဘယ်သည် အမြတ်ဆုံး နည်း, ဟူသော စကား ထင်ရှား ဖြစ်ကြ ပါ၏၊ အချို့သောမင်းတို့က ရူပါရုံ အဆင်းသည် ကာမဂုဏ်တို့တွင် အမြတ်ဆုံးဟူ၍ ဆိုကြပါကုန်၏၊ အချို့သော

မင်းတို့က သဒ္ဒါရုံ အသံသည် ကာမဂုဏ် ချမ်းသာ တို့တွင် အမြတ်ဆုံး ဟူ၍ ဆိုကြပါကုန်၏၊ အချို့သော မင်းတို့က ဂန္ဓာရုံ အနံ့သည် ကာမဂုဏ် ချမ်းသာ တို့တွင် အမြတ်ဆုံး ဟူ၍ ဆိုကြပါကုန်၏၊ အချို့သော မင်းတို့က ရသာရုံ အရသာသည် ကာမဂုဏ်ချမ်းသာ တို့တွင် အမြတ်ဆုံး ဟူ၍ ဆိုကြပါကုန်၏၊ အချို့သော မင်းတို့က ဖောဋ္ဌဗ္ဗာရုံ အတွေ့ အထိသည် ကာမဂုဏ် ချမ်းသာ တို့တွင် အမြတ်ဆုံး ဟူ၍ ဆိုကြ ပါကုန်၏၊ မြတ်စွာ ဘုရား ကာမဂုဏ် ချမ်းသာ တို့တွင် အဘယ်သည် မြတ်ပါသနည်း'' ဟု လျှောက်ကြား လေ၏။

**အို မြတ်သော မင်းကြီး, ငါးပါးသော ကာမဂုဏ် တို့တွင် နှစ်သက် ခြင်း၏ အထွတ်သို့ ရောက်သော ကာမဂုဏ်ကို မြတ်၏ဟူ၍ ငါဘုရားသည် ဟောကြား တော်မူ၏။**

အို မင်းကြီး, အချို့သော သူတို့သည် ရူပါရုံကို နှစ်သက်ကုန်၏၊ အချို့သော သူတို့အား မနှစ်သက် ကြကုန်၊ အချို့သော သူတို့သည် မိမိတို့ နှစ်သက်ရာ ရူပါရုံ၌နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ပြည့်ပြည့်စုံစုံ ရှိကြကုန်အံ့၊ ထိုသူ တို့သည် ထို ရူပါရုံမှ တပါး, မြတ်သော, ထူးသော, အထူးသဖြင့် လွန်မြတ်သော

ရူပါရုံကို မတောင့်တ၊ ထိုရူပါရုံ တို့သည်သာ, ထို ပုဂ္ဂိုလ်အား အလွန်မြတ်သည် ဖြစ်ကုန်၏၊ အတုမရှိ မြတ်သည် ဖြစ်ကုန်၏၊ အခြားသော ကာမဂုဏ် ချမ်းသာတို့တွင်လည်း ဤအတုသာလျှင်ဖြစ်ကုန်၏,ဟု ဘုရားရှင်ဟောခဲ့ပေသည်။

ဤ တရားတော်မှာ ကျွန်တော်တို့ ပုထုဇဉ် လူသားများ အတွက် အလွန် မှန်လှ ပါသည် မိမိ နှစ်သက်သော အာရုံ ကာမဂုဏ် ချမ်းသာ ကိုပင် အတုမရှိ ထင်မှတ် ကြပါသည်၊ သို့သော် အဟုတ် တကယ်မှန်ပါ၏လော။

ကျွန်တော်သည်လွန်ခဲ့သော ၁၀ နှစ် ၁၁ နှစ်ခန့် (၁၃၁၁ ခုနှစ်) လောက်က ကျွန်တော်၏ ဆရာ ဘုန်းတော်ကြီး, ကျွန်တော်၏ ညီမငယ်, မိတ်ဆွေ အချို့တို့နှင့်. အတူ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးထံသို့ သွားရောက်ဖူးမျှော် ခဲ့ကြ ပါသည်၊ ၆ ရက်မျှနေ၍ တရား အားထုတ်ခြင်း, ဆရာတော်ကြီးအား လျှောက်ထား ဆွေးနွေးခြင်းဖြင့် ပြန်ခါ နီးတွင် ကျွန်တော်၏ ညီမငယ်က ဆွဲကြိုး တကုန်းကို တန်ဘိုး ထား၍ ဆရာ တော်ကြီး အား ကျောင်းတိုက်တွင် နဝကမ္မ အသုံးပြုနိုင်ရန် လှူဒါန်း ပါသည်၊ ထိုအခါတွင် ဆရာတော်ကြီးက ဆုပေး သည်မှာ "ဘာမျှမလိုချင်နဲ့" ဆိုသောဆုတခုကိုသာ

ပေးလိုက်ပါသည်၊ ကျွန်တော်သည် လူ့ရတဲ့ အကျိုး အတွက် ဘာမျှ မလိုချင်နဲ့ ဆိုသော ဆုကို အချိန် အတော်ကြာ နားမလည်ပါ နားလည် ရန်လည်း မလွယ်ကူပါ၊ တသက်လုံး မွေးစက သေသည့် အထိ လိုချင်လျက်သာ သေသွားရသော သူများမှာ ဘာမျှ မလိုချင်နဲ့ ဆိုသောစကားကို အဘယ်မှာ လက်ခံရန် လွယ်ကူပါမည်နည်း။

သို့သော် ကျွန်တော်သည် ရက်, လ, နှစ် အားဖြင့် ကြာမြင့်၍ တိတ်ဆိတ်သော ကျောင်းတိုက်၊ အလို နည်းသော ရဟန်း သံဃာတော် များ၏ ပတ်ဝန်း ကျင်တွင် ရံခါရံခါ နေမိသောအခါ မလိုချင် ခြင်း၏ ချမ်းသာပုံကို အနည်းငယ် ရိပ်မိ သိရှိလာခဲ့ပါသည်။

မလိုချင်ခြင်း, လိုချင်မှု ကင်းခြင်း သည် စက္ကန့်, မိနစ်, နာရီ, ရက်, လ, နှစ် အစဉ်အားဖြင့် အဘယ် မျှပင် ဖြစ်စေ မလိုချင်.စိတ်သည် ဖြစ်ပေါ်ခဲ့အံ့၊ ထို အချိန်, ထို အခါသည် ချမ်းသာသော အချိန်ပင် ဖြစ်ကြောင်း အလွန်ထင်ရှားပါသည်။

မလိုချင်, ဆိုရာ၌လည်း အလိုရှိနေလျက်, မရ၍ မလိုချင်တော့ခြင်း၊ ပျင်းသဖြင့် ဖျင်းသဖြင့်, ရလို နေလျက် မလိုချင်တော့ခြင်း, အမျိုးမျိုး ရှိပါသည်၊ အစွဲ အလမ်းသည် ရှိနေသမျှ တကယ် မလိုချင်ခြင်း မဟုတ်ပါ, တကယ့်ကိုပင်လိုချင်စိတ် လုံးဝ မရှိသော

အခိုက်အတံ့ ကိုသာ ဆိုပါသည်၊ မိမိ ကိုယ်ကို မိမိ တချိန် တခါတွင် ဘာမျှ မလိုချင်သော အခါ နှင့် တွေ့ကြုံကောင်း တွေ့ကြုံပါလိမ့်မည် သတိနှင့် စောင့်ကြည့်ပါ။

အထူးသဖြင့် ဘုရားရှင် ကိုယ်တော် မြတ်သည် ဘယ်အခါ, ဘယ်ကာလ, ဘယ်ဘဝမှဖေါက်ပြန်ခြင်း, ပြောင်းလဲခြင်း, ရွေ့လျားခြင်း, ပျောက်ကွယ်ခြင်း, မရှိ, အတည်အမြဲ, အစဉ် ချမ်းသာ၍ နေသော လောကတွင် မည်သည့် ဗြဟ္မာ, နတ်, လူ, ချမ်းသာပါသည်ဆိုသော ချမ်းသာတကာတို့ထက် လွန်မြတ်၍ အတုမရှိ, အတုမဲ့ချမ်းသာ, ကို ရရှိရန် လိုလားသူတို့သည် လောကီ အာရုံ ကာမဂုဏ် ချမ်းသာ တို့ကို မဆိုထားနှင့်တော့, တရား၌ပင် မစွဲလမ်းကြကုန်လင့် အစွဲကိုစွန့်ကြကုန်လောဟု, မူလပဏ္ဏာသ ပါဠိတော် အလဂဒ္ဒူပမသုတ်တွင် အောက်ပါအတိုင်းဟောတော်မူခဲ့ပါသည်။

## စွဲယူဘို့မဟုတ် ထွက်မြောက်ဘို့သာ

. အို ရဟန်းတို့, ဖြည်ယ လေးဖြာ သံသရာမှ ကူးမြောက် စိမ့်သောငှါ ဖြည်ယလေးဖြာ သံသရာ၌ မမျော အောင်, ဖေါင် ဥပမာဖြင့် ဟောကြားအံ့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။

ဥပမာ အားဖြင့် ယောက်ျား တယောက်သည်, ဘေးဥပဒ် တို့နှင့် ပြည့်သော ဤမှာ ဘက်ကမ်းမှ ကြောက်မက်ဘွယ်မရှိ, ဘေးမ ရှိသော ဟိုမှာ ဘက်ကမ်းသို့ ကူးမြောက်ရန် အလွန် ကျယ်ဝန်းသော ရေပြင်ကိုမြင်လေရာ၏၊ ဟိုမှာဘက်ကမ်းသည်ဘေးမှကင်း၏၊ ကြောက်ဘွယ်မရှိအလွန်ချမ်းသာ၏၊သို့သော်ကူးရန် တံတားလည်းမရှိ, လှေလည်းမရှိ, အကယ်၍ ငါသည် မြက်, ထင်း, သစ်ခက် သစ်ရွက်အပေါင်းကို ဖေါင်ဖွဲ့၍ ထိုဖေါင်ဖြင့်, လက်,ခြေတို့ဖြင့် အားထုတ်လှော်ခတ်၍သာ ချမ်းသာသဖြင့် ဟိုမှာ ဘက်ကမ်းသို့ ကူးရမူကား ကောင်းလေရာ၏ဟု ကြံ၍ ထို အကြံဖြင့် ဟိုမှာ ဘက်ကမ်းသို့ ချမ်းသာစွာ ကူးမြောက်ခဲ့လေရာ၏၊ ကူးမြောက်ပြီးသော် ထိုယောက်ျားသည်ဤသို့ အကြံဖြစ်၏၊ ဤဖေါင်သည် ငါ့အား ကျေးဇူးများလှပေ၏၊ ငါသည် ဤဖေါင်ကို အမှီပြု၍ ချမ်းသာစွာ ကူးမြောက်ခဲ့ရလေပြီ၊ ငါသည်,ဖေါင်ကိုဦးခေါင်းဖြင့် ရွက်၍ငင်း,ပခုံး၌ထမ်းပိုး၍လည်းကောင်း, အလိုရှိရာ အရပ်သို့ သွားရမူကား ကောင်းလေရာ၏ဟု ကြံစည်ရာ၏။

ရဟန်းတို့, ဤသို့ ကြံစည် ခြင်းသည် ဤဖေါင်၌ သင့်လျော်သော အမှန်အတိုင်း အမှုကိုပြုခြင်း ဖြစ်ပါသလော။

မြတ်စွာဘုရား ဤသို့ ပြုခြင်းသည် ထို ဖေါင်၌ သင့်လျော်သော အမှုကိုပြုခြင်းမဖြစ်ပါ,ဟုလျှောက်ကြကုန်၏။

ရဟန်းတို့, ထို ယောကျ်ားအား ဤဖေါင်သည် ငါ့အား များသော ကျေးဇူး ရှိပေ၏၊ ငါသည် ဤဖေါင်ကိုအမှီပြု၍သာလျှင်ဘေးကင်းစွာ,ချမ်းသာစွာ, သာလျှင် လက်ခြေတို့ဖြင့် အားထုတ်လျက် ဘေးကင်းသောတဘက်ကမ်းသို့ကူးမြောက်ခဲ့ရလေပြီ၊အကယ်၍ ဤဖေါင်ကို ကုန်း၌ တင်၍ ၎င်း, ရေ၌ မျော၍၎င်း, အကြင်အလိုရှိရာအရပ်သို့ သွားရမူကားကောင်းလေရာ၏ ဟု ကြံ၏၊ ရဟန်းတို့ ဤသို့ ပြုခြင်း သာလျှင် ထို ဖေါင်၌သင့်လျော်သော အမှုကို ပြုခြင်း ဖြစ်ရာ၏။

**ရဟန်းတို့ ဤ အတူသာလျှင် ညွှန်ပြသော ဖေါင်သဖွယ် တရား ထွက် မြောက် စေ ခြင်း အကျိုးငှါ, မနစ်မွန်း မမျောပါး ကြစေခြင်း အကျိုးငှါ, ''သင် တို့ သည် သ မ ထ မှု, ဝိပဿနာမှု တို့၌ သော်လည်း,ဆန္ဒရာဂကို ပယ်စွန့်အပ်၏၊ ရှာသူတို့၏ အကျင့် အခမ့် အယုတ် တရား တို့ကား အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း ပယ်စွန့်အပ်သည်သာ ဖြစ်ကုန်၏''။ ။**

ဘုရားရှင် ကိုယ်တော်မြတ်၏ ဤဖေါင် ဥပမာဖြင့် ဟောတော်မူရာတွင် ဟောတော်မူသော တရားတော်

တို့သည်ပင်"**စွဲယူဘိုရာမဟုတ် ထွက်မြောက်ဘိုသာ**" ဖြစ်သည်မှာ ထင်ရှားပေသည်။

ထို့ကြောင့် ဤနေရာ၌ အထက်က ဆော်ပြခဲ့သည့် အတိုင်း, "အတုမဲ့ချမ်းသာ" ကို အလိုရှိ သူသည် စွဲယူခြင်း,တပ်မက်ခြင်း,ကာမဂုဏ်ချမ်းသာဟူသမျှကို ခံစားလိုခြင်း, တရား၌ပင်လည်း နှစ်သက်တွယ်တာ၍ နေခြင်း, မစွန့်လွှတ်နိုင်ခြင်း ရှိနေသေးလျှင် "အတုမဲ့ ချမ်းသာ"ကို တွေ့နိုင်ရန် လွယ်ကူမည် မဟုတ်ပါ၊ သို့သော် အတုမဲ့ ချမ်းသာ၏ အာရုံကို ရိပ်စားမိ, စမ်းဝါးမိနိုင်က, အင်္ဂလန်,ဂျပန်,အမေရိကန်, ရုရှား စသော နိုင်ငံများ၏ အကြောင်းကို စာအုပ်ဘတ်ခြင်း, တဆင့်ပြောသိ ရခြင်းဖြင့် သွားလိုစိတ်သည် ပြင်းပြ လာ၍, သွားဖြစ်အောင် သွားနိုင်အောင် ကြိုးစားသူ ကဲ့သို့ "အတုမဲ့ချမ်းသာ"၏ အရသာကိုလည်း သိရှိ၍ လိုချင်လာအောင်,တောင့်တလာအောင်,ရရှိအောင်, ကြိုးစားချင်စိတ် ဖြစ်လာအောင် တစ်ထောင်ကြောင့် တကျပ်ကို စွန့်ဝန့်သော စိတ်, "အတုမဲ့ ချမ်းသာ" ကြောင့် ကာမဂုဏ် ချမ်းသာများကို စွန့်ဝန့်သော စိတ်များ ပေါ်ပေါက် လာစေရန်ကား မုချ ဖြစ်ပေါ် လာလိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့်ကျွန်တော်တို့သည်"အတုမဲ့ချမ်းသာ" ကို ထုတ်ဝေ ဖြန့်ချိရာတွင် ကျမ်းဂန်တတ်, စာတတ်

ပုဂ္ဂိုလ်များအဘို့ထက်မြန်မာစာတတ်သူတိုင်းအတွက် ''အတုမဲ့ ချမ်းသာ''၏ အရသာကို ခံယူနိုင်ရန် ရည်ရွယ်၍ စီစဉ်ထုတ်ဝေပါသည်။

စာအုပ်စီစဉ်ရာတွင်လူတိုင်းအာရုံပြုနိုင်ရန်အမေးအဖြေ ဖြစ်သော မိလိန္ဒမင်းနှင့် ရှင်နာဂသေနထေရ်တို့၏ အမေးအဖြေကို ဦးစွာထည့်သွင်း၍,မြန်မာပြည်ရာဇဝင်တလျှောက်မြန်မာစာပေတွင်အလွန်ကျော်ဇောထင်ရှားသော ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင်၏ မင်းတုန်း ဘုရင်ကြီးအား ရေးသား ဆက်သွင်းသော နိဗ္ဗာန် အကြောင်း စာတန်းကို ထည့်သွင်း ဘော်ပြထားပါသည်၊ ထိုစာတန်းမှာ အလွန်ရှား၍ တွေ့နိုင်ခဲသော စာတန်းဖြစ်သည့်ပြင် အချိန်နဲနဲနှင့်သဘာဝကိုပေါ်အောင် ကြည့်နိုင်သော စာတန်းတခုဖြစ်ပါသည်၊ ထို့ပြင် ရွှေကျင်ဂိုဏ်းကြီး၏ တတိယ သာသနာပိုင်ဖြစ်သော ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒိပဲယင်း ဆရာတော်ကြီး၏ နိဗ္ဗာန ဝိနစ္ဆယနှင့် ပရမတ္ထ စက္ကူမှ နိဗ္ဗာန် အကြောင်းများ မှာလည်း လူတွေ့နည်း၍ စာထက်သဘာဝကို မိအောင်ရေးပေး ထားသော စာများဖြစ်ပါသည်၊ ထို့ပြင် အများသိဖြစ်သော စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဖြေနှင့် အမရပူရ မဟာဂန္ဓာရုံ အရှင် ဇနကာဘိဝံသ ဆရာတော်၏ သဂြိုဟ်ဘာသာဋီကာမှ နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် သဘာ

ဝကို ဘော်ပြထားသော စာများမှာ စာဘတ်သူတိုင်း နှစ်သက်နိုင်မည်ဟု ထင်ပါသည်။

အရှင် အာဒိစ္စဝံသ ဆရာတော် ရေးသားတော်မူသော တရားမှန်တော်ကြီးမှ လောကဆုံး နိဗ္ဗာန်တွင် ပါဝင်သော သုတ်တော်များနှင့် ကျွန်တော်တို့ စာအုပ်ထုတ်ဝေရန် စီစဉ် ထားသော မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်မှ မာဂဏ္ဍိယ သုတ်တော် မြတ်တို့မှာ "အတုမဲ့ချမ်းသာ"ကို နားလည်နိုင် နှစ်သိမ့်နိုင်ရန် အတွက် အထောက်အပန့် ရလိမ့်မည်ဟု မုချယူဆပါသည်။

အတုမဲ့ချမ်းသာ နိဗ္ဗာန်အကြောင်းနှင့်ပတ်သက်၍ ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်များ ရေးသားသော စာပေများ အမြောက်အများ ရှိပါသည်၊ သို့သော် စာထက်သဘောကိုသာ အဓိကထား၍ ဤမျှဖြင့်သာ လူအများ နားလည် နိုင်ခွင့် ရနိုင်ရုံ ရွေးချယ် စုဆောင်း တင်ပြထားခြင်း ဖြစ်ပါသည်။

**စာတတ်မှ အားထုတ် တတ်သည်, စာတတ်မှ နည်းလမ်း ကြသည်, စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်း မကျဟု မှတ်ထင် တတ်သည်၊ မမှတ်ထင်လင့်။**

ဘုရားလက်ထက်တော်က စာမသင်, ပေမသင် စာမတတ်ဘဲ ကကြီးလုံး, ခကွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန် ရောက်သူ တွေသာ များသည်၊ စာတတ်၍

**နိဗ္ဗာန် ရောက်သူ အနည်းငယ်သာ ရှိသည်၊ နည်းကောင်း ရသည်သာ လိုရင်းဖြစ်သည်။**

**အမှန်ကျန နည်းကောင်း ရလျှင် ရုံရုံကြည်ကြည်သာ အားထုတ် သည်ထက် ကောင်းသော အလုပ် တလောကလုံးမှာမရှိ။**

ဤစကားများကို ဒိပဲယင်း ဆရာတော် ဘုရားကြီး၏ ပရမတ္ထ စက္ခုတွင် တွေ့ရသဖြင့် အလွန် ဝမ်းမြောက်ဘွယ်ပင် ဖြစ်ပါသည်။

''အတုမဲ့ချမ်းသာ'' နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့သည် စာတတ်ဖြစ်ဘို့ထက် သဒ္ဓါတရားနှင့် လိုချင်သော ဆန္ဒ, လုံးလဝိရိယ ရှိုးသား ဖြောင့်မတ်ခြင်း, အလွန်ဖြောင့်မတ်ခြင်း, ဟန်မဆောင်ခြင်း, မလှည့်စားခြင်း, သစ္စာ ရှိခြင်း, မိတ် ကောင်းရှိခြင်း စသော လက္ခဏာတို့နှင့် ပြည့်စုံမည်ဆိုပါလျှင် မုချရနိုင်မည်ဟု ယုံကြည်မိပါသည်။

သဒ္ဓါတရားနှင့် ဖြောင့်မတ်ခြင်းမှာမူ အထူးသဖြင့် အလွန်အရေးကြီးသော အချက်ဟု ထင်ပါသည်၊သဒ္ဓါ မရှိလျှင်လည်း မလိုချင်တော့ပါ၊ လိုချင် သော်လည်း ဖြောင့်မတ်မှု မရှိလျှင် ဘယ်နည်းမှ မရနိုင်ပါ။

''အတုမဲ့ ချမ်းသာ'' ကို ရရှိရန် လုပ်နည်းနှင့် ကျင့်ဝတ်များ လိုပါသည်၊ တခုတည်း နှင့် ချုပ်၍ ဆိုရလျှင်''မိတ်ကောင်း''သည် အချုပ်ဖြစ်ပါသည်၊ မိတ်

ကောင်း တယောက် ရလျှင် အားလုံး ပြီးမြောက် နိုင်ပါသည်၊မိတ်ကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်,ဘယ်မှာရှိသည်, ဆိုတာကိုမူ အလိုရှိသူတို့ ကြံကြပါကုန်။

**မိတ်ကောင်း**

ဘုရားရှင် ကိုယ်တော် မြတ်သည် တရံခါတွင် ညီတော်အနန္ဒာကိုအမိန့်ရှိသည်မှာမိတ်ကောင်းသည် အဘယ်မျှလောက် အကျိုးကို ပြီးစေသနည်းဟု မေးတော် မူသောအခါ မိတ်ကောင်းသည် မိမိ၏ တဝက်သော အကျိုးကို ပြီးစေသည်ဟု ဖြေခဲ့ရာ, အနန္ဒာ ဤကဲ့သို့မမှတ်လင့်၊မိတ်ကောင်းသည်အဆုံးတိုင်သော အကျိုး,အပြီးတိုင်သောအကျိုးကို ပေးနိုင်၏၊ အနန္ဒာ ငါဘုရား တည်းဟူသော မိတ်ကောင်းကြောင့် သင်တို့ အကျိုးကို အားလုံး ပြီးစေသည် မဟုတ် လောဟု ဟောတော်မူခဲ့ပါသည်။

"မိတ် ကောင်း" ဖြစ်သော သံဃာ ကောင်း, လူကောင်း, စာအုပ်ကောင်းများကို မရမနေ ရှာဖွေ ဆည်းပူး ချဉ်းကပ်ကြပါကုန်, "အတုမဲ့ချမ်းသာ" အား မိမိတို့တွင် ရှိနေကြသော ရွှေ,ငွေ,စိန်,ကျောက်, အိမ်ရာ, တိုက်တာ, ဂုဏ်ထူး ရာထူး, သားသမီး, လင်မယား, တို့လောက်မျှ **တန်ဘိုးထား၍** ထိမ်းသိမ်းခြင်း, ရှာဖွေခြင်း, ကြိုးစား ဆည်းပူးခြင်း မရှိပါလျှင်မူ ဘယ်နည်းနှင့်မျှ ရနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ''အတုမဲ့ချမ်းသာ'' နိဗ္ဗာန်ကို ပဌမ သိချင် လိုချင်လာအောင် အတုမဲ့ ချမ်းသာ ဟူသော ဤစာအုပ်ငယ်သည်တစုံတယောက်သောပုဂ္ဂိုလ်အား စွမ်းဆောင် နိုင်ခဲ့သော် ကျွန်တော်တို့၏ ရည်ရွယ်ချက်သည် အောင်မြင် သင့်သလောက် အောင်မြင်ပြီဟု ယုံကြည်ပါသည်။

ကျွန်တော်တို့ သိသလောက်ဘယ်ခါမျှ ဖေါက်ပြန်ခြင်း, မျက်နှာ လိုက်ခြင်း မရှိသော မိတ်ဆွေကောင်းများ ဖြစ်ကြသည့် စာအုပ်ကောင်း အချို့ကိုလည်း စာအုပ်အဆုံး နိဂုံးတွင် ဖော်ပြလိုက်ပါသည်။

ငါးကျော်ကို စားလိုသူသည် ငါးတကောင်လုံးတွင် အရိုးကိုဖယ်၍စားရသည်ဟူသောဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အဆုံးအမကဲ့သို့ စာအုပ် များကိုလည်း (ယောနိသော မနသိကာရ) သင့်တင့်အောင် နှလုံးသွင်း၍မိမိတို့အလိုရှိရာကို ထုတ်ယူသုံးစွဲနိုင်ကြပါစေ။

**'အတုမဲ့ချမ်းသာ' နိဗ္ဗာန်ကို ရောက်ရန်, ရနိုင်ရန်, မခက်ပါ၊ လိုချင်ရန်သာ ခက်ပါသည်။**

ထိန်ဝင်း၊
၁၀၇၊ စိန့်ဂျွန်းလမ်း၊ ရန်ကုန်။
၁၄-၅-၅၉၊
၁၃၂၁ ခု၊ ကဆုန်လဆန်း ၇ ရက်။

# မိလိန္ဒပဥှာ

မိလိန္ဒ မင်းကြီး မေး၍ ရှင်နာဂသေန မထေရ်ဖြေကြားတော်မူသော ကံအကြောင်း တရားနှင့် နိဗ္ဗာန်အကြောင်း, ဘုရားရှင် ရှိမရှိ အကြောင်းများကို ရန်ကုန်မြို့, ဆူးလေဘုရား လမ်း၊ ဟံသာဝတီ သတင်း စာ တိုက် မှ ၁၉၀၂ ခုနှစ်တွင် ရိုက်နှိပ်သော မိလိန္ဒပဥှာ ကျမ်းစာမှထုတ်နှုတ်ဖော်ပြပါသည်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ဘုရားရှင်ထင်ရှားရှိ၏လော

## ဗုဒ္ဓနိဒဿနပဉှာ

မိလိန္ဒမင်းသည်····အရှင်ဘုရား၊ဘုရားရှင်သည်ထင်ရှားရှိ၏လောဟုမေး၏။ အဖြေကား၊ မင်းကြီး ဘုရားရှင်သည်ထင်ရှားရှိတော်မူ၏ဟုဖြေသော်အရှင်ဘုရား ဘုရားရှင်ကိုဤမည်ဤမည်သောအရပ်၌ရှိ၏ဟုပြခြင်းညွှန်ခြင်းငှါ တတ်နိုင်အံ့လောဟု မေးသော်၊ မင်းကြီး ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ဘုရားရှင်ကို ဤမည် ဤမည်သော အရပ်၌ ရှိ၏ဟုပြခြင်းငှါ မတတ်နိုင်ဟုဖြေ၏။ အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့ ဟု ဆို သော်၊ မင်းကြီး အသို့ အောက်မေ့သနည်း။ ပြောင် ပြောင် တောက်သော မီးပုံ ကြီး၏ အလျှံသည် ငြိမ်း ခြင်း ချုပ်ခြင်းသို့ရောက်၏။ထိုမီးလျှံကိုဤမည်ဤမည်သော အရပ်၌ ရှိသေး၏ဟု ပြခြင်း ညွှန်ခြင်းငှါ တတ်နိုင်ကောင်းအံ့လောဟုဆို၏။ အရှင်ဘုရား ပြောင်ပြောင် တောက် သော မီးပုံကြီး၏ ငြိမ်း ခြင်း ချုပ်ခြင်းသို့

ရောက်သော် ဤမည်ဤမည်သောအရပ်၌ မီးလျှံသည် ရှိသေး၏ဟုပြခြင်းညွှန်ခြင်းငှါ မတတ်နိုင်ရာ၊ ချုပ်လေပြီးသော မီးလျှံသည် ရှိသေး၏ဟု မခေါ်ဝေါ်အပ်သောအဖြစ်သို့ ရောက်၏ဟုဆိုသော်၊ မင်းကြီး ထိုမီးပုံကြီးကဲ့သို့ ဘုရားသခင်သည် ကမ္မဇရုပ် အကြွင်းမရှိ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၍ ချုပ်ခြင်းသို့ ရောက်တော် မူလေပြီ။ ဤမည်ဤမည်သော အရပ်၌ ဘုရားရှင်ရှိသေး၏ဟုပြခြင်းငှါမတတ်နိုင်ရာ၊ မင်းကြီး ဘုရားရှင်သည် ဟောတော်မူ အပ်သော တရားတော် အပေါင်းဖြင့်ကား၊ ဘုရားရှင် ထင်ရှား ရှိကြောင်းကို ပြ ခြင်း ငှါ တတ်နိုင်ကောင်း၏။ ထို စ ကား သည်လည်း မှန်၏။ မှန်ကြောင်းကား၊ မင်းကြီး ဘုရားရှင် ဟောတော် မူ သော တရား တော်သည် ထင်ရှားရှိသောကြောင့် ဘုရားရှိ၏ဟု ဆိုခြင်း ပြခြင်းငှါ တတ်ကောင်း၏ဟု ဖြေ သော်၊ အရှင်ဘုရား သင့် တင့် လျှောက်ပတ်ပေ၏ဟု ဝန်ခံ၏။

**ဗုဒ္ဓနိဒဿနပဉှာပြီး၏။**

# ကံအဘယ်မှာနည်း

## ကမ္မဖလာနံ အဋ္ဌိဘာဝပဉှာ

မိလိန္ဒမင်းသည်….အရှင်ဘုရား၊ ဤနာမ်ရုပ်ဖြင့် ကုသိုလ် အကုသိုလ် ကံ ကို ပြုအပ်၏။ ထို ကု သိုလ် အကုသိုလ်ကံတရားတို့သည် အဘယ် အရပ်၌ တည် ကုန်သနည်းဟု မေး၏။ အဖြေကား၊ မင်းကြီး ထို ကုသိုလ် အကုသိုလ်ကံတရားတို့သည် သွားလေသော အခါ အရိပ်ပါသကဲ့သို့ အစဉ်အတိုင်း လိုက်ကုန်၏ဟု ဖြေသော်၊ အရှင်ဘုရား ထိုကုသိုလ်အကုသိုလ်ကံတို့ကို ဤမည်သော အရပ်တို့၌ တည်ကုန် ၏ ဟု ပြခြင်းငှါ တတ်နိုင်အံ့လောဟု မေးပြန်၏။ မင်းကြီး ထိုကုသိုလ် အကုသိုလ်ကံတို့ကို ဤမည် ဤမည်သော အရပ်တို့၌ တည်ကုန်၏ ဟူ၍ ပြခြင်းငှါ မတတ်နိုင်ဟု ဆိုလျှင် အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့ဟု ဆို၏။ မင်းကြီး အသို့အောက်မေ့သနည်း၊ အကြင်သစ်ပင် တို့သည် အသီး မရှိကုန်၊ ထိုသစ်ပင်တို့ကို ဤမည် ဤမည်သော သစ်ပင်တို့သည် အသီးရှိလျက်တည်ကုန် ၏ဟု ပြခြင်းငှါ တတ်ကောင်းအံ့ လောဟု ဆိုသော်၊ အရှင်ဘုရား အသီးမရှိသော သစ်ပင်တို့ကို အ သီး

ရှိကုန်၏ဟု ပြခြင်းငှါ မတတ်နိုင်ခြေ ဟူ၍ ဆိုသော်၊ မင်းကြီး ထို့ အတူငင်း၊သံသရာ ဘ၀၏မပြတ်ဖြစ်သော အစဉ်ဖြင့် ထိုကုသိုလ်ကံ အကုသိုလ်ကံ တို့ကို ဤမည် ဤမည်သော အရပ်၌ တည်ကုန်၏ ဟူ ၍ ထုတ်ဖေါ် ခြင်းငှါ မတတ်နိုင်ကောင်းဟု ဆိုသော်၊ အရှင်ဘုရား သင့်တင့် လျှောက်ပတ်ပေ၏ ဟု ဝန်ခံ၏။

**ကမ္မဖလာနံ အတ္ထိဘာဝပဥှာ ပြီး၏။**

---

# ကံ-အကြောင်း-ဥတု

## ကမ္မဇပဥှာ

မိလိန္ဒမင်းလည်း၊ အရှင်ဘုရား အဘယ် တရား သည် ကံကြောင့်ဖြစ်လေသနည်း။ အဘယ်တရားသည် အကြောင်းကြောင့် ဖြစ်သနည်း။ အဘယ်တရားသည် ဥတုကြောင့် ဖြစ်သနည်း။ အဘယ် တရားသည် ကံ ကြောင့် မ ဖြစ် သ နည်း။ အ ဘယ် တ ရား သည် အကြောင်း ကြောင့် မဖြစ် သနည်း။ အဘယ် တရား သည် ဥတုကြောင့် မဖြစ်သနည်းဟု ဆို၏။

အဖြေကား။ ။မင်း ကြီး၊ စိတ်ဝိညာဉ် ရှိကုန် သော အကြင်သတ္တဝါတို့သည် ရှိကုန်၏။ ထိုခပ်သိမ်း

သော သတ္တဝါ အပေါင်း တို့သည် ကံကြောင့် ဖြစ် ကုန်၏။ မီးသည်၎င်း၊ အလုံးစုံသော မျိုးစေ့တို့သည် ၎င်း အကြောင်း ကြောင့် ဖြစ်ကုန်၏။ မင်းကြီး၊ မြေ၊ တောင်၊ ရေ၊ လေ အလုံးစုံ တို့သည် ဥတုကြောင့် ဖြစ်ကုန်၏။ ကောင်းကင်၊ နိဗ္ဗာန်၊ ဤနှစ်ပါးသော တရားတို့သည် ကံကြောင့်လည်းမဖြစ်၊ အကြောင်း ကြောင့်လည်း မဖြစ်၊ ဥတု ကြောင့် လည်း မ ဖြစ်၊ မင်းကြီး နိဗ္ဗာန်ကို ကံကြောင့် ဖြစ်သော တရားဟူ၍ ၎င်း၊ အကြောင်းကြောင့် ဖြစ်သော တရားဟူ၍၎င်း၊ ဥတုကြောင့်ဖြစ်သော တရားဟူ၍၎င်း မဆိုအပ်၊ ဥပ္ပန္န ဓမ္မဟူ၍၎င်း၊ အနုပ္ပန္န ဓမ္မ ဟူ၍၎င်း၊ ဥပါဒိယ ဓမ္မ ဟူ၍၎င်း၊ အနုပါဒိယ ဓမ္မ ဟူ၍၎င်း၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်တရားဟူ၍၎င်း၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ် တို့သည် သိ အပ် သော အာရုံဟူ၍၎င်း မဆိုအပ်၊ စင်စစ်သော်ကား၊ မနော ဝိညာဉ်သည် သိအပ်သော အာရုံ ဖြစ်၏။ အ ကြင် နိဗ္ဗာန်သည်ရှိ၏။ ထိုနိဗ္ဗာန်ကို ကောင်းသော အကျင့် နှင့် ပြည့်စုံသော အရိယာ၏ တပည့်သည် စင်ကြယ် သန့်ရှင်းသောဉာဏ်ဖြင့် မြင်၏ဟု ဆိုသော်၊ အရှင် ဘုရား နှလုံးမွေ့လျော်ပျော်ဘွယ်ရှိပေပြီ။ ပြဿနာကို ကောင်းစွာ ဆုံးဖြတ်ပေပြီ။ ယုံမှားခြင်း ကင်းပေပြီ။

ဧကန်စင်စစ် ယုံမှားသက်ာကို ဖြတ်တော်မူပေပြီ။ အရှင်သည် မြတ်သော သဘော ရှိ၍ မြတ်သော ဂိုဏ်းတို့၏ဆရာ ဖြစ်တော်မူပေ၏ဟု ချီးမွမ်း၍ ဝန်ခံလေ၏။

ကမ္မဇပဥှာပြီး၏။

---

နိဗ္ဗာန်မရသူ

# နိဗ္ဗာန်ချမ်းသာသိ၏လော

## နိဗ္ဗာနံလဘန္တဿသုခတာဝဇာနန ပဉှာ

မိလိန္ဒမင်းသည်၊ အရှင်ဘုရား အကြင်သူသည် နိဗ္ဗာန်ကိုမရ၊ ထိုမရသော သူသည်၊ နိဗ္ဗာန် တရား ချမ်းသာလှ၏ဟု အနက်အဓိပ္ပါယ်ကို သိရာအံ့လော ဟုမေး၏။

အဖြေကား။ ။မင်းကြီး အကြင်သူသည် နိဗ္ဗာန်ကိုမရ၊ ထိုမရသော သူသည် နိဗ္ဗာန်တရား ချမ်းသာလှ၏ဟုသိ၏ဟူ၍ ဖြေသော်၊ အရှင်ဘုရား၊ နိဗ္ဗာန်ကို မရဘဲလျက် နိဗ္ဗာန်သည် ချမ်းသာလှ၏ဟု အဘယ့်ကြောင့်သိနိုင်လေသနည်းဟုမေးပြန်၏။

အဖြေကား။ ။မင်းကြီး အသို့ အောက်မေ့သနည်း၊ အကြင်သူတို့အား ဖြတ်အပ်သော လက်ခြေ

ရှိကုန်သည် မဖြစ်ကုန်၊ ထိုသူတို့သည် မင်းကြီး လက်ခြေ၏ ပြတ်ခြင်းသည် ဆင်းရဲ၏ ဟု သိရာမည်လော ဆိုလျှင်၊ အရှင်ဘုရား လက်ခြေ ပြတ်သော် ဆင်းရဲချေ၏ဟု ထိုသူတို့သည် သိလေ ကုန်ရာ၏ဟု ဆိုလျှင်၊ မင်းကြီး ထိုသူတို့အဘယ့်ကြောင့် သိလေကုန်အံ့နည်းဟု မေးပြန်သော် အရှင်ဘုရား လက်ခြေ ပြတ်သောတပါးသူတို့၏ ငိုကြွေးသောအသံကို ကြားရ၍ လက်ခြေပြတ်သော်ဆင်းရဲချေ၏ဟူ၍သိကုန်ရာ၏ဟုဆိုလျှင်၊ မင်းကြီး ထို့အတူ အကြင်ပုဂ္ဂိုလ်မြတ်တို့သည် နိဗ္ဗာန်ကိုမြင်ကုန်၏၊ ထိုနိဗ္ဗာန်ကိုမြင်သောသူတို့၏စကားကို ကြားရ၍ နိဗ္ဗာန်သည် ချမ်းသာလှ၏ဟူ၍ သိ၏ဟူ၍ ဖြေသော်၊ အရှင်ဘုရား သင့်တင့် လျှောက်ပတ်ပေ၏ ဟု ဝန်ခံ၏၊ (နိဗ္ဗာန် ချမ်းသာ စကားနှင့် လက်ခြေပြတ်သောဆင်းရဲစကားကို ဥပမာပြုခြင်းသည် အသဒိသူပမာဖြင့်ပြ၍ ဖြေသည်ဟု ယူဆအပ်သည်။)

**ပြီး၏။**

# အကြောင်းကြောင့် မဖြစ်သော တရား

## နိဗ္ဗာန ပဥှာ

မိလိန္ဒမင်းသည်၊ အရှင်ဘုရား လောကဠကံတရား ကြောင့် ဖြစ်သော တရား တို့ သည် ထင်ကုန်၏၊ အကြောင်းကြောင့် ဖြစ်သော တရား တို့သည်လည်း ထင်ကုန်၏၊ ဥတုကြောင့်ဖြစ်သောတရားတို့သည်လည်း ထင် ကုန်၏၊ လော က ဠ ကံ ကြောင့် လည်း မဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတု ကြောင့်လည်း မဖြစ်သော အကြင် တရားသည် ရှိအံ့၊ ထို တရားကို တကာ တော်အား ဟောကြား ပါလော့ ဟု ဆို၏။ ပါဠိကား—

ဘန္တေ နာဂသေန ဒိဿန္တိလောကေ ကမ္မ နိဗ္ဗတ္တာ၊ ဒိဿန္တိဟေတုနိဗ္ဗတ္တာ၊ ဒိဿန္တိ ဥတု နိဗ္ဗတ္တာ၊ ယံလောကေ အကမ္မဇံ အဟေတုဇံ အနုတုဇံ တံမေအက္ခာဟီတိ။

ဟူ သည် တည်း။ ဘန္တေ နာ ဂ သေ န ထေရ်၊ လောကေ၊လောကဠ။ကမ္မနိဗ္ဗတ္တာ၊ကုသိုလ်အကုသိုလ် ကံကြောင့်ဖြစ်ကုန်သောတရားတို့သည်။ ဒိဿန္တိ၊ထင်

ကုန်၏။ ဟေတုနိဗ္ဗတ္တာ၊ အကြောင်းကြောင့်·ဖြစ်ကုန်သော တရား တို့သည်၊ ဒိဿန္တိ၊ ထင်ကုန်၏။ ဥတုနိဗ္ဗတ္တာ၊ ဥတုကြောင့် ဖြစ်ကုန်သော တရား တို့သည်၊ ဒိဿန္တိ၊ ထင်ကုန်၏။ လောကေ၊ လောက၌၊ ယံ အကမ္မဇံ၊အကြင်ကံကြောင့်ဖြစ်သည်လည်း မဟုတ်သော တရားသည်ရှင်း၊ ယံ အဟေတုဇံ၊ အကြင် အကြောင်းကြောင့်ဖြစ်သည်လည်း မဟုတ်သောတရားသည်ရှင်း၊ ယံ အနုတုဇံ၊ အကြင် ဥတုကြောင့် ဖြစ်သည်လည်း မဟုတ်သော တရားသည်ရှင်း၊ အတ္ထိ၊ရှိရာ၏။ တံ၊ ထိုတရားကို၊ မေ၊ တကာတော်အား။ အက္ခာဟိ၊ ကြားတော်မူပါလော့၊ ဣတိ၊သို့၊ ပုစ္ဆိ၊ မေး၏။

အဖြေကား။ ။မင်းကြီး၊ လောက၌ ကံတရားကြောင့်လည်းမဖြစ်၊ အကြောင်းကြောင့်လည်း မဖြစ်၊ ဥတုကြောင့်လည်း မဖြစ်သော တရားတို့သည် ၂နှစ်ပါးတို့တည်း။ နှစ်ပါးဟူသော်ကား၊ (၁) မင်းကြီး ကောင်းကင်သည် ကံကြောင့်လည်းမဖြစ်၊အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်း မဖြစ်၊ (၂) နိဗ္ဗာန်သည် ကံကြောင့်လည်း မဖြစ်၊ အ ကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ်၊မင်းကြီး ၂နှစ်ပါးသော တရားတို့သည် တစုံ တခုသော အကြောင်းကြောင့် မဖြစ်ကုန်၊ အဖြေပါ၌ကား။

ဒွေမေ မဟာရာဇ လောကသ္မိံ အကမ္မဇာ အဟေတုဇာ အနုတုဇာ၊ ကတမေဒွေ အာကာသော မဟာရာဇ အကမ္မဇော ဟေတုဇော အနုတု ဇော၊ နိဗ္ဗာနံ မဟာ ရာဇ အကမ္မဇံ၊ အဟေတုဇံ၊ အနုတုဇံ၊ ဣမေ ဒွေ မဟာရာဇ အကမ္မဇာ၊ အဟေတုဇာ၊ အနုတုဇာတိ။

ဟူသည်တည်း၊ မဟာရာဇ၊ မင်းကြီး။ လောကသ္မိံ၊ လောက၌။ ဣမေဒွေ၊ ဤ နှစ်ပါးသော တရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်ကုန်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်။ အနုတုဇာ၊ ဥတုကြောင့်လည်း မဖြစ်ကုန်။ ကတ မေ ဒွေ၊ အဘယ် နှစ်ပါးတို့နည်း ဟူမူကား။ မဟာရာဇ၊ မင်းကြီး။ အာကာသော၊ ကောင်းကင်သည်။ အကမ္မဇော၊ ကံ ကြောင့်လည်း မဖြစ်။ အဟေတုဇော၊ အကြောင်းကြောင့်လည်း မဖြစ်။ အနုတုဇော၊ ဥတု ကြောင့်လည်း မဖြစ်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အကမ္မဇံ၊ ကံကြောင့်လည်း မဖြစ်။ အဟေတုဇံ၊အကြောင်းကြောင့်လည်းမဖြစ်။အနုတုဇံ ဥတုကြောင့်လည်း မဖြစ်။ မဟာ ရာဇ၊ မြတ်သော မင်းကြီး။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤ တရားတို့သည်။ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်

ကုန်၊ အပဟေတုဇော၊ အကြောင်းကြောင့်လည်း မဖြစ်ကုန်။ အနုတုဇော၊ ဥတုကြောင့်လည်းမဖြစ်ကုန်။ ဣတိ၊ ဤသို့မြွက်တော်မူ၏။

အရှင်ဘုရား၊ မြတ်စွာဘုရား စကားတော်ကို မချေမဖျက်ဆီး ပါလင့်၊ မသိဘဲလျက် ပြဿနာကို မကြားမဖြေ ပါလင့်ဟု ဆိုသော်၊ မင်းကြီးသည် အဘယ်ကြောင့် ဤသို့သော စကားကို ဆိုလေသနည်း၊ နိဗ္ဗာန်တရားသည် ကံကြောင့် မဖြစ်၊ အကြောင်းလည်း မရှိ၊ ဥတုကြောင့်လည်း မဖြစ်၊ ကောင်း ကင် သည် လည်း၊ ကံကြောင့် မဖြစ်၊ အကြောင်းလည်း မရှိ၊ ဥတုကြောင့်လည်း မဖြစ်ဟူ၍သာ ဤစကားကို ဆိုခြင်းသည် သင့်တင့် လျောက်ပတ်၏ဟု ဆိုသော်၊ အရှင်ဘုရား၊ များစွာသော အကြောင်းတို့ဖြင့် ဘုရားရှင်သည် တပည့်တော် တို့အား နိဗ္ဗာန်ကို မျက်မှောက် အာရုံပြုစေခြင်းငှါ ဟောတော် မူအပ်၏ တကား၊ ထိုသို့လျက် အရှင်ဘုရားသည် နိဗ္ဗာန်သည် အကြောင်းတရား မရှိဟူသော ဤစကားကို ဆိုပြန်တကား၊ထို့ကြောင့်ဆရာတော်သည်မြတ်စွာဘုရားစကားတော်ကိုမချေပါလင့်၊ မဖျက်ဆီးပါလင့်၊ မသိဘဲလျက် ပြဿနာကို မဖြေပါလင့်ဟု ဆိုသည်ဟုဆို၏။ မင်းကြီး မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တပည့်တော်တို့အား နိဗ္ဗာန်ကိုမျက်မှောက်အာရုံပြုစိမ့်သောငှါအကြောင်း

တရားကို ဟောတော် မူအပ်သည် မှန်၏၊ နိဗ္ဗာန် တရားသည် အကြောင်းကိုဖြစ်စိမ့်သောငှါဟောတော် မမူအပ်ဟု ဆိုသော်—

ထိုစကားကို မိလိန္ဒ မင်းသည် ထွေးရှုပ် လှသောကြောင့် မေးပြန်၏။

အရှင်ဘုရား တကာတော် တို့သည် နိဗ္ဗာန်ကို မျက်မှောက် ပြုစိမ့်သောငှါ အကြောင်း တရားသည် ရှိ၏၊ ထို နိဗ္ဗာန် အကြောင်း တရား သည် မရှိ ဟူ သော ဤစကားကို တကာတော်သည်အမိုက်တိုက် တခုထက် အထူးသဖြင့် အမိုက်သို့ ဝင်ကုန်၏၊ တကာတော်သည် တောတခုမှသည် တောတခု၏ အတွင်းသို့ ဝင်ပြန်ခဲ့၏ တကား၊ ချုံ ပိတ်ပေါင်း တခုမှသည် ချုံ ပိတ်ပေါင်း တခုသို့ ဝင်ပြန်ခဲ့၏ တကား။

အရှင်ဘုရား အကယ်၍ နိဗ္ဗာန်ကို မြင်စိမ့်သောငှါ အကြောင်း တရားသည် ရှိ၏၊ ထိုအကြောင်းကိုလည်း အလိုရှိအပ်၏ဟု ဆိုပြန်ခဲ့၏။

အရှင်ဘုရား ဥပမာသော်ကား သားအား အဘသည် ရှိ၏၊ ထို အကြောင်းကြောင့် အဘအားလည်း အဘကို တဖန် အလိုရှိအပ် သကဲ့သို့ငှင်း၊ တပည့်အား ဆရာသည် ရှိ၏၊ ထို အကြောင်း ကြောင့် ဆရာအား လည်း ဆရာကို အလိုရှိအပ် သကဲ့သို့ငှင်း၊ သစ်ပင်၏

အညွန့်အား မျိုးစေ့သည်ရှိ၏၊ ထို အကြောင်းကြောင့် တဘန် မျိုးစေ့ အားလည်း မျိုးစေ့ကို အလိုရှိအပ် သကဲ့သို့ငှါး၊ ထိုအတူ အရှင်ဘုရား နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ အကြောင်းသည် အကယ်၍ ရှိအံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန် အားလည်းအကြောင်း ကို စွဲ၍ အလိုရှိအပ်ပါ၏ တကား၊ အရှင်ဘုရား၊ ဥပမာ သော်ကား၊ သစ်ပင်၏ငှါး၊ နွယ်၏ငှါး၊ အဖျားသည် ရှိပါသော် ထို အဖျား ဟူသော အကြောင်း ကြောင့် အလယ် သည်လည်း ရှိသကဲ့သို့၊ အရင်း သည်လည်း ရှိသကဲ့သို့၊ အရှင်ဘုရား၊ ထိုအတူ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ အကြောင်းတရားသည် ရှိ၏၊ ထိုသို့ အကြောင်း ရှိသောကြောင့် နိဗ္ဗာန်အား အကြောင်း ကို စွဲလမ်း၍ ဖြစ်၏ဟု ယူခြင်းငှါလည်း အလိုရှိကောင်း ပါ၏ တကားဟု ဆိုသော်၊ မင်းကြီး၊ နိဗ္ဗာန်သည် အကြောင်း မရှိသော တရားမည်၏၊ နိဗ္ဗာန် အား အကြောင်းကို စွဲ၍ ဖြစ်၏ဟု ဟောတော်မမူ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမူကားရှိ၏၊ ထိုသို့ရှိသော်လည်း နိဗ္ဗာန် တရားအား အကြောင်း တရား မရှိ ဟု ဆို၍၊ မင်းကြီး၊ သင် မင်းကြီးသည် ရိုသေစွာ နားထောင် လော့၊ ကောင်းစွာ နားထောင်လော့၊ ထို စကား၌ အကြောင်းကို ငါဟောအံ့၊ မင်းကြီး၊ယောကျ်ားသည် ပြကတေ့သောအား အစွမ်းဖြင့် ဤအရပ်မှ ဟိမဝန္တာ

တောင် မင်းသို့ ချဉ်းကပ်အံ့သောငှါ တတ်နိုင်ကောင်း အံ့လောဟု ဆိုသော်၊ အရှင်ဘုရား၊တတ်နိုင်ကောင်း၏ ဆိုလျှင်၊ မင်းကြီး ထိုယောကျ်ားသည် ပြကတေ့သော အစွမ်း သတ္တိအားဖြင့် ဟိမဝန္တာတောင် မင်းကို ဤ အရပ်သို့ ဆောင်ယူခြင်းငှါ တတ်နိုင်ကောင်းအံ့လော ဟု ဆိုသော် ဟိမဝန္တာ တောင်မင်းကို ဤ အရပ်သို့ ဆောင် ခြင်း ငှါ မတတ်နိုင်ချေဟု ဆိုလျှင် မင်းကြီး ထိုအတူ နိဗ္ဗာန်ကို အာရုံ မျက်မှောက် ပြုခြင်းငှါ အကြောင်း တရားကို ဟောတော် မူအံ့သောငှါ တတ် နိုင် ကောင်း၏။ နိဗ္ဗာန်အား အကြောင်းကို စွဲလမ်း၍ အကြောင်းရှိ၏ဟု ဖြေခြင်းငှါ မတတ်နိုင်ရာ၊ မင်းကြီး ဥပမာ တနည်းသော်ကား၊ ယောကျ်ားသည် ပြကတေ့ သောအား အစွမ်းဖြင့် မဟာသမုဒ္ဒရာကိုလှေဖြင့်ကူး၍ ထိုမှာဘက်ကမ်းသို့ ကူးသွားခြင်းငှါ တတ်ကောင်းအံ့ လောဟု ဆိုသော် အရှင်ဘုရား၊ တတ်ကောင်း၏ဟု ဆို လျှင်၊မင်းကြီးထိုယောကျ်ားသည်ပြကတေ့သောအား ဖြင့် မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှါ တတ်နိုင်အံ့ လောဟု ဆိုပြန်သော်၊ အရှင် ဘုရား မဟာ သမုဒ္ဒရာ၏ ထိုမှာ ဘက်ကမ်းကို ဤအရပ်သို့ ဆောင်ခြင်းငှါမတတ်နိုင်ရာ ချေဟုဆိုလျှင်၊ မင်းကြီး နိဗ္ဗာန်ကို အာရုံ မျက်မှောက် ပြုခြင်းငှါ အကြောင်း တရားကို ဟောတော် မူအပ်၏၊ နိဗ္ဗာန်

အသား အကြောင်းကို ခွဲလမ်း၍ ပြုခြင်းငှါ မဟုတ်နိုင်ရာ၊ မင်းကြီး အဘယ့်ကြောင့်နည်း ဟူမူကား၊နိဗ္ဗာန်တရား သည် အသင်္ခတ တရား ဖြစ် သော ကြောင့် တည်းဟု ဆိုသော် အရှင်ဘုရား၊ နိဗ္ဗာန်သည် ကံ၊ စိတ်၊ ဥတု၊ အဟာရ လေးပါး တို့သည် မပြုပြင် အပ်သည် ဖြစ်၍ အသင်္ခတ မည်သလောဟု ဆိုသော်၊ မင်းကြီး နိဗ္ဗာန် သည် အသင်္ခတခ်တ် မည်သည် ဟုတ်၏၊ မင်းကြီး နိဗ္ဗာန်ကို တစုံတယောက်သော သူသည် ပြုအပ်သော တရား မဟုတ်၊ မင်းကြီး နိဗ္ဗာန်တရားကို ဥပ္ပန္နတရား ဟူ၍ငင်း၊ အနုပ္ပန္နတရား ဟူ၍ငင်း၊ ဥပါဒိယ တရား ဟူ၍ငင်း၊အနုပါဒိယ တရား ဟူ၍ငင်း၊ အတိတ်တရား၊ အနာဂတ် တရား၊ ပစ္စုပ္ပန် တရား ဟူ၍ငင်း၊ စက္ခု ဝိညာဉ်၏ အာရုံဟူ၍ငင်း၊ သောတ ဝိညာဉ်၏ အာရုံ ဟူ၍ငင်း၊ ဃာနဝိညာဉ်၏ အာရုံ ဟူ၍ငင်း၊ ဇိဝှာ ဝိညာဉ်၏ အာရုံ ဟူ၍ငင်း၊ ကာယ ဝိညာဉ်၏ အာရုံ ဟူ၍ငင်း၊ မဆိုအပ်ချေဟု ဆိုပြန်သော်၊ အရှင် ဘုရား အကယ်၍နိဗ္ဗာန်သည် ဥပ္ပန္နဓမ္မလည်းမဟုတ်၊အနုပ္ပန္န ဓမ္မလည်းမဟုတ်၊ဥပါဒိယ ဓမ္မလည်း မဟုတ်၊ အနုပါ ဒိယ ဓမ္မလည်း မဟုတ်၊ အတိတ် တရား၊ အနာဂတ် တရား၊ ပစ္စုပ္ပန် တရားလည်း မဟုတ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ကာယ၊ ဝိညာဉ်တို့၏ အာရုံလည်းမဟုတ် သည် ဖြစ်အံ့၊ ထိုသို့ တပြီးကား၊ အရှင်ဘုရား တို့သည်

နိဗ္ဗာန် တရားမရှိ၊ နိဗ္ဗာနဓမ္မ မရှိဟု ထင်တော် မူကုန်သလောဟု ဆိုသော်၊မင်းကြီး နိဗ္ဗာန်သည် ရှိ၏၊နိဗ္ဗာန်သည် မနောဝိညာဏဓာတ်၏ အာရုံဖြစ်၏၊ စင်ကြယ်သန့်ရှင်းသော၊မွန်မြတ် ဖြောင့်မတ် စွာသော၊နီဝရဏကင်းသော၊ အာမိသ မရှိသော စိတ်ဖြင့် ကောင်းစွာကျင့်သော အာရိယာတို့၏ တပည့် သားတော်သည် နိဗ္ဗာန်ကို မြင်၏ဟု ဆိုသော်၊ အရှင်ဘုရား ထိုနိဗ္ဗာန်သည် အဘယ်အရပ်၌ ရှိလေသနည်း။

ထင်ရှားစွာ မပြအပ်သော နိဗ္ဗာန်ကို ဥပမာအကြောင်းတို့ဖြင့် တကာတော်အား သိပါစေလော့ဟုဆိုလျှင်၊ မင်းကြီး လောက၌ ဝါယောဓာတ်ဟုဆိုအပ်သောလေသည် ရှိ၏လောဟု ဆိုသော်၊ အရှင်ဘုရား ဝါယောဓာတ်ဟု ဆိုအပ်သောလေသည် ရှိ၏ဟုဆိုလျှင်၊မင်းကြီး ထိုဝါယောဓာတ်လေကို အဆင်းသဏ္ဌာန် အငယ် အကြီး အရှည် အတို ရှိသည်၏အဖြစ်ကို ပြပါလော့ဟု ဆိုသော်၊ အရှင်ဘုရား ဝါယောဓာတ်လေကို အဆင်းသဏ္ဌာန် အတို အရှည်အားဖြင့် ပြခြင်းငှါ မဘတ်ကောင်းနိုင်ချေ။ ထိုဝါယောဓာတ် လေကို လက်ဖြင့် ကိုင် ခြင်း သည် ၎င်း၊နှိပ်နယ်ခြင်း သည်၎င်း၊ မတတ် နိုင် ရာချေ။ စင် စစ်သော်ကား၊ဝါယောဓာတ်သည် တရားကိုယ်အားဖြင့်ထင်ရှားစွာ ရှိပေ၏ ဟုဆိုလျှင်၊ မင်းကြီး ဝါယော

ခေတ်ကို ပြခြင်းငှါ မတတ်ကောင်းသော်၊ ဝါယော ခေတ် မရှိဟူသော အနက်သည် ရောက်ခဲ့၏တကားဟု ဆိုလျှင်၊ အရှင်ဘုရား ဝါယောခေတ်သည် ရှိပါ၏၊ တကာတော်သိပါ၏။ တကာတော်၏ နှလုံး၌ အစဉ် အတိုင်း အနက် အဓိပ္ပါယ် ဝင်ပေပြီ။ တကာတော် သည် ထိုဝါယောခေတ်ကို ပြခြင်းငှါ မတတ်နိုင်ချေဟု ဆိုလျှင်၊ မင်းကြီး ထိုကဲ့သို့ဂင်း နိဗ္ဗာန် တရားသည် ရှိ၏။ နိဗ္ဗာန်တရား၏ အဆင်းသဏ္ဌာန် အငယ်အကြီး အရှည် အတိုကို ပြခြင်း ညွှန်းခြင်းငှါ မတတ်နိုင်ဟု ဆိုသော်၊ အရှင်းဘုရား ကောင်းလှပေ၏။ ထိုနိဗ္ဗာန် ရှိကြောင်းကို ကောင်းစွာ ပြအပ် ညွှန်အပ် ပေပြီ။ အကြောင်း ယုတ္တိကိုလည်း ဥပမာဖြင့် ပြတော်မူအပ် ပေ ပြီ။ ဤစကားကို အရှင်ဆိုတိုင်း တကာတော် ဝန်ခံပါ၏ဟု ဝန်ခံလေသည်။

(အဓိပ္ပါယ်ကား။ ။မိလိန္ဒ မင်းသည် နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို ဘုရားရှင် ဟော တော် မူ အပ်၏။ ထိုအကြောင်းကြောင့် နိဗ္ဗာန်သို့ ရောက်၏ဟု အယူရှိ၍မေးသည်။ အရှင်နာဂသေန မထေရ်မူကား၊ ဘုရားသည် နိဗ္ဗာန်သို့ရောက်ကြောင်းတရားကိုမူကား ဟောတော်မူအပ်သည် မှန်၏။ နိဗ္ဗာန်သည်အသင်္ခတ တရား၊ အပ္ပစ္စယတရားဖြစ်၍ အကြောင်း အထောက် အပံ့ပစ္စည်း တရားမရှိဟု ဖြေတော်မူသည်။ ခပ်သိမ်း

သော အလောင်း သူတော်ကောင်း တို့သည် ဒါန သီလ အစရှိသောကုသိုလ်ကို ပြုကြကုန်၏။ ထိုကုသိုလ်တို့သည် အဘယ်သို့သောတရားကို အထောက် အပံ့ ပြုကုန်လေသနည်း ဟူမူကား၊ ဆည်းပူး အပ်သော ကာမာဝစရ ကုသိုလ်သည် သောတာ ပတ္တိ မဂ်၏ ဝေါဒါန်ကြဘူ, အထက် သုံးခုတို့၏ ဓမ္မ ဝေါဒါန် တိုင်အောင် လောကုတ္တရာမဂ်ဖိုလ်တို့ကို ပကတူပနိဿယ အစရှိသော ပစ္စည်းအထောက်အပံ့ပြု၍ ထိုသို့ ဆည်းပူး အပ်သော ကာမာဝစရ ကုသိုလ်သည် လောကုတ္တရာ မဂ်ဖိုလ်တို့အား အ ကြောင်း ပစ္စည်းဖြစ်၍၊ လော ကု တ္တ ရာ မဂ် တို့ သည် အ ကျိုး ပစ္စ ယုပ္ပန် အကြောင်း အကျိုး ဖြစ်ကြလေသည် ရှိသော်၊ ထိုမဂ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန် တရားသည် အသင်္ခတ အပစ္စယ အကြောင်း တရားနှင့်ကင်း၍ ဖြစ်လေသော ကြောင့် နိဗ္ဗာန်သည် အကြောင်းမရှိ၊ အကြောင်းနှင့် ကင်းသောတရားဖြစ်လေတော့သည်ဟု ယူအပ်သည်။ ဤစကား၌ အဓိပ္ပါယ် အလွန်ခဲခက်သည်ထက် ခက်ခဲလှ၏။ သဘောကို ရှေ့နောက် ထောက်ချင့်၍ ယူလေ ဤကား စကားချပ်)။

[ နိဗ္ဗာန်ကို အာရုံပြုနိုင်ရန်နှင့် ဘော်ပြအံ့သော နိဗ္ဗာန် အကြောင်းစာ များကို ယှဉ်တွဲ နှလုံး ပြု နိုင် ရန် မိလိန္ဒပဉှာ ကျမ်းမှ ထုတ်နှုတ် ဘော်ပြပါသည်။]

အဂ္ဂမဟာ သေနာပတိ

**ဝန်ရှင်တော် မြစ်ကွေးမြို့စား**

# ရွှေပြည်ဝန်ကြီးမင်း

မင်းသတိုးမင်းကြီး

**မင်းလှမဟာမင်းခေါင်သီဟသူ**

ရေးသား ပြုစုသော

# နိဗ္ဗာန် အကြောင်း

သက္ကရာဇ် ၁၂၃၁-ခု၊
ပြာသိုလပြည့်ကျော် ၄-ရက်နေ့
ကျမ်းပြီး၏။



အဂ္ဂမဟာသေနာပတိ

ဝန်ရှင်တော် မြစ်ကွေးမြို့စား၊ ရွှေပြည်ဝန်ကြီးမင်း

# နိဒါန်း။

မန္တလေး ရတနာပုံ နေပြည်တော်ကြီးကို ရှေးဦး လက်မွန်၊ တည်ထောင် ဖန်ဆင်းတော်မူသော ပဥ္စမ သင်္ဂါယနာတင် အသျှင် နတ်ပြည်စံ ဘ၀ ရှင် မင်းတရားကြီး ဘုရား၊ သားရင်း အမှတ်ဖြင့် ငယ်ရွယ်စဉ် အခါကပင်၊ ကောက်ယူမွေးစား၊ သနားချီးမြှောက် စောင့်ရှောက်ပြုစု တော်မူခြင်းကို ခံရသော၊ ဘိုး ရွှေပြည်ဝန် လက်ဝဲ ဝင်းတော်မှူး။ အဘ ရေနံချောင်း မြို့စားယင်းတော၀န်ကြီးမင်း၊ သတိုးမင်းလှကျော်ထင် အမိ၀န်ကြီးကတော်မယ်ငြိမ်းတို့၏သားမင်းတရားကြီး ဘုရားလက်ထက်တော်တွင်၊အတွင်းသေနာပတိရာထူး နှင့်ချီးကျူးမြှောက်စားခြင်း၊ သားတော် မာရ်အောင် ရတနာ စေတီတော် ဒါယကာ မင်းတရား လက်ထက်တော်တွင်လည်း အဂ္ဂမဟာသေနာပတိဝန် ရှင်တော် မကွေးမြို့စား၊ မင်းသတိုးမင်းကြီး မင်းလှ မဟာမင်းခေါင် သီဟသူ ဘွဲ့နှင့်၊ ရွှေပြည်ဝန်ကြီးမင်း ရာထူး တို့ဖြင့်၊ မင်း၏မြှောက်စားခြင်းကို ခံရသော ရွှေပြည် ဝန်ကြီးသည် ပညာရှိ ပြီသစွာ ပြုစု တည်ထွင် စီရင် ရေးသားသောကျမ်းများမှာ——

၁။ ပဌမ သင်္ဂါယနာတင် မင်းတရား တောင်း ပန်၍ ရေးသော အဿဘေဒ မြင်းကျမ်း။

၂။ လိပိဒီပိကာကျမ်း။

၃။ သမသနညာဏ် ပွါးများနည်း အကျယ် စာတန်း။

၄။ အင်္ဂလိပ် ဘာသာမှ ပြန်၍ ရေးသော အခိုး အပြား တွက်နည်း အက္ခရာသင်္ချာ ကိန်းပုံ။

၅။ အိမ်ရှေ့မင်း တောင်းပန်၍ ရေးသော လိလာ ဝတီ ဂဏန်းကျမ်းကြီး။

၆။ ပုခန်းဝန်ကြီး တောင်းပန်၍ရေးသောမဟာ သမတ တဆယ့် တစ်ပါး နှင့် ကပ် အဆုံး အဖြတ် ကပ္ပဝိနိစ္ဆယကျမ်း။

၇။ စလင်း စုဘုရား မင်းသမီး တောင်းပန်သော ကာယာနုပဿနာ ကျမ်းကြီး။

၈။ အရာကျနေစဉ် ရေးသော ဝိမုတ္တိရသကျမ်း။

၉။ သံတော်ကြီး ဖယ်ရာသခင် တောင်းပန်၍ ရေးသော သာဝုနယ တရားအဖြေ။

၁၀။ ကင်မတ္တရီ အင်္ဂလိပ် ဘာသာ ခေတ်ကျမ်း ကြီးကို၊ မြန်မာ ပြန်၍ ရေးသော ၆၄-ပါး သော ခေတ်ကျမ်း။

၁၁။ သီပေါ မင်းတရား တောင်းပန်၍ ရေးသော ရာဇဓမ္မသင်္ဂဟကျမ်း။

၁၂။ ရာဇဝင်ချုပ် စာတန်း။

၁၃။ သိင်္ဂါလောဝါဒသုတ်နိသျ။

၁၄။ သိင်္ဂါလောဝါဒသုတ်အဘွင့်။

၁၅။ အဂ္ဂတ္တိရသေ့ဇာတ်နိသျ။

၁၆။ သင်္ဇာ ဆရာတော်ကြီး နှင့် တံဆိပ်ရ ဆရာတော် ရှစ်ပါးတို့ တောင်းပန်၍ ရေးသော သဒ္ဒသင်္ဂဟသဒ္ဒါကျမ်းကြီးပါဌ်။

၁၇။ ဥတုဘောဇန ဆေးကျမ်း။

၁၈။ နဝသိဒ္ဓန္တလက်ရိုးကျမ်းကြီး။

၁၉။ မဟာသုဇာတက အဖော်ကျမ်း။

၂၀။ သေနတ်ဝန်ကြီးမင်းတောင်းပန်၍ရေးသော သုဗောဓာလင်္ကာရ အလင်္ကာနိသျ။

၂၁။ ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီး ဘုရားကို ရေး၍ ဆက်သော နိဗ္ဗာန် အကြောင်း စာတန်း။

ထိုဆိုခဲ့သော ကျမ်းများအနက်၊ ကျွန်ုပ်တို့မြန်မာ့ဩဘာစာပုံနှိပ်တိုက်က၊ ဤနိဗ္ဗာန်အကြောင်းစာတမ်းတစောင်ကို သီလ၊သမာဓိ၊ပညာ၊ သိက္ခာ သုံးပါးနှင့် ရတနာသုံးပါးဂုဏ်ကိုညွှတ်လျက်၊ ဝဋ်မှထွက်မြောက်လိုသော ပညာရှိ သူတော်ကောင်း တို့၏ အကျိုးငှါ၊ အကျွရာပုဒ်ပါငြ်၊ သေသပ်ကျနာ၊ လှပကောင်းမွန်စွာနှင့် ပုံရိုက် လုပ်ဆောင် လိုက်ပါကြောင်း၊ ၎င်းစာကို ဆရာတခု၊မှိုငြမ်းပြုရှ်၊ငြစ်ကျူ၊ကိလေ၊များထွေထွေကို၊ မဂ်ရေ ဆွတ်ပြီး၊ တရား မှိုး၍၊ အားကြီးလှစွာ၊ အညာဝါမှ၊ မြန်စွာတက်လှမ်း၊တဘက်ကမ်းသို့၊မဂ်နန်းစံကြနိုင်စေသောဝ်။

[၁၂၆၇ ခု၊ နဝ္တော်လတွင်, ရန်ကုန်မြို့ (ဂေါ်ဒဝင်လမ်း) လမ်းမတော် မြန်မာ့ဩဘာ စာပုံနှိပ်တိုက် ဆရာ မောင်ပန်းဦး, နာမည်နှင့် ရိုက်နှိပ်သော စာအုပ်မှ နိဒါန်းကို မူအတိုင်း ဘော်ပြပါသည်။]

# နိဗ္ဗာန်

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း တရား လေးပါးတို့သည် မပြုပြင်အပ်သော၊ မုချ ဆတ်ဆတ် မဂ်ဖိုလ် တို့ ၏ အာရုံသာ ဖြစ်သော၊ ကိလေသာ၏ ငြိမ်းရာ ငြိမ်းကြောင်း ဖြစ်သော၊ ငြိမ်းချမ်း ခြင်း သဘောသည် နိဗ္ဗာန်မည်၏။ ထို့ ကြောင့် **နိဗ္ဗာနံ မဂ္ဂဖလာန မာ လမ္ဗဏာ ဘူတော အသင်္ခတ ဓမ္မော ဟူ၍၎င်း၊ သန္တိ လက္ခဏံ နိဗ္ဗာနံ** ဟူ၍၎င်း၊ ကျမ်း ဆရာတို့ မိန့်ကြကုန်၏။

ခပ်သိမ်းသော တရားတို့သည် သင်္ခတ၊ အသင်္ခတ ဟူ၍ နှစ်ပါး ရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်သော နာမ်ရုပ်တရား ဟူသမျှတို့သည် သင်္ခတ ဓမ္မ မည်၏။ ဤအကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော နိဗ္ဗာန်သည် အသင်္ခတဓမ္မ မည်၏။ ထို့ကြောင့် **သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ၊** ဟူ၍ ဟောတော်မူရာနိုက်။ သင်္ခါရ

အရသည် သန္တ ဓမ္မ ဖြစ်၏။ ဓမ္မအရကို၊ သတင်္ခ အသင်္ခတ နှစ်ပါးလုံးကို ကျုံး၍ယူရာ နိဗ္ဗာန် ပါဝင် လေသောကြောင့်၊ အနုတ္တ သဘော အသင်္ခတ ဓမ္မ ဖြစ်၏။

တနည်း ခပ်သိမ်းသော တရားတို့သည် အာရုံ၊ အာရမ္မဏိက ဟူ၍ နှစ်ပါး ရှိ၏။ ဝတ္ထု ရုပ်ကို မှီ၍ ဖြစ်သော နာမ်တရား၏ စွဲလမ်းရာ ကျက်စားရာသည် အာရုံမည်၏။ ထိုအာရုံကိုစွဲ၍၊ ဝတ္ထု ရုပ်ကို မှီ၍ ဖြစ်ခြင်းသဘောသည် အာရမ္မဏိကမည်၏။ ထိုအာရုံ အာရမ္မဏိကနှစ်ပါးတို့တွင် နိဗ္ဗာန်သည် ဓမ္မာရုံနှိုက် အကျုံး ဝင်၏။ ထို့ကြောင့် နိဗ္ဗာန် မဂ္ဂဖလာနမ လမ္ဗဏာ ဘူတော အသင်္ခတ ဓမ္မော၊ ဟူ၍ဆိုအပ်၏။ ဤနိဗ္ဗာန်သည် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာတရားမျိုးတို့တွင် လောကမှ ထိုမှာဘက် ဖြစ်သော၊ လောကကို လွန် မြောက်သော၊ လော ကုတ္တရာ တရား ကိုးပါးနှိုက် အကျုံး ဝင်၏။ ဒုရ၊ အာသန္န၊ ဟီန၊ ပဏီတ၊ သုခုမ၊ သြဠာရိက အစ ရှိသော အပြား မရှိသောကြောင့်၊ နိဗ္ဗာန်ကို ခန္ဓာ မဘွဲ့အပ်။ ။

**ဂေါတြဘူ စိတ်သည် နိဗ္ဗာန်ကို အာရုံ ပြုနိုင် သော်လည်း မဂ်စိတ်ကဲ့သို့ ကိလေသာကို မသတ် နိုင်။ ဖိုလ်စိတ်ကဲ့သို့ ကိလေသာကို မငြိမ်းစေနိုင်**

ရကား၊ ဝေါကြွာဘူ စိတ်၏အာရုံဟူ၍မဆို၊ မဂ်ဖိုလ် တို့၏ အာရုံဟူ၍သာ မုချအားဖြင့် ကျမ်းဆရာတို့ ဆိုတော်မူကုန်၏။

နိဗ္ဗာန်ဟူသည် ကိလေသာ ကုန်ခြင်း၊ ငြိမ်းခြင်း မဟုတ်၊ ကိလေသာ၏ ကုန်ရာကုန်ကြောင်း၊ ငြိမ်းရာ ငြိမ်းကြောင်း အာရုံဖြစ်၏။ နာမ်တရားတို့ မည် သည်။ အာရုံနှင့်ကင်း၍ မဖြစ်နိုင်။ မဂ်ဉာဏ်ဖိုလ် ဉာဏ် ဟူသော နာမ်တရားသည် နိဗ္ဗာန် ဟူသော အာရုံကို မှီ၍စွဲ၍၊ ကိလေသာကို ကုန်စေ ငြိမ်းစေ သောကြောင့်၊ ကိလေသာ ကုန်ရာ ကုန်ကြောင်း ကား နိဗ္ဗာန်မည်၏။ ထို့ ကြောင့် ကိလေသာ ကုန်ခြင်း ငြိမ်းခြင်း ကား၊ မဂ်၊ ဖိုလ်၊ ကိလေသာ ကုန်ရာ ကုန်ကြောင်းကား နိဗ္ဗာန် ဖြစ်၏။

ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ ကိလေသာ ကုန် ပြီးသော ပုဂ္ဂိုလ်တို့၏ စုတိဖြစ်သော ဘဝပရိယော သာန၊ သမုစ္ဆေဒ မရဏာသည် နိဗ္ဗာန် မဟုတ်၊ ပရိ နိဗ္ဗာန်သာ မည်၏၊ ထိုကြောင့် **ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ၊ ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ တေခီဏာ ဗီဇာ အဝိရုဠိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ** ဟူ၍ သဃ်ာတော် ဂုဏ်နှိုက် ပရိနိဗ္ဗာန်ကို ဟောတော်မူ၏၊

ထိုကိုလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မဂ်ချမ်းသာ ဖိုလ်ချမ်းသာကိုသာ ခံစား၍ အလွန် ချမ်းသာရကား ကြာမြင့်စွာ အသက် ရှည် ခြင်းကို အလိုရှိအံ့လော၊ ပရိနိဗ္ဗာန်ပြုသည် ကာလ ဆီးမီးငြိမ်းသကဲ့သို့ တဘန်မဖြစ် ပျောက်ပျက် ခဲငြိမ်း ရကား သေခြင်းကို အလိုမရှိ အံ့လော သို့မဟုတ် ခန္ဓာဝန်ကို ရွက်ဆောင် ရသောကြောင့် အိုခြင်းနာခြင်းဖြစ်ရကားသေခြင်းကိုအလိုရှိအံ့လော ဟူငြားအံ့၊ အသက်ရှည်ခြင်း သေခြင်း နှစ်ပါးကိုပင် အလိုမရှိ၊ ရှေးရှေး ဘဝက ပြုခဲ့သော ကံ၏ အကျိုးဖြစ်သော ခန္ဓာ၏ကုန်ခြင်း ပျောက်ခြင်း အချိန်ကာလကိုသာ စောင့်၏၊ ထိုကြောင့် **နာဘိ နန္ဒာမိ မရဏံ၊ နာဘိ နန္ဒာမိ ဇီဝိတံ၊ ကာလဉ္စ ပဋိကင်္ခါမိ၊ ဝေတ္တနံ ဘဋ္ဋကော ယထာ** ဟူ၍ အရှင် သာရိပုတ္တရာ ဟောတော် မူသည်။

**[ဤကား အထူး]**

ခပ်သိမ်းသော သင်္ခါရဖြစ်သော သင်္ခတဓမ္မဟူသမျှသည် အနိစ္စ သဘော၊ ဒုက္ခသဘောဖြစ်၏၊ **နိဗ္ဗာန်ဟူသော အသင်္ခတ ဓမ္မသည်၊နိစ္စသဘော၊သုခသဘောဖြစ်၏၊** သင်္ခါရဖြစ်သော သင်္ခတဓမ္မသည် အစိုးမရ၊ အလိုသို့ မလိုက်သောကြောင့် အတ္တမဟုတ် အနတ္တဖြစ်သော်လည်း၊ အသင်္ခတဓမ္မ နိဗ္ဗာန်သည် အနတ္တ၏

ဆန့်ကျင်ဘက် အတ္တ မဟုတ်၊ အနတ္တပင် ဖြစ်၏၊ ထိုကြောင့် သင်္ခတ၊ အသင်္ခတ၊ တရားနှစ်ပါးလုံးကို ကျုံး၍ ယူခြင်းငှါ သဗ္ဗေဓမ္မာ အနတ္တာ ဟူ၍ ဟော တော်မူ၏။

ပြည့်စုံခြင်း ဂုဏ်ဟူသော သမ္ပတ္တိ ရသအားဖြင့် နိဗ္ဗာန်သည် မအို,မသေ,မပြောင်းမရွှေ့, မပျက်မစီး, အစ္စုတိရသ ရှိငြားသော်လည်းအစိုးရသောလောက ကိုဘန်ဆင်းပြုပြင်နိုင်သောဣဿရိယ၊နိမ္မာန၊လောက ကတ္တား မဟုတ်သောကြောင့် မအို,မသေ,မပျက်မစီး လောကကိုဘန်ဆင်းသည်ဆိုသောမိစ္ဆာအယူရှိသော သူတို့၏ ဘုရားလည်းမဟုတ်။

မပျက်မစီး,မပြောင်းမရွှေ့ တည်သော ကောင်း ကင် ပညတ် အနုမြူ တို့သည်လည်း ဣဿရိယဂုဏ်၊ လောကကို ဘန်ဆင်းခြင်း လောက ကတ္တား မဟုတ် သောကြောင့် နိဗ္ဗာန် မည်သင့်သည် ဟူငြား သော် လည်းကိလေသာကိုမငြိမ်းစေနိုင်၊ကိလေသာဟူသော ပင်ပန်းခြင်းကို မဖျောက်နိုင် သောကြောင့် နိဗ္ဗာန် မဟုတ်၊ ထိုကြောင့် သန္တိလက္ခဏာ နိဗ္ဗာနံ ဟူ၍လည်း ကောင်း၊ ကိစ္စရသအားဖြင့် အဿာသ ကရဏရသံ ဟူ၍ လည်းကောင်း အဌကထာ ဆရာတို့ မိန့်တော် မူကုန်၏။

နိဗ္ဗာန်သည်၊ ဘုံ သုံးပါး ဟူသော ဤမှာဘက် လောကီနိုက် အကျုံးမဝင်၊ လောကီတရား ဟူသော အကြောင်းပစ္စည်းနိမိတ် မရှိသောကြောင့် နိဗ္ဗာန်ကို အာရုံပြုသောရဟန္တာပုဂ္ဂိုလ်၏မင်္ဂဉာဏ်နိုက်၊နိဗ္ဗာန်သည် ဤမှာဘက် ဟူသော လော ကီနိုက်မရှိ၊ ထိုမှာဘက်ဟူသောလောကုတ္တရာနိုက် ရှိသည်ဖြစ်၍ ကိလေသာ ဟူသော အကြောင်းနိမိတ်မရှိဟု ရှေ့ရှုထင်ခြင်း၊ အနိမိတ္တပစ္စုပဋ္ဌာန်ရှိ၏။

နိဗ္ဗာန်ကိုကောင်းစွာအာရုံပြုသည်နှင့်တပြိုင်နက် ပပဉ္စတရားသုံးပါးကင်းရခြင်း အကျိုးရှိသောကြောင့် ဖလပစ္စုပဋ္ဌာန်အားဖြင့် နိပ္ပပဉ္စပစ္စုပဋ္ဌာန်ရှိ၏။

နိဗ္ဗာန်၏ဖြစ်ကြောင်းမရှိသောကြောင့်နိဗ္ဗာန်နိုက် ပဒဋ္ဌာန်မရှိ၊ ထို့ကြောင့် နိဗ္ဗာန်သည် အသင်္ခတဓမ္မ မည်၏။

ဤသို့ ဆိုခဲ့ပြီးသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် တို့နှင့်ပြည့်စုံသော နိဗ္ဗာန်သည် မရှိဟူငြားအံ့၊ သမ္မာဒိဋ္ဌိ ရှေ့သွားရှိသော ကောင်းသောကျင့်ဝတ်ပဋိပါတ်တို့၏ အကျိုးမရှိရာ ရောက်သောကြောင့် ထိုစကားကို မဆိုအပ်၊ အကယ်၍ မရှိသော အဘာဝ ဓမ္မ နတ္ထိ သဘောသည် နိဗ္ဗာန်ဟူငြားအံ့၊ အတိတ်၊ အနာဂတ်

ဖြစ်သော ရုပ်၊ နာမ် တရားတို့သည်လည်း အဘာဝ ဓမ္မ ဖြစ်ရကား၊ နိဗ္ဗာန်သည် ရုပ်၊ နာမ်၊ တရားနှုက် အကျုံး ဝင်၍ သင်္ခတဓမ္မ ဖြစ်ရာ သောကြောင့်၊ ထို စကားကိုလည်းမဆိုအပ်၊ ထိုကြောင့် **အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊** ဟူ၍ ဟော တော်မူ၏။

**ယင်းသို့ သိမ်မွေ့ နက်နဲခက်ခဲသော နိဗ္ဗာန်ကို၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့ ပစ္စက္ခ မသိနိုင်၊ မမြင်နိုင် သော်လည်း ပစ္စက္ခ သိပြီး မြင်ပြီးသော ဘုရား ရဟန္တာတို့ ဟောတော်မူသော တရား အစဉ်ကို လျှောက်၍၊ ပုထုဇဉ်တို့ သည်လည်း အနုမာန အားဖြင့် သိနိုင်၏။ ဤအနုမာနအားဖြင့် သိသော နိဗ္ဗာန်သည်လည်း ယထာ ဘူတ ပစ္စက္ခ သိသော ဘုရား ရဟန္တာတို့ ဟောသည့် အတိုင်း ဖြစ်သော ကြောင့်၊ ယထာ ဘူတ မှန်သော သိခြင်း ဖြစ်၏။ မျက်စိ အမြင် နှင့် ပြည့်စုံသော ယောကျ်ားသည် ဝမ်းတွင်းကာန်း ဇစ္စန္ဓပုဂ္ဂိုလ်ကို၊အဖြူအနီရှိသော ဝတ္ထုကိုအပ်၍၊အဖြူအနီဟူ၍ ပြောစေသော်လည်း ထိုသူကာန်းစကားသည် အမှားမဟုတ်၊ အမှန်ဖြစ် သကဲ့သို့ မှတ်လေ။ ထိုကြောင့်ဥပသမာ နုဿတိ ကမ္မဋ္ဌာန်းကို ပုထုဇဉ်တို့ စီးဖြန်းနိုင်သောအခွင့်ကို ရ၏။**

နိဗ္ဗာန် သည် အလို ရှိအပ် သော အာရုံ တကာ တို့ထက် ကဲ လွန် သော အတိ ဣဋ္ဌာရုံ ဖြစ်၏၊ လောက၌ အကျုံး ဝင်သော ကာမဂုဏ် ဖြစ်သော အာရုံငါးပါးတို့ကို ခံစားသုံးဆောင် သဖြင့် စည်းစိမ် ချမ်းသာ ရှိသည် ဟု သမုတ် အပ်၏၊ ထို အာရုံ တို့တွင် လည်း ကောင်း ရာ ကောင်း ရာ၊ ဣဋ္ဌ တရ၊ ဣဋ္ဌတမကို ရ အောင် ရှာမှီးကြ ကုန်၏။ ယင်းသို့ အလို ရှိအပ်သော ကာမဂုဏ်ကို ခံစားရာနိုက်၊ အလိုရှိအပ်သော ကာမဂုဏ် အာရုံ တခုနိုက် ရပ်၍ အစဉ်မပြတ် ထိုအာရုံကို မလွှတ်ပဲ၊ တ နေ့ ပတ်လုံး အာ ရုံ ပြု၍ ခံစား သုံးဆောင်နိုင်သော မည်သည် မရှိ။ လော က တွင် ကောင်း သော အာရုံ တခုနိုက် စိတ်ရပ်တည် သည်ထက် သာ၍ ကောင်း သော အာရုံ တခုနိုက် မြင့် ရှည် စွာ စိတ် ရပ် တည် နိုင်၏။ ထို့ထက် သာ လွန် သော၊ မဟဂ္ဂုတ် အာရုံ ဖြစ်သော၊ ပဋိဘာဂ နိမိတ်နိုက် စိတ် ရပ်၍၊ စတုတ္ထ ဈာန်ဝင်စားသော ပုဂ္ဂိုလ်သည် မိမိ၏ ပဋိဘာဂ အာရုံကို လွှတ်၍ အခြား အာရုံကို မယူပဲ၊ အစဉ် မပြတ် တရက်လည်း ကောင်း၊ နှစ် ရက် လည်း ကောင်း၊ သုံး ရက် လည်း ကောင်း ရပ်နိုင်၏။ ထို့ထက် သာ လွန်

သော လောကုတ္တရာ အာရုံ ဖြစ်သော နိဗ္ဗာန်ကို အာ ရုံ ပြု၍ ဖလ သမာပတ် ဝင် စား သော ပုဂ္ဂိုလ်သည် ခုနစ်ရက် တိုင်အောင်ပင် နိဗ္ဗာန် ဟူသော အာရုံနှိက်၊ စိတ်ကိုရပ်၍ မပြတ်ခံစား နိုင်၏။ ထို့ထက် နိရောဓ သမာပတ် နှိက်ကား သာလွန်ခိုင်မာ၍ ကြာမြင့်စွာ ရပ်တည်နိုင်၏။ ထို ကြောင့် နိဗ္ဗာန် သည် ကာမ ဂုဏ် တရား၊ မဟဂ္ဂုတ် တရား ဟူသော လော ကီ ဈာန္ဓာရုံ တို့ထက် သာလွန်သော အတိဈာန္ဓာရုံ ဖြစ်၏။

ဤနိဗ္ဗာန်သည် အလွန် ငြိမ်းချမ်းသော အာရုံ လည်းဖြစ်၏။ ဤမှာဘက်ဟူသောလောကီနှိက်လည်း အကျုံးမဝင်။ ထိုမှာဘက် ဟူ သော လောကုတ္တရာ နှိက်သာ အကျုံးဝင်၏။ ထို ကြောင့် ထိုနိဗ္ဗာန်နှိက် လောကီဓမ္မဖြစ်သော ရာဂ၊ ဒေါသ စသော ကိလေ သာတို့နှင့် မစပ်မဆိုင်၊ တယောက်တဘက် ဖြစ်ကြ၏။

လောကနှိက် ငြိမ်းချမ်းသော အာရုံကို တွေ့လျှင်၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းသည်။ မငြိမ်းချမ်း ပူပန် သော အာရုံနှင့်တွေ့လျှင်၊ကိုယ်စိတ်နှစ်ပါးပူပန်သည်။ နွေအခါ နေပူ၍ ခရီးပန်း သော ယောကျာ်းသည် လွင်တီးခေါင်း နေပူပြင်ကို မြင်သည်ရှိသော်၊ ပင်ပန်း ခြင်းဖြစ်သကဲ့သို့လည်းကောင်း။ ဥယျာဉ်၊ တောအုပ်၊

စိမ့်စမ်းကိုမြင်လျှင် စိတ်၏ ငြိမ်းချမ်းခြင်း ဖြစ်သကဲ့သို့ လည်းကောင်း မှတ်အပ်၏။ လူ့ပြည် တည်းဟူသော ဤမှာဘက်နိုက်ရှိသော လူတို့၏ပူအိုက်ခြင်းကို ထိုမှာ ဘက်ဟူသော နတ်ပြည် ကောင်းကင်နိုက် ၌ရှိသော တန်ဆောင်မုန်းအခါ လပြည့်ဝန်းသည်၊ ဖျောက်နိုင် သကဲ့သို့ အစမထင် အနမတဂ္ဂ သံသရာမှ ဖြစ်သော ဤမှာဘက်ဟူသော လောကီသံသရာစက်နိုက် လည် ကုန်သော သတ္တဝါတို့၏ ကိလေသာဟူသော ပူအိုက် ခြင်းကို ထိုမှာဘက် လောကုတ္တရာ အာရုံဖြစ်သော လောကုတ္တရာ ဟူသော နိဗ္ဗာန် သည် ထိုနိဗ္ဗာန်ကို အာရုံပြုသည်နှင့် တပြိုင်နက် ပျောက်ပျက်နိုင်ရကား၊ လပြည့်ဝန်းနှင့် တူသော၊ အလွန် ငြိမ်း ချမ်း သော သဘောကြောင့် အမှန်ဖြစ်သည်။

မျက်စိနိုက် လေးထပ် တိုင်အောင် တိမ်သူ လာ လွှမ်းသော ပုဂ္ဂိုလ်သည် ဆေး လေး နည်း တို့ဖြင့် ကုမ၍၊ တိမ်လွှာ လေးထပ် လွင့်ကွာသည့် ကာလ ထိုမှာဘက် ကောင်းကင်နိုက် တည် သော လ ပြည့် ဝန်းကို မြင်သည် ရှိသော်၊ အလွန် ချမ်းမြေ့ခြင်းဖြစ် သကဲ့သို့ စိတ်နိုက်ဖုံးလွှမ်းသော ကိလေသာ တိမ်လွှာ လေးထပ်ကို မဂ်ဉာဏ်ဟူသော ဆေးလေးနည်းတို့ဖြင့် ကုမ၍၊ ထိုမှာဘက် လောကုတ္တရာ နိုက် တည်သော နိဗ္ဗာန်ကို မြင်သည် ရှိသော်၊ ကိလေသာ ကုန်သဖြင့်

အလွန် ချမ်းမြေ့ခြင်း ဖြစ်လေ၏။ ကိလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်တို့ စုတိသောအခါ နာမ်၊ ရုပ်တို့သည် သမုစ္ဆေဒ မရဏာ ပရိ နိဗ္ဗာန်ဖြစ်လေ၏။

လောက၌ အဘန်ဘန် သေခြင်း, အိုခြင်း, နာခြင်း ပဋိသန္ဓေနေခြင်းသဘောတို့သည် အကြောင်းအကျိုး စပ်လျက်၊ဥပါဒ်ဌီဘင်အားဖြင့် မပြတ်ဆက်ကာ ဆက်ကာ မဖြစ်မပျက်၊ သောက ပရိဒေဝတို့ဖြင့် မလွှမ်းမိုး မှချဆတ်ဆတ် ချမ်းသာသုခနှင့်သော လူမင်း နတ်မင်း ဗြဟ္မာ မင်း တို့၏ စည်းစိမ် နိုက် တည်ရ ပါ မူကား ကိလေသာကုန်ခြင်း၊ ပရိနိဗ္ဗာန် ပြုခြင်းကို အလိုရှိရန် မရှိ၊ ယင်းသို့ မအို မသေ အမြဲနေရသော မည်သည် မရှိ၊ သောက ပရိဒေဝ ဒုက္ခတို့ဖြင့် လွှမ်းမိုးသည်ဖြစ်၍ အဘန်ဘန် သံသရာ စက်နိုက် လည်ရသော ဘေး ကြောင့်၊ ထိုဘေးမှလွတ်ရာ လွတ်ကြောင်း ကောင်းသော အာရုံကိုရှာလျှင် အလွန်ချမ်းမြေ့သော နိဗ္ဗာန် အာရုံ မှတပါး အခြား မရှိသောကြောင့် နိဗ္ဗာန်ကို ပညာရှိသော ပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် မျက်မှောက် အာရုံပြုရအောင် ရှာမှီးကြကုန်၏။

ထိုနိဗ္ဗာန် သည်လည်း အလွန် ငြိမ်းချမ်းသော အာရုံ ဖြစ်၏၊ အနမတဂ္ဂ သံသရာစက်နိုက် ကျင် လည်ရသော အဘန်ဘန် အိုခြင်း, နာခြင်း, သေ

ခြင်း ဆင်းရဲအပေါင်းတို့သည် မြင်သည်နှင့်တပြိုင်နက် အလုံးစုံ ပျောက်စေနိုင်သော အစွမ်းသတ္တိရှိသောအာရုံ ဖြစ်သောကြောင့် ဆင်းရဲအပေါင်းကို ဖျောက်လိုသော သူတို့သည် အလွန် အလိုရှိအပ် ၏၊ လောကတွင် ရောဂါ အနာ တခုမျှကို ပျောက်စေနိုင်သော ဆေးကို သော်လည်း အလွန်အလိုရှိအပ်၏၊ အလုံးစုံသော အနာကိုပျောက်စေနိုင်သော အမတောသထ အမြိုက်ဆေးကိုမူကား ဆိုဖွယ်မရှိ၊အလွန်အလိုရှိအပ် သကဲ့သို့မှတ်လေ။

သက္ကရာဇ် ၁၂၃၁ ခု၊ ပြာသိုလပြည့်ကျော်
၄ ရက်နေ့ ကျမ်းပြီး၏။

အမရပူရ မဟာဂန္ဓာရုံ

အရှင်

ဇနကာဘိဝံသ ဆရာတော်

၏

# ဥပသမာနုဿတိ

# ဥပသမာနုဿတိ

## သန္တိသုခ

နိဗ္ဗာန်၏ချမ်းသာမြေ သန္တိသုခရှိပုံကိုအဘန်ဘန် အောက်မေ့ ခြင်းသည် ဥပသမာ နုဿတိ မည်၏၊ နိဗ္ဗာန်တရားကို ရုပ်ဝိသေသ-နာမ်ဝိသေသ ဟု ၎င်း, ခန္ဓာကိုယ်တွင်း၌ အနှစ်အမတေ အလား မြဲခိုင်သော နိစ္စတရားရှိ၏၊ ရုပ်နာမ်တရားများ ချုပ်ပျောက်သည့် အခါ ထို အနှစ် အမတေသာ အဖတ်တင် ရစ်၏၊ ထို အနှစ် အမတေ အဖြစ်ဖြင့် တည်နေရခြင်း သည်ပင် နိဗ္ဗာန်တည်းဟု၎င်း, နိဗ္ဗာန်၌ရုပ်နာမ်မရှိ၍ခံစားခွင့် မရလျှင် အဘယ်မှာ ချမ်းသာဟု ဆိုနိုင်ပါအံ့နည်း ဟု၎င်း, မိမိတို့ထင်ရာ မြင်ရာ ပြောဆိုရေးသားကြ၏၊ တစုံတခုသော အာရုံ၏ အကြောင်းကို ထိုအာရုံရရှိ ဘူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုး ရှိသကဲ့သို့, နိဗ္ဗာန်၏ အကြောင်း ကိုလည်း နိဗ္ဗာန် ရရှိပြီးသော အရိယာတို့သာ ပိုင်နိုင်စွာ သိမြင်နိုင် ပေသည်၊ ယခု ပုထုဇဉ်တို့၏ အတွေးဖြင့် လေးနက်သော နိဗ္ဗာန်ကို အမှန်မထိမိနိုင်ရာ၊ သို့သော် ကျမ်းလာ သာဓကယုတ္တိ ကိုချိန်ဆ၍ဉာဏ်မြင်သလောက် ရေးပြဉ်းအံ့။

နိဗ္ဗာန်ဟူသည် စိတ်စေတသိက် ရုပ်ပရမတ် တို့မှ သီးခြား ဖြစ်သော ပရမတ္ထ တရားတည်း၊ ထို့ကြောင့် ရုပ်နာမ်သင်္ခါရနှင့် လုံးဝ ဆက်သွယ်ခြင်း မရှိရကား၊ ရုပ်ဝိသေသ - နာမ်ဝိသေသမဟုတ်နိုင်၊ အဇ္ဈတ္တဗဟိဒ္ဓ ၂ မျိုးတွင် ဗဟိဒ္ဓါ၀မ္မာ ဟူသော မာတိကာပုဒ် အရ တွင်ပါဝင်သည့် ဗဟိဒ္ဓတရား ဖြစ်သောကြောင့် ခန္ဓာ ကိုယ်တွင်း၌ အနှစ် အမတေ အဖြစ်ဖြင့် တည်ရှိသော ဓာတ် တမျိုးလည်း မဟုတ်နိုင်၊ နိဗ္ဗာန်သည် ပုဂ္ဂိုလ် သတ္တာကဲ့သို့ ခံစားတတ်သော တရားလည်း မဟုတ်၊ ရူပသဒ္ဒစသည်အာရုံကာမဂုဏ်ကဲ့သို့ခံစားအပ်သော တရားလည်း မဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပင်တည်း၊သို့သော် ဝေဒယိတသုခ ထက် အဆပေါင်း များစွာ သာလွန်သည့် သန္တိသုခ ငြိမ်းချမ်းသော သဘောကား ကေန်ရှိပေသည်။

ချဲ့ဦးအံ့။ ။ခံစားမှု ဟူသော ဝေဒယိတ သုခ သည် ခံစား စံစား၍ ကုန်ကုန် သွားသည့် အတွက် အသစ်, အသစ် ရအောင် ထူထောင်ရ၏၊ ထိုအသစ် အသစ်ရအောင် ထူထောင် ရသော ဒုက္ခကား ခံစား ရသော သုခနှင့် အဆမတန်ချေ၊ထိုဒုက္ခနှင့် ထူထောင် ပြီးနောက် ပေါ်ပေါက် ရရှိသော သုခ ကလေး ဖြင့် တင်းမတိမ်နိုင်ကြ သောကြောင့် အပို အမို အကြေး ယူကာ၊ မတရား ခံစားမှုအတွက် အပါယ်သွား၍ သုခ

အကြွေး တွေကို အတိုး နှင့် တကွ ဒုက္ခ ဖြင့် ဆပ်ကြ ရသည်မှာ တွေးမိတိုင်း ဝမ်းနည်း စရာကြီး ပေတည်း၊ ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခ သဘော ကား ရုပ်နာမ် သခ်ါရတို့ ချုပ်ငြိမ်း သဖြင့် ငြိမ်ငြိမ်း ချမ်းခြင်း သဘော ပေ တည်း၊ ထင် ရှား စေ ဥုးအံ့ လောကီအာရုံကာမဂုဏ်တွေပြည့်စုံလှသော သေဌေး တယောက်သည် အားရ ပါးရ အိပ်ပျော် နေစဉ် လောကီ အာရုံများကို ပြင်ဆင်၍ အစေခံတို့ကနှိုးလာ သည့် အခါ အအိပ် ဖျက် ရမလားဟု ကြိမ်း ဝါး မောင်းမဲမည် သာတည်း၊ ထိုသူ အိပ် နေစဉ် ခံစားမှု အထင်အရှား မရှိ၊ သို့ပါလျက် ငြိမ်းချမ်းစွာ အိပ်နေ ရမှုကိုပင် ခံစားမှု သုခတွေထက် နှစ်သက် ပေသေး သည်၊ထိုခံစားမှု မပါသော အိပ်ပျော်ခြင်း သုခကိုပင် အိပ်ရ ကောင်းလိုက် ထာဟု အမွှမ်းတင်ကြ သေး၏၊ ရုပ်,နာမ် အားလုံး ကင်း၍ ငြိမ်းချမ်းခြင်း သန္တိ သုခ ကား မည်မျှ လောက် မွန် မြတ် လိမ့်မည်ကို မှန်းဆ သင့်တော့သည်။

ဆက်ဥုးအံ့ အနာဂါမ် ရဟန္တာ အရှင် မြတ် တို့သည် ရုပ်,နာမ် ခန္ဓာကြီးကို လေးလံ လှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော် မူကြသဖြင့် ရုပ်,နာမ် ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဘို့ရာ နိရောဓ သမာပတ်ကို ဝင်စားတော် မူကြ၏၊ ထိုသမာပတ် အတွင်း၌ ခံစားမှု

လုံး၀မရှိ၊ စိတ်စေတသိက် ဟည်းဟူသော နာမ်တရား နှင့် အချို့ရုပ်များ အသစ်မဖြစ်ဘဲ ရပ်စဲနေခြင်း သာ တည်း၊ ထိုကဲ့သို့ ရုပ်,နာမ်အချို့တို့ ချုပ်ငြိမ်းနေခြင်းကို ပင် အင်မတန် သုခကြီးဟု သဘောရ၍ နိရောဓ သမာ ပတ်ကို ၀င်စားတော် မူကြပေသည်၊ ထို့ပြင် အသညသတ် အရူပ ဗြဟ္မာတို့၏ အဖြစ်သနစ်ကို စဉ်းစားပြန် လျှင်လည်း သန္တိသုခ၏ မြေ ငြိမ်းချမ်းပုံများ ထင်ရှား ပြန်၏၊အသညသတ် ဗြဟ္မာတို့၌နာမ်တရားမရှိ၊ခံစားမှု မရှိ၊ ကမ္ဘာ ၅၀၀ ခန့်မျှ နာမ်တရားတို့မှ မြေငြိမ်းချမ်း လျက် နေရ၏၊ အရူပ ဗြဟ္မာတို့၌ ရုပ်တရားတို့မှ မြေ ငြိမ်းချမ်းလျက်ရှိ၏၊အထက်ဆုံး အရူပဗြဟ္မာ သန္တာန် ဝယ် ဖြစ်ခွင့်ရှိနေသော နာမ် တရားသည်ပင် အလွန် နည်းပါးလှချေပြီ၊ရဟန္တာ ဖြစ်လျှင်မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ၈,နေဝသညာ နာသညာ ယတနဝိပါက် ၁, ကြိယာ ၁, အဟရဖိုလ်စိတ် ၁, အားဖြင့်ယှဉ် ဘက် စေတသိက်များနှင့်တကွ စိတ်ပေါင်း ၁၂ ပါး သာ ဖြစ်ခွင့် ရှိတော့၏၊ ထို ၁၂ ပါးလည်း တခုစီသာ ဖြစ်နေရကား ထိုရဟန္တာ ဗြဟ္မာကြီး၌ ထိုစိတ်ကလေး တခု နောက်ထပ် မဖြစ်လျှင် ရုပ်,နာမ် အားလုံး ကင်း ပျောက် ချုပ် ငြိမ်း ရုပ်သိမ်း ရလေ၏၊ ထိုကဲ့သို့ ရုပ် သိမ်းသည့်အခါ သန္တိသုခ ခေါ်သော နိဗ္ဗာန ဓာတ် တရားသည် မုချဆတ်ဆတ် ထင်ရှားတော့လတ့်။

ထိုသန္တိသုခ နိဗ္ဗာန မာတ်သည် အများဆိုင် ဘုံတရားကဲ့သို့ တပါးတည်းမဟုတ်ပေ။ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ် အသီးသီးရှိကြ၏။ ထို့ကြောင့်ပင် အ ရိ ယာ အရှင် မြတ် တို့ သည် ခန္ဓာကိုယ်ဒြပ် ထင်ရှားရှိစဉ် မိမိတို့နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စား တော်မူကြ ပေသည်။ ထို ဖလ သမာပတ် ဝင် စား ခိုက်ဝယ် နိဗ္ဗာန်ကို အာရုံမှန်းလျက် စိတ်တန်း၍နေရ ခြင်းသည်ပင် အင်မတန် ချမ်းသာ ကြ သော ဟူ၏။ ထေရာထေရီ အလီလီတို့ ရွေပြည် နိဗ္ဗာန် ဝင်စံခါ နီးဝယ် ဥဒါန်းကျူးခါ ကျူးခါဖြင့် ရုပ်နာမ် ခန္ဓာကို အားရပါးရ စွန့်ပစ်ခဲ့ကြသည်မှာ ရုပ်နာမ်ကို အမြတ်တနိုး ခင်မင်နေကြသော ငါတို့လိုပုထုဇဉ်များအတွက် ရှက်ဘွယ်ကြီး ပါတကား။ ထို့ ကြောင့် ငါတို့ သား အဘတစု ပြင်ထိုင်ကြဦးစို့ ဆိုသလို သူတော်ကောင်း တွင် စာရင်းဝင်လိုကြသော ငါတို့ပုထုဇဉ် တစုလည်း ရုပ်နာမ် သင်္ခါရအပေါ်တွင် တမျိုးပြင်၍ ရှုကြဦးစို့၊ နိဗ္ဗာန်၏ ဥပသမဂုဏ်တော်ကို အာရုံ မှန်း ပြီးလျှင် နိဗ္ဗာန်ရောက် လုပ်ငန်းကို ကြိုးပမ်းကုန်စို့။

**သဒေဝကာ လောကာ၊**
**ဧတေ ဝေါ သုခ သမ္မတာ။**
**ယတ္ထ စေ တေ နိရုဇ္ဈန္တိ၊**
**တံ တေသံ ဒုက္ခသမ္မတံ။**

သဒေဝကာ၊ ဗြဟ္မာ, သိကြား, နတ်အများနှင့် တကွသော။ လောကာ၊ ပုထုဇဉ်ဟု ဉာဏ်မြင်ပေတိုး, တလောက လုံးသည်။ ဧတေ၊ ရူပသဒ္ဒ စသည့် အာရုံ ၅ ကာမဂုဏ်တို့ကို။ သုခသမ္မတာ၊ ချမ်း သာ ဘွယ် တောင်း အကောင်းဟု သမုတ်အပ် ကုန်ပြီ၊ ယတ္ထ၊ အရိယာအများ လွန်လေးစားသည့် တရားမျက်ရှင်, အကြင် သို့သော နိဗ္ဗာန်၌။ ဧတေ၊ ရူပသဒ္ဒ စသည့် အာရုံ ၅ ကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက် ချုပ်ငြိမ်း ရပ်သိမ်းကြရလေကုန်၏။ တံ၊ ၅ ကာမဂုဏ် အားလုံး, ပြတ်ပြတ် ပြီးလျက် ဆုံးရာအမှန် ထိုနိဗ္ဗာန် ကိုကား။ တေသံ၊ ထိုဉာဏ်မြင်ပေတိုးပုထုဇဉ်အားလုံး တို့သည်။ ဒုက္ခသမ္မတံ၊ ခံစားဘွယ်အချက်, ကင်းသည့် တွက်ကြောင့် သက်သက် ရှုတ်ချ၍ဒုက္ခဟု သမုတ်အပ် လေသတည်း။ ။[ဧတေ ဝေါ၌ ဝေါ အတွက် အ နက် မရှိ]

**သုခံ ဝိဋ္ဌမရိယေဟိ၊**
**သက္ကာယဿ နိရောဓနံ၊**
**ပစ္စနီကမိဒံ ဟောတိ၊**
**သဗ္ဗလောကေန ပဿတံ။**

သက္ကာယဿ၊ ပရမတ္ထ အားဖြင့် ထင်ရှားဘိတောင်း, ခန္ဓာငါးပါးအပေါင်း၏။ နိရောဓနံ-ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းရာဖြစ်သော။ သုခံ-နိဗ္ဗာန ခတ်, ချမ်းသာမြတ်ကို။ အရိယေဟိ-အရိယာအရှင် သူတော်စဉ် တို့သည်။ ဒိဋ္ဌံ-ဉာဏ်စက္ခုဖြင့် စေ့ငု ထင်ထင်, သိမြင်အပ်ပေပြီ။ ဣဒံ-များပုထုဇဉ် ဉာဏ် အမြင်ဖြင့်မမြင်နိုင်တန်, ဤနိဗ္ဗာန်ကို။ ပဿတံ-တပ်အပ်ထင်ထင်, ကိုတိုင်မြင်သည့်, အရှင်အပေါင်း သူတော်ကောင်းတို့မှာ။ သဗ္ဗလောကေန-အဝိဇ္ဇာဖုံး, တဏှာတုံးဟု, အားလုံးလောက ဟူသမျှနှင့်။ ပစ္စနီကံဟောတိ-ကြောချင်း ကပ်ယှဉ်, ပြေးကြ အင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက် အနေ ဖြစ်ရလေတော့သတည်း။

**သဠာယတနသံယုတ်, ဒေဝဒဟဝဂ်။**

# အတုမဲ့ချမ်းသာ

ရာဂနှင့်တူသောမီးမရှိ၊ဒေါသနှင့်တူသော အပြစ်မရှိ၊ခန္ဓာကိုယ်နှင့်တူသော (ခန္ဓာကိုယ်ကို ရွက်ဆောင်ရခြင်းနှင့်တူသော)ဆင်းရဲမရှိ၊ ကိလေသာ ငြိမ်းရာ (နိဗ္ဗာန်) ထက် လွန်မြတ်သော ချမ်းသာမရှိ။

ငတ်မွတ် ဆာလောင် ခြင်းသည်၊ အကြီးဆုံး ရောဂါဖြစ်၏၊ ခန္ဓာကိုယ်သည် (ခန္ဓာကိုယ်ကို ရွက်ဆောင် ရခြင်းသည်) အကြီးဆုံး ဆင်းရဲ ဖြစ်၏၊ ဤ သဘော မှန်ကို သိ၍ နိဗ္ဗာန်သည် အချမ်းသာဆုံး ဖြစ်ကြောင်း (သိရာ၏)။

အနာ ရောဂါ ကင်းခြင်းသည် အကြီးဆုံး လာဘ် ဖြစ်၏၊ တင်းတိမ် ရောင့်ရဲ ခြင်းသည် အကောင်းဆုံး ဥစ္စာ ဖြစ်၏၊ အကျွမ်း တဝင် ချစ်ခင်သော သူသည်၊ အကောင်းဆုံး ဆွေမျိုး ဖြစ်၏၊နိဗ္ဗာန်သည်အမြတ်ဆုံးချမ်းသာဖြစ်၏။

ဓမ္မပဒပါဠိတော်မြန်မာပြန်

ရွှေကျင်နိကာယ ဥက္ကဋ္ဌ

မဟာနာယက, ဓမ္မသေနာပတိ,

ဒုတိယ ဝိသုဒ္ဓါရုံ

ဒိဗဲယင်း

ဆရာတော်ဘုရားကြီး

၏

# နိဗ္ဗာနပိနိဿယ

# နိဗ္ဗာနဝိနိစ္ဆယ

## နမော အနုတ္တရ ဗုဒ္ဓနော

ညောင်လေးပင်မြို့အပိုင်၊ ပဲခွယ်ကုန်းဘူတာ၊ ဆရာစိန်၊ ဆရာစု၊ ဆရာလှ၊ ဝန်ထောက်မောင်ဘိုးဉုး၊ ဆရာမောင်သာတင်၊ ဆရာမောင်ဘိုးဟန်၊ ကုန်သည် မောင်ဘိုးဟန် ဒါယကာတစုတို့လျှောက်ထားပါသည် ဆရာတော်ဘုရား၊ အချို့ ပုဂ္ဂိုလ်က နိဗ္ဗာန်မှာ ရုပ်နာမ်နှင့်တကွ ခံစားရသည်၊ အချို့ ပုဂ္ဂိုလ်က ပရမတ်ရုပ်နာမ်သာ ခံစားရသည်၊ အချို့ပုဂ္ဂိုလ်က ခံစားရခြင်းမရှိဟု၊ ဤလိုအနည်းနည်း ပြောဆိုကြပါသည်၊ နိဗ္ဗာန်၌ ခံစားတတ်သော ရုပ်နာမ် ရှိမရှိ ခံစားစရာရုပ်နာမ် ရှိမရှိကို သိလိုကြပါသည်၊ ပါဠိအဋ္ဌကထာ ဋီကာကျမ်း မည့်ကြောင်းရေ နှင့် တကွ ညွှန်ပြ ဖြေဆိုတော် မူပါမည့် အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား။

## ၁၂၇၀-ပြည့်နှစ်၊ နတ်တော်လလျှောက်ထားချက်။

မန္တလေးမြို့ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ဒုတိယ မဟာဝိသုဒ္ဓါရာမ-ဒိပဲယင်း ဆရာတော် ဖြေကြား အမိန့်ရှိလိုက် သည်မှာ – ပဲခွယ်ကုန်း ဘူတာ၊ ဒါယကာခုနှစ်ဉုး သားတို့ လျှောက်ထား ကြသော

စကားတွင် ကျမ်းဂန်စကားတွေပါသည်၊ တစွန်းတစ တစောင်းတဖွဲ့ တနိကာယ်နှင့် ဘုရား အလို တော်ကို သိနိုင်ခဲ လိုရင်းကိုထိနိုင်ခဲသည်၊ကျမ်းအစောင်စောင် အတော်အသင့်နှိုင်းညှိ ကြိတ်နယ် နိုင်လျှင် ရိပ်မိရုံသာ ရိပ်မိနိုင်သည်၊ လျှောက်ထားသည့် အတိုင်း ကျမ်းဂန် စကားတွေနှင့်ရေးလျှင် သိနိုင်ခဲသည် အသိခက်သည်၊ သိပြန် လျှင်လည်း စာတတ် ဖြစ်တတ်သည်၊ စာတတ် ဖြစ်လျှင်လည်း သဒ္ဒပညတ်၊ အတ္ထပညတ်တွေ လွှမ်းမိုး၍ လိုရင်းကိုမထိ၊ လိုရင်းသို့ မဆိုက်၊ ဂါဟ အကိုက်ခံရ တတ်သည်၊ အဟုတ် ရုပ်နာမ်ကို မတတ်မသိ၊ စာမှာ သာတတ်သိက ဂါဟ အကိုက်ခံရမည် ကေန်၊ ဂါဟ ကိုက်၍ ဂါဟအဆိပ်မွန်းသူ၊ ဂါဟအဆိပ်တက်သူတို့ နိဗ္ဗာန်ကို မမြင်နိုင်၊ နိဗ္ဗာန်ကို ပြော သော်လည်း သဘောမကျနိုင်၊ နိဗ္ဗာန်ကိုအကောင်းဟူ၍ မထင်နိုင်၊ နိဗ္ဗာန်ကို မလိုချင်နိုင်၊ ထို့ကြောင့် နိဗ္ဗာန်ကို ရိပ်မိ၊ လိုရင်းကိုထိရုံ၊ ကျမ်းစကားတွေ များများ မပါဘဲ၊ အနည်းငယ်ဟောပြလိုက်အံ့။

နိဗ္ဗာန် ဆိုသည်မှာ၊ နာမ် ရုပ် တို့ကို မဖြစ်သော ငြိမ်းခြင်းသို့ ရောက်စေ တတ်သော နည်းလမ်း ရှိ၍ ယင်းနည်းလမ်းဖြင့်နာမ်ရုပ်တို့၏မဖြစ်သောငြိမ်းခြင်း သို့ရောက်ရာ ရောက်ခြင်း ဟူသော အငြိမ်းဓာတ်ကိုပင် နိဗ္ဗာန်ဆိုရသည်။

နိဗ္ဗန္တိ ဧတ္တာတိ နိဗ္ဗာနံ။ ဧတ္တ၊ ၌သန္တိသဘော၌။
သဇ္ဈေ၊ သိမ်မွေ့ မသိမ်မွေ့ အလုံးစုံသော နာမ်ရုပ်
တို့သည်။ နိဗ္ဗန္တိ၊ မဖြစ်ဘဲ ငြိမ်းတတ်ကုန်၏။ ဣတိ
တသ္မာ၊ ထိုသို့ ငြိမ်းရာ ဖြစ်သောကြောင့်။ တံ၊ ထို
သန္တိသဘောသည်။နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏၊(တနည်း)။
နိဗ္ဗုယတေ နိဗ္ဗာနံ။ နိဗ္ဗုယတေ၊ မဖြစ်ဘဲငြိမ်းခြင်း။
နိဗ္ဗာနံ၊ မဖြစ်ဘဲငြိမ်းခြင်း။ ယင်းအငြိမ်းဓာတ် နိဗ္ဗာန်
သည် နာမ်ရုပ်ကို ငါဟု သူဟု ငါ့ဟာဟု စားနိုင်ဘွယ်
မျိုနိုင်ဘွယ်၊ခင်တွယ်စွဲလမ်းကြသူ၊ ငါမဟုတ်၊သူမဟုတ်
အကောင်မဟုတ်ဟု ပြောဟော သော်လည်း မယုံနိုင်
မထင်နိုင်မမြင်နိုင်၊ ငါဘဲသူဘဲအကောင်ဘဲဟု တဏှာ
ဒိဋ္ဌိတို့ဖြင့်ခွါမရဖြုတ်မရ၊တွယ်ကိုက်စွဲလမ်းကြသူ၊အန္တ
ပုထုဇဉ်တို့နှင့်မတဲ့၊ ကြောက်ဘွယ်ကြီး ဖြစ်၍ဆန့်ကျင်
၏။ယင်းအငြိမ်းဓါတ်သည်ခုဘုရားလက်ထက်၊မြေမှုန့်
မက ပွင့်တော်မူကြသော ရှေးဘုရားတို့ လက်ထက်၊
နောင်အဆုံးမရှိပွင့်လတ္တံ့သော ဘုရားတို့လက်ထက်၊
သာသနာတွင်းသာသနာပတသံသရာလုံး၊ဘယ်အခါ
မဆိုအခါခပ်သိမ်း တရှိထဲရှိ၍နေ၏၊ ရှိဆိုသော်လည်း
ဖြစ်လာ ပေါ်လာ၍ရှိသော နာမ်ရုပ်တို့၏ အရှိကဲ့သို့
သော အရှိမျိုးမဟုတ်၊ သန္တိလက္ခဏာဟူသောအငြိမ်း
ဓာတ်သဘောအားဖြင့် ရှိသော အရှိမျိုးတည်း၊ ယင်း
အငြိမ်း ဓာတ်သည် ကြမ်းသည်၊ နုသည်၊ သိမ်မွေ့

သည်၊ ကြီးသည်၊ ငယ်သည်၊ လုံးသည်၊ ပြားသည်၊ ဖြူသည်၊နီသည်၊တောင်မှာရှိသည်၊မြောက်မှာရှိသည်၊ အထက်မှာအောက်မှာရှိသည်၊ပြောစရာမရှိပြောစရာ ရှိသောအရှိမျိုးမဟုတ်၊ အဘယ်ကြောင့်နည်းဆိုသော် အငြိမ်းဓာတ်မျှသာ ဖြစ်သောကြောင့်တည်း။

ဖြစ်လာပေါ်လာ၍ရှိသော ရုပ်နာမ် သင်္ခတ တို့ကိုသာ ပုံသဏ္ဌာန်, အဆင်း အားဖြင့်၎င်း၊ တောင်မှ, မြောက်မှစသည့် ဌာနအားဖြင့် ညွှန်းပြစရာ ရှိသည် နိဗ္ဗာန်အငြိမ်းဓာတ်မှာ၌သို့ညွှန်းပြစရာမရှိ,အဘယ် ကြောင့်နည်းဆိုသော်,အငြိမ်းဓာတ်မျှသာ ဖြစ်သော ကြောင့်တည်း။

အနိမိတ္တံ အပ္ပဝတ္တံ ဝိသင်္ခါရံ နိရောဓံ နိဗ္ဗာနံ။ [ဝိသုဒ္ဓိမဂ်]။

အနိမိတ္တံ၊ ပြောပြစရာ ဒြပ်အထယ် အရိပ်နိမိတ် မရှိသော။ အပ္ပဝတ္တံ၊ သန္တိအားဖြင့်ဖြစ်ခြင်းမရှိသော။ ဝိသင်္ခါရံ၊ ပြုပြင်ရခြင်း မရှိသော။ နိရောဓံ၊ နာမ်ရုပ် တို့၏ မဖြစ်ရာ ဟူသော အငြိမ်းဓာတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ ။အနက်။

အနုပ္ပါဒေါနိဗ္ဗာနံ အပ္ပဝတ္တိနိဗ္ဗာနံ။ [ပဋိသမ္ဘိဒါမဂ်ပါဠိတော်]။

အနုပ္ပါဒေါ၊ အသစ် ဖြစ်ပေါ်ခြင်း မရှိသော အငြိမ်းဓာတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ အပဝတ္တိ၊ တန်းစဉ်ထပ်ဆက်၍ဖြစ်ခြင်း မရှိသော အငြိမ်း ဓာတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ။အနက်။

ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောက သမုဒယဉ္စ လောက နိရောဓဉ္စ လောက နိရောဓဂါမိ နိပဋိပဒဉ္စ၊ (သဂါထဝဂ္ဂသံယုတ်ပါဠိတော်)။

ဗျာမမတ္တေ၊ တလံမျှလောက်သော။ သသညိမှိ၊ သညာရှိသော။ သမနကေ၊ စိတ်ဝိညာဉ်ရှိသော။ ဣမ သ္မိံယေဝ ကဠေ ဝရေ၊ ဤခန္ဓာကိုယ် အကောင်ပုဒ်၌ သာလျှင်။ လောကဉ္စ၊ လောကဟူသော ဒုက္ခ သစ္စာ ကိုငှင်း။ လောကသမုဒယဉ္စ၊ လောက၏ဖြစ်ကြောင်း သမုဒယသစ္စာကိုငှင်း။ လောကနိရောဓဉ္စ၊ လောက ခေါ်သော နာမ်ရုပ်ဒုက္ခသစ္စာ၏ မဖြစ်သောငြိမ်းခြင်း ဟူသော နိရောဓသစ္စာကိုငှင်း။ လောကနိရောဓဂါမိ နိပဋိပဒဉ္စ၊ လောကခေါ်သော နာမ်ရုပ်ဒုက္ခသစ္စာ၏ မဖြစ်ဘဲ ငြိမ်းရာသို့ ရောက်စေ တတ်သော မဂ္ဂသစ္စာ ကိုငှင်း။ အဟံ၊ ငါဘုရားသည်။ ပညပေမိ၊ သိစေ တော်မူ၏။ ။အနက်။

ဤပါဠိတော်၏အဓိပ္ပါယ်မှာ၊နိဗ္ဗာန်ကိုတခြားမှာ ရှာရတော့သည် မဟုတ်၊ ခန္ဓာကိုယ်နှင့် ဆက်နွယ်၍

ခန္ဓာကိုယ်၏ မဖြစ်ရာ အငြိမ်းခေတ်မျှသာ ဖြစ်သော ကြောင့်၊ ခန္ဓာကိုယ်မှာပင် နိဗ္ဗာန်ကို သိရသည်ဆိုလို သည်၊ သိရ ဆိုသော်လည်း၊ ကြီးသည်- ငယ်သည်၊ ဤသို့စသည်သဏ္ဍာန် အားဖြင့်၎င်း၊ ဖြူသည်-နီသည်၊ ဤသို့ စသည် အဆင်း အားဖြင့်၎င်း၊ ခန္ဓာ ကိုယ်၏ အတွင်းမှာ ပြင်မှာ ဟူ၍၎င်း၊ မသိအပ် မသိကောင်း၊ အဘယ့်ကြောင့်နည်း ဆိုသော် အငြိမ်းခေတ် မျှသာ ဖြစ်သောကြောင့်တည်း။

သန္တိကေ န ဝိဇာနန္တိ၊ မဂါ ဓမ္မဿ ကောဝိဒါ။

**(သုတ္တနိပါတ်သဠာ ယတနသံယုတ် ပါဠိတော်)** ဓမ္မဿ၊ အဟုတ်ရှိ ရုပ်နာမ်ပရမတ်သဘော၌(ဝါ)သစ္စာလေး ပါး တရား၌။အကောဝိဒါ၊အလိမ္မာနဲ့ ဂါဟစွဲ၍ ဉာဏ် မျက်စိ မွဲကုန်သော။ မဂါ၊ သား တိရစ္ဆာန် အသွင် ဗာလပုထုဇဉ်တို့သည်။ သန္တိကေ၊ ကိုယ်နားတွင် နီး လျက်နှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊နဝိဇာနန္တိ၊မသိနိုင်ကြ ကုန်။အနက် (ဓမ္မဿ+အကောဝိဒါဟုဖြတ်)၍ပါဠိ တော်၏ အဓိပ္ပါယ်မှာလည်း နိဗ္ဗာန် ဟူသည် ခန္ဓာ ကိုယ်၏ မဖြစ်သော ငြိမ်းခြင်း ဟူသော အငြိမ်းခေတ် မျှသာ ဖြစ်သော ကြောင့် ကိုယ် နား တွင် ရှိသည်ဟု ဆိုရသည်၊ ဆိုလို သည်။ ရှိသည် ဆိုရ သော် လည်း ကိုယ်၏ ရှေ့မှာ နောက်မှာ ဝဲဘက်မှာ ယာဘက်မှာ ရှိသည်။ ကိုယ်၏ အထက်မှာ အောက် မှာ ရှိသည်။

ဤသို့ စသည်ပြော၍ မဖြစ်၊ ပြော၍ ဖြစ်သော အရှိမျိုး မဟုတ်။ အဘယ့်ကြောင့်နည်း ဆိုသော်အငြိမ်းဓာတ်မျှသာ ဖြစ်သောကြောင့်တည်း။

တတြာပါဟံဘိက္ခဝေနေဝအာဂတိံဝဒါမိ၊နဂတိံ နဌိတိံနစုတိံနဥပပတ္တိံ။ (ဥဒါန်းပါဠိတော်)။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါ ဘုရားသည်။ တတြ၊ ထိုနိဗ္ဗာန်၌။ အာဂတိံ၊ တပါးသော ဘဝက လာ သည်ကို။ နေဝ ဝဒါမိ၊ မဟော၊ ဂတိံ၊ တပါး ဘဝသို့ သွားသည်ကို။ နဝဒါမိ၊ မဟော။ ဌိတိံ တည်၍ နေသည်ကို။ နဝဒါမိ၊ မဟော။ စုတိံ၊တဖန် ရွေ့လျော သည်ကို။ နဝဒါမိ၊ မဟော။ ဥပပတ္တိံ၊တဖန် အသစ် ဖြစ်ပြန်သည်ကို။ နဝဒါမိ၊ မဟော။ အနက်။နိဗ္ဗာန်၌ တပါး ဘဝက လာရောက်သော တရားမရှိ၊ တပါး ဘဝသို့ သွားစရာ တရားမရှိ၊နိဗ္ဗာန်၌ တည်၍နေသော တရား မရှိ၊ တဖန် ရွေ့ လျော သည် ဟူ၍မရှိ၊ တဖန် အသစ် ဖြစ် သည် ဟူ၍မရှိ၊ အဘယ် ကြောင့် နည်း ဆိုသော် အငြိမ်းဓာတ်မျှသာ ဖြစ်သောကြောင့်တည်း ဆိုလိုသည်။ ထင်ရှား ရှိသော ပရမတ္ထ တရားချင်းတူ၍ စိတ်စေတသိက်ရုပ်တို့၏အရှိနှင့်နိဗ္ဗာန်အရှိကိုအတူတူ ကြံမှား ယောင်မှား တတ်သည်။

နာမ်ရုပ်ကို ငါဟုမသိဘဲ၊ နာမ်ရုပ်ကို နာမ်ရုပ်ဟု အဟုတ်သိ တကယ်သိ,သိသဖြင့် နာမ်ရုပ်၏ အပြစ်

အာဒိနဝ တွေကို မြင်၍ နာမ်ရုပ်၌ ယူစရာ ရစရာ အနှစ် သာရကို မမြင်၊ နာမ်ရုပ်ကို မုန်းစရာကြီး ကြောက်စရာကြီး ထင်မြင်သော ကလျာဏ ပုထုဇဉ် တို့သာ နာမ်ရုပ်၏ ငြိမ်းခြင်းကို အလိုရှိသည်။ နိဗ္ဗာန် ကို ပြောလျှင်သဘောကျ လွယ်သည်။ယင်း ကလျာဏ ပုထုဇဉ်တို့ကား နာမ်ရုပ်ကို လွတ်၍ ငါတခြား မရှိ၊ နာမ်ရုပ်ကိုပင် ငါဆိုရသည်။ အို့,ဆိုနာမ်ရုပ် နာ,ဆို နာမ်ရုပ်၊ သေ,ဆို နာမ်ရုပ်၊ ငရဲဘုံ၌ ဆင်းရဲ, ပြိတ္တာ ဘုံ၌ ဆင်းရဲ,ဆို ငါခေါ်သော နာမ်ရုပ်၊ တဆဲ့တသီး မီးဆို ငါခေါ်သော နာမ်ရုပ်၊ ရောဂါအမျိုးမျိုး,ဘေး ရန် အမျိုးမျိုး,ဆိုငါခေါ်သော နာမ်ရုပ်၊ သံသရာကြီး ဆိုငါခေါ်သော နာမ်ရုပ်၊ တခြား မဟုတ် ငါပင်နာမ် ရုပ်ဟု ဆိုအပ်သော ငါသည် ဖြစ်၍ဖြစ်၍ ပျက်တတ် သော အနိစ္စသဘော,မုန်းစရာ ကြောက်စရာ ဆင်းရဲ ရသော ဒုက္ခသဘော,အကောင်မဟုတ်၊အရှင်မဟုတ်၊ ငါမဟုတ်၊ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးရသူမရှိ၊ သူဖြစ် ချင်သလိုဖြစ် သူပျက်ချင်သလိုပျက်၍ နေသော အနတ္တ သဘောတွေ မကောင်း လှသော ဒုက္ခအစု အခဲတွေ ဒုက္ခ သစ္စာ တွေဟု နှလုံး သွင်း သည်။ နာမ် ရုပ်ကို အဟုတ် သိ, မသိပဲ၊ မဟုတ်သိ, သိ၍ နာမ်ရုပ်ကို ငါ့ အကောင်,သူ့အကောင် ငါ့ဟာ,သူ့ဟာ၊ယူချင်စရာ, ရချင် စရာ၊ စားနိုင်ဘွယ်, မျိုနိုင်ဘွယ် နှစ် သက် ဘွယ်

အကောင်း တိုးတွေ, အကောင်းခဲတွေ, ငါ့လင်, ငါ့မယား၊ ငါ့သား, ငါ့သမီး တွေဟု အလွဲလွဲ ထင်မြင်စွဲလမ်းကြသော အန္ဓပုထုဇဉ်တို့ နာမ်ရုပ်တို့၏ အငြိမ်းခတ်ကို အနည်းငယ်မျှ အလိုမရှိ၊ငါပျောက်မှာကိုပင် အလွန် ကြောက်သည်၊ နိဗ္ဗာန်ကို ပြောသော်လည်း သဘော မကျနိုင်၊ အကောင်းဆုံး ဟူ၍ မထင်နိုင်၊ ကြောက်စရာပင် ထင်တတ်သည်။

တာသော ဟောသာ ဘိက္ခု၊ အသုတဝတော ပုထုဇ္ဇနဿ။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်)။

ဘိက္ခု၊ရဟန်းတို့။ဟိ၊အကယ် မလွဲသဖြင့်။ သော၊ ၍ အငြိမ်း ခတ် နိဗ္ဗာန်သည်။ အသုတ ဝတော၊ နာမ်ရုပ်ကို ကြောက် စရာကြီး ထင် လောက် အောင် အမှတ် အသား အကြား အမြင် သုတဉာဏ် မျက်စိ အလင်းကို မရသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ် ကန်းအား။တာသော၊ကြောက်စရာပင်တည်း။ ။အနက်။

ဥပါဒိယာနော ပရိတဿတိ၊ အနုပါဒိယာနော နပရိတဿတိ။ (ခန္ဓဝဂ္ဂ ပါဠိတော်)။

ဥပါဒိယာနော၊ နာမ်နှင့် ရုပ်ကို အဟုတ် မမြင် တဏှာမာန ဒိဋ္ဌိတို့ဖြင့် အလွဲထင်၍ ခင်မင် စွဲလန်းသော ပုထုဇဉ်သည်။ ပရိတဿတိ၊ စိုးရိမ်ကြောင့်ကြပူဆာပင်ပန်းရ၊ လန့်ထိတ် တုန်လှုပ်ရ၏။ အနုပါဒိ

ယာနော၊ နာမ်နှင့် ရုပ်ကို အဟုတ် သိမြင် မစွဲလမ်း မခင်မင်သော ပုဂ္ဂိုလ်သည်။ နပရိတဿတိ၊ မစိုးရိမ် မကြောင့်ကြ မပူမဆာ မပင်ပန်းရ၊ မလန့် မထိတ် မတုန်မလှုပ်ရ။ ။အနက်။

အဟံ ရူပံမမရူပန္တိ ပရိယုဋ္ဌဋ္ဌာယိနော တံရူပံ ဝိပရိဏာမတိ၊ အညထာ ဟောတိ၊ တဿရူပ ဝိပရိ ဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ၊ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ။ (ခန္ဓဝဂ္ဂ ပါဠိတော်)။

ရူပံ၊ ရုပ်သည်။ အဟံ၊ ငါပင်။မမ၊ ငါ၏။ရူပံ၊ရုပ်။ ဣတိ၊ ဤသို့။ ပရိယုဋ္ဌ ဋ္ဌာယိနော၊ တဏှာ ဒိဋ္ဌိတို့သည် ဖိစီးလွှမ်းမိုး ထိုးကျင့်နှိပ်စက်၍ တည်သော ပုဂ္ဂိုလ်၏။ တံရူပံ၊ထိုစွဲလမ်း ချစ်ခင်သော ရုပ်သည်။ဝိပရိဏာမတိ၊ ဖေါက်ပြန် ပျက်စီးခဲ့အံ့။ အညထာ၊ အလိုရှိသည်မှ တပါး၊အလိုမရှိသောအခြင်းအရာအားဖြင့်။ဟောတိ၊ ဖြစ်ခဲ့အံ့။ တဿ၊ ထို ရုပ်ကို ခင် တွယ် စွဲ လမ်း သော ပုဂ္ဂိုလ်အား။ ရူပဝိပရိဏာ မညထာဘာဝါ၊ ရုပ်၏ ဖေါက်ပြန် ပျက် စီး ခြင်း၊ မိမိ အလိုရှိသည်မှ တပါး၊ အလို မရှိသော အခြင်းအရာ အား ဖြင့် ဖြစ် ခြင်း ကြောင့်။ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ပါယာ သာ၊ စိုးရိမ် ပူဆွေး ရခြင်း၊ ငိုကြွေး မြည်တမ်း ရခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ နှလုံး မသာ ယာ သက်ကြီး ရှိက်တငင်၊ အပင်ကြီး အပန်းကြီး

အပုမိုးတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ဒိဋ္ဌိမာနတဏှာ၊ ဤသုံးပါးသော တရားတို့သည် အလွဲလွဲထင်မြင်တတ်သည်။ ဒိဋ္ဌိကား၊ နာမ်ရုပ်ကို အကောင်းဟု အရှင်ဟု ထင်မြင်သည်။မာနကား ငါ့အကောင်းက ဟုတ်တုတ်တုတ် ဟန်တန်တန် ဟု ထင်မြင်သည်။ တဏှာကား ယူချင်စရာ ရချင်စရာ ခင်ဘွယ် မင်ဘွယ် နှစ်သက်ဘွယ်တွေဟု ထင်မြင်သည်။

မညန္တီတိ မညနာ။ မညန္တိ၊ အလွဲလွဲ ထင် မှားမြင်မှားတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုတဏှာမာန ဒိဋ္ဌိတရား သုံးပါးတို့သည်၊ မညနာမည်ကုန်၏။ အနက်။ အလွဲလွဲ ထင်မှားမြင်မှားတတ်သောကြောင့်၊ ယင်းတရား သုံးပါးကို မညနာတရားဟုဆိုရပြန်သည် ဆိုလိုသည်။ ခွါမရ ဖြုတ်မရ တွယ်ကိုက် စွဲလမ်းတတ်သောကြောင့် ယင်းတရား သုံးပါးတို့ကို ဂါဟတရား သုံးပါးဟူ၍လည်း ဆိုအပ်ကုန်၏။

ဂါဟန္တိ ဥပါဒိယန္တီတိ ဂါဟာ။ဝိဂြိုဟ်၊ ဂါဟန္တိ ဥပါဒိယန္တိ၊ ခွါမရဖြုတ်မရ တွယ်ကိုက် စွဲလမ်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုတဏှာမာန ဒိဋ္ဌိတရား သုံးပါး တို့သည်။ ဂါဟာ၊ ဂါဟတရား မည်ကုန်၏။ အနက်။ ဒိဋ္ဌိကား မိုးရထား၊ မိုးသင်္ဘော၊ မိုးအိမ်ပုံ တို့ကဲ့သို့ အကောင် မဟုတ်၊

အရှင်မဟုတ် နာမ်နှင့် ရုပ်သာဟု ပြောသော်လည်း မထင်နိုင်၊ မမြင်နိုင်၊ မယုံနိုင်။ အကောင်ကြီး၊ အရှင်ကြီးဟု ခွါမရဖြုတ်မရ တွယ်ကိုက် စွဲလမ်း၏။ မာနကား လူသေကောင်၊ ခွေးသေကောင်နှင့် မခြား၊ အနှစ်အသားမရှိ၊ မခိုင်မခန့် ဖြစ်လွယ် ပျက်လွယ်၊ ရေပွက်ရေမြှုပ်ကဲ့သို့ ငါမဟုတ်ဟု ပြောသော်လည်း မထင်နိုင်၊ မမြင်နိုင်၊ မယုံနိုင်။ ဟုတ်တုတ်တုတ် ဟန်တန်တန်၊ ငါဟု ခွါမရဖြုတ်မရ တွယ်ကိုက်စွဲလမ်း၏။ တဏှာကား၊ အန်ချင်ဘွယ် အော့ချင်ဘွယ်။ မုန်းစရာကြောက်စရာ၊ ရောဂါမျိုး ဘေးမျိုး၊ ရန်မျိုး တွေဟု ပြောသော်လည်း မထင်နိုင်၊မမြင်နိုင်၊ မယုံနိုင်။ ယူချင်စရာ ရချင်စရာ၊ ခင်ဘွယ်မင်ဘွယ်၊ နှစ်သက်ဘွယ် အကောင်းတွေဟု ခွါမရဖြုတ်မရ တွယ်ကိုက် စွဲလမ်း၏။

အချို့သဒ္ဒါတရား ရှိသူတို့ နာမ်ရုပ်ဆိုတာ ဘယ်လိုဟာ၊ ငါဆိုတာ ဘယ်လိုဟာဟု မသိ။ သံသရာကို ကြောက်၊ သံသရာမှထွက်မြောက်၍ နိဗ္ဗာန်သို့ ရောက်လိုတတ်ကြ၏။ ထိုသူတို့ကား၊ ငါ့ကို သံသရာမှ အသီးအခြားနှုတ်ထား၍၊ ငါသံသရာထဲက ထွက်မြောက်၍ ငါနိဗ္ဗာန်သို့ ရောက်လိုကြ၏။ ငါပါလျှင် နိဗ္ဗာန်က လက်မခံ။ ငါ့ကိုသံသရာထင်၍၊ ငါဟူသောသံသရာမှ ထွက်မြောက်၍၊ နိဗ္ဗာန်သို့ ရောက်ချင်မှ လမ်းမှန်ကြသည်။

သံသာရောတိ ခန္ဓာဒီနံအဝိစ္ဆိန္နပဝတ္တာပဋိပါတိ။ **(နိဒါနသံယုတ် အဋ္ဌကထာ။)** သံသာရောတိ၊သံသရာဆိုသည်ကား။ ခန္ဓာဒီနံ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ အစရှိသည်တို့၏ အဝိစ္ဆိန္နပဝတ္တာ၊ လူ့ရုပ် နတ်ရွာ၊ အိုခါနာသေ၊ သန္ဓေမစဲ၊ ငရဲပြိတ္တာ၊ တချာချာ တပတ်ပတ်၊ မ ပြတ် ဖြစ် ၍ နေ သော။ ပဋိပါတိ၊ အ စဉ် ပင်တည်း။ ။အနက်။

တဏှာမာန ဒိဋ္ဌိတို့သည် အပေါ်ရံ ပညတ်အမှေးကိုအစွဲပြု၍ဖြစ်ကြ၏။ ပရမတ်မျက်စိ အလင်းကိုရမှ ပညတ်အမှေး ကွယ်ပျောက်မည်။ ပညတ်အမှေးကွယ်ပျောက်မှ နာမ်ရုပ်ကို တပ်အပ်ထင်ထင် သိမြင်နိုင်မည်။ နာမ်ရုပ်ကို တပ်အပ်ထင်ထင် အဟုတ် သိမြင်မှလည်း တဏှာမာနဒိဋ္ဌိ ကင်းပြတ်မည်။ တဏှာမာနဒိဋ္ဌိ ကင်းပြတ်မှလည်း အပါယ်နှင့် အမွေကင်းပြတ်၊ အိုလက်စ၊နာလက်စ၊ သေလက်စသိမ်း၍၊အငြိမ်းကြီးငြိမ်းကြရမည်။ **[နိဗ္ဗာန်ကို အမြင်မခက်၊ နိဗ္ဗာန်သို့အရောက်မခက်၊ တဏှာမာန ဒိဋ္ဌိတို့ကို ပယ်ဖြက်၍ယထာဘူတဉာဏ်ဖြင့် နာမ်ရုပ်ကို အမြင်ခက်သည်။ ဝိသေသ သာမညလက္ခဏာနှင့်တကွ နာမ်ရုပ်၌ သိမြင်ဘွယ်ရှိသမျှကို အသိ အဆုံးရောက် ကိစ္စပြီး သိလိုက်က၊ နိဗ္ဗာန်ကို အလိုလိုမြင်တော့သည်သာ၊ နိဗ္ဗာန်သို့ ရောက်တော့သည်သာ။ ရောက်ကလည်း ကိစ္စတွေ**

**လက်ငသိမ်း၍ ဒုက္ခတွေ ငြိမ်းလေ၏။]** ဒုက္ခတွေငြိမ်း ဆိုသော်လည်း နာမ်ရုပ်တို့၏ အငြိမ်းပင်။ ယင်းသို့သော အငြိမ်းဓာတ်ကိုပင် နိဗ္ဗာန်ဆိုရသည်။ ငြိမ်းစေတတ်သောနည်းလမ်းကို အဆုံးရောက် လိုက်နိုင်ကြ၍ ရှေးကသည်း ငြိမ်းကြ၏။ ယခု လိုက်နိုင်လျှင် ယခုလည်း ငြိမ်း၏။ နောက်လိုက်နိုင်လျှင် နောက်လည်း ငြိမ်း၏။ ယင်းအငြိမ်း ဓာတ်သည် အခါ ခပ်သိမ်း ရှိသည် ဆိုရသည်။ ယင်းအငြိမ်းဓာတ် နိဗ္ဗာန်သည် အလွန် သိမ်မွေ့သည်၊ အလွန် ခက်ခဲသည်၊ အလွန် နက်နဲသည်၊ အလွန်မြေသည်၊ အလွန်ချမ်းသာသည်။ ဤသို့စသည့် ချီးမွမ်း၍ မကုန်နိုင်သော ဂုဏ်လည်းရှိသည်။ ဘဝခင်မက်၊ တဏှာစွက်လျှင်၊ သဿတဘက်၊ ဥစ္ဆေဒဘက်၊ တချက်ချက်သို့ သက်တတ်သည်။

**လောကစက္ခု။**

# နိဗ္ဗာန်

## မိမိအနီးမှာပင် ရှိပါလျက် ပုထုဇဉ်တို့ မမြင်နိုင်သည်ကိုပြဆိုခြင်း။

**သန္တိကေ န ဝိဇာနန္တိ၊**
**မဂ္ဂါ ဓမ္မဿ အကောဝိဒါ။**

သုတ္တနိပါတ် သင္ဂဝယတနသံယုတ်ပါဠိတော်

ဓမ္မဿ၊အဟုတ်ရှိ,တကယ်ရှိပရမတ္ထတရား၌။ဝါ၊ သစ္စာတရား၌။ အကောဝိဒါ၊ မလိမ္မာ ကုန်သော။ မဂ္ဂါ၊ ပုထုဇဉ်လူပြိန်းတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ့်အနီးတွင် နီးလျက်နှင့်။ နဇာနန္တိ၊ မသိနိုင်ကြကုန်။ ။နိဗ္ဗာန်သည် အဝေးမှာ မရှိ၊ ကိုယ့်အနားတွင်ရှိသည်ဆိုလိုသည်။

**ကာမစ္ဆန္ဒာ န ပဿန္တိ၊ နိဗ္ဗာနံ ကာမမန္တရေ၊**
**ပဿန္တဥ္ဇဂတောအန္တံ၊တသ္မာဆန္ဒံ ဝိကောပယေ။**

ကာမစ္ဆန္ဒာ၊ ဝတ္ထုကာမဂုဏ်၊ ကိလေသာကာမဂုဏ်တို့သည် ကွယ်ကာဖုံးထားအပ်သည်ဖြစ်၍။ ဝါ၊ ကွယ်ကာဖုံးထားသောကြောင့်။ ကာမမန္တရေ၊ကာမဂုဏ်တို့၏အကြား၌။ ဝါ၊ ကာမဂုဏ်တို့၏အလယ်၌။

နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ နပဿန္တိ၊ မမြင်နိုင်ကြကုန်။ ဟိ၊ အကယ် မလွဲသဖြင့်။ တံ၊ ထိုကာမဂုဏ် တို့၏ အကြား ကိုယ့်အနားတွင် ရှိသော နိဗ္ဗာန်ကို။ ပဿံ ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်။ အန္တံ၊ ဆင်းရဲ ကင်းဘို့ ချမ်းသာဘို့ရန်၊ အားထုတ်ရသော အလုံး စုံသော ကိစ္စတို့၏ အဆုံးသို့။ ဂတော၊ ရောက်ရ လေ၏။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒံ၊ ကိလေသာကာမ ဂုဏ် အဖုံးကို။ ဝိကောပယေ၊ ဖျက်ဆီးရာ၏။ ။ နိဗ္ဗာန်ဟူသည် တခြားမှာရှိသည်မဟုတ်၊ ကာမဂုဏ် တို့၏အကြား၊ ကာမဂုဏ်တို့၏ အလယ်၊ ကိုယ့်အနား တွင်ပင်ရှိသည်၊ ရှိသော်လည်း ကာမဂုဏ်တွေ ဖုံး၍ နေသောကြောင့်မမြင်နိုင်သည်ကိုဆိုလိုသည်။

[အထက်ပါ နိဗ္ဗာန် အဆုံးအဖြတ်မှာ တတိယ ရွှေကျင် သာသနာပိုင်, ဒိဝဲယင်း ဆရာတော် ဘုရားကြီး၏၊ လောက စက္ခုနှင့် ပရမတ္ထစက္ခု-ကျမ်းမှ ထုတ်နှုတ်ဘော်ပြပါသည်။]

မြင်းခြံမြို့။

# စွန်းလွန်းဆရာတော်ဘုရားကြီး

၏

# အမေး အဖြေ

ဝန်ကြီးချုပ်(ဟောင်း)ဦးနု အမေး၊
တောင်သာဆရာတော်၊ ဖက်ပင်အိုင်
ဆရာတော်ကြီးများ၏အမေးများကို
ဖြေဆိုထားခြင်း။

၁၃၁၀-ခု၊ ဝါခေါင်လဆုတ် ၁၄-ရက် ကြာသပတေးနေ့ည ၈-နာရီအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် 'ဝန်ကြီးချုပ် သခင်နု'သည် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘုရားကြီးအား လျှောက် ထားသော-

## ပုစ္ဆာဝိသဇ္ဇနာ။

**မေး။** တထောင့်ငါးရာ တည်းဟူသော ကိလေသာဟာ ခန္ဓာကိုယ်ကြီးတွင် ဘယ်နေရာမှာ ကိန်းပါသတုံး ဘုရား။

**ဖြေ။** သိချင်သလား၊သိချင်လျှင်ဇာတိမြင်အောင် ကြည့် ဇာတိကိန်းတယ်။

**မေး။** ဘယ်လိုဇာတိ ဘယ်လိုမြင်အောင် ကြည့်ရမှာတုံး ဘုရား။

**ဖြေ။** မြေ, ရေ, လေ, မီး ဓာတ်ကြီး လေး ပါး ရှိတယ်မဟုတ်လား၊ ၎င်း ဓာတ် ကြီး လေး ပါး ကို သန္ဓါရက ပြုပြင် ပေးတော့ သိမှု, မှတ်မှု, ခံစားမှု ဖြစ်ပေါ်၍ လာတယ်။ အဲတာ ဇာတိဘဲ။ အဲသည် ဇာတိကို မြင်အောင်ကြည့်က သိလိမ့်မည်။

မေး။ နိဗ္ဗာန်၏ အကြောင်းကို အမိန့်ရှိတော်မူပါဘုရား။

ဖြေ။ နိဗ္ဗာန်အကြောင်း သိချင်သလား၊ သိချင်လျှင် ဘင်စွန်းမြင်အောင်ကြည့်က သိလိမ့်မည်။

မေး။ ဘယ်လို ဘင်စွန်း ဘယ်လို မြင်အောင်ကြည့်ရမှာတုံး ဘုရား။

ဖြေ။ ယောဂီပုဂ္ဂိုလ် တယောက်သည် မိမိခန္ဓာကိုယ်ကို သတိနှင့် သုံးသပ်၍ သမာဓိ ကြီးထွားလာသော် စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရား သုံးပါးကို ပိုင်းပိုင်းခြားခြား မြင်သောအခါ၊ သည်ဒုက္ခကြီးဟာ ဘယ်သူ့ ကြောင့် လဲ လို့ စိစစ် လိုက် တော့ လုပ်ပေးတတ်တဲ့လောဘ တည်းဟူသော သမုဒယကိုမြင်တော့ မဂ်က အနုသယကို ပယ်သတ်လိုက်ထာနှင့် ဥပါဒ်, ဌီ, ဘင်, ဆို တဲ့ အကြောင်း အကျိုး ပြတ်တာကို ဘင်စွန်းဟု ခေါ်တယ်၊ အဲသည်ဘင်စွန်းကိုပြောတာ။

---

## တံခါးကစောင့်ဖြတ်ပါ။

မြင်းခြံဆရာတော်က ဝိပဿနာတရား အားထုတ်ပုံအကျဉ်းချုပ်ကို ၁၂၉၂-ခု၊ ဝါဆိုလဆုတ် ၄-ရက်၊ တနင်္ဂနွေ နေ့တွင် ရေး၍ တောင်သာမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဂိုဏ်းချုပ် ဦးအဂ္ဂဝံသဆရာတော်ဘုရားထံသို့ ပေးပို့လိုက် သည်မှာ—

သံသရာစက် လည်ကြောင်း ပြတ်ကြောင်း နှစ်မျိုး ရှိသည်တွင် သံသရာစက် လည်ကြောင်း မလုပ်ဘဲနှင့် သံသရာစက်ပြတ်ကြောင်း တရားကိုသာ အားထုတ်ဘို့ပါဘဲဘုရား။

သံသရာစက်ပြတ်ကြောင်းလုပ်ရသည်မှာတံခါးက စောင့်၍ ဖြတ်ပါက သံသရာစက် ပြတ်ပါလိမ့်မည်၊ တံခါးဆိုသည်မှာ ကာယတံခါးက စောင့်၍ ဖြတ်ပါ၊ ကာယတံခါးကစောင့်၍ဖြတ်ပါ ဆိုသည်မှာ ကာယ တံခါးသည် စက္ခု စသော တံခါးတို့ထက် ယောဂီ ပုဂ္ဂိုလ် တို့၏ ဉာဏ်မှာ သိလွယ် မြင်လွယ် နှလုံး သွင်းလွယ် သုံးသပ်လွယ်သည်ဖြစ်၍နာမရူပပရိစ္ဆေဒ ဉာဏ် အမြင်သန်စေခြင်းငှါသာ ဆိုပါသည်။

စက္ခု စသော တံခါးကလည်း စောင့်၍ သတ်ရ ပါသေး၏၊ သတ်သော်လဲ စက္ခု စသော တံခါးသည် အလွန်သိမ်မွေ့သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်က နုံ့နှေးသောကြောင့် နာမရူပ ပရိစ္ဆေဒ ဉာဏ်အမြင် မသန်စေနိုင်ပါ၊ သို့ဖြစ်သောကြောင့် ကာယတံခါးက စောင့်၍ဖြတ်ပါ ဆိုပါသည်။

ထိုကာယ တံခါးကလည်း ထိမှုဖြစ်တတ်ပါသည်၊ အဲဒီထိမှုမှာ သိမှုလဲပါပါသည်၊ အဲဒီ ထိမှု သိမှု ထို နှစ်ခုကို သတိကြပ်ကြပ် ပြုဘို့ဘဲဘုရား။

ထိုကာယတံခါးကိုထိတော့ ဖဿဖြစ်သည်၊ ဖဿ ဖြစ်တော့ ဝေဒနာဖြစ်သည်၊ ၎င်းဝေဒနာကို တဏှာ ဥပါဒါန်ဘဝစသည် မဖြစ်ရအောင်သတိနှင့်စောင့်၍ သတ်ဘို့ပါဘဲဘုရား။

သတ်ရာမှာလဲ ဝေဒနာ သညာ, ဝေဒနာ ပညာ နှစ်ပါး ဖြစ်တတ်ရာ၌ သညာ ဆိုသည်မှာ ပညတ် ဒြဗ်သဏ္ဌာန်ကိုအာရုံပြု၍ သုံးသပ်ခြင်းကိုဆိုပါသည်၊ ဝေဒနာပညာဆိုသည်မှာ ပရမတ်အစစ် ခံတတ်အနှစ် ကို အာရုံပြု၍ သုံးသပ်ခြင်းကိုဆိုပါသည်။

ထိုဆိုခဲ့သော ဝေဒနာသညာမဖြစ်စေဘဲ ဝေဒနာ ပညာ ဖြစ်ပါမှ ဥဒယဗ္ဗယ ဉာဏ် အမြင် သန်၍ မိမိ ဉာဏ်မှာ တစတစ သန့်ရှင်း၍ လာပါ လိမ့်မည်၊ ထိုနောက် ကာယတံခါးက စောင့်၍ သတိနှင့်သုံးသပ် သဖြင့် ထင်ပါများသော် မနောဒွါရာဝဇ္ဇန်း ဖြစ်ပြီး သည်နောက် သင်္ခါရုပေက္ခာ ဉာဏ် ဖြစ်ပေါ် လာ လိမ့်မည်။

ထိုသင်္ခါရုပေက္ခာဆိုတဲ့ ပရိကံ ဥပစာ အနုလုံဇော များက ကိလေသာ တရား ကင်းစင် သွားအောင် ပြုပေးတော့ ဂေါတြဘူက နိဗ္ဗာန်ကို မြင်ရရော၊ သည်တော့မှ ဂေါတြဘူက နိဗ္ဗာန်လို့ သညာပေး

လိုက်တာနှင့် ဝေါတြဘူ၏သညာသို့လိုက်၍ ၎င်းဝေါ
တြဘူ သညာ ပေးသော နိဗ္ဗာန်ကို အမှီ တံကဲ သဟဲ
ပြုပြီး မဂ်က အနုသယကို ပယ်ပါရောဘုရား။

**(ဤကား-အကျဉ်းချုပ်ပါဘဲဘုရား။)**

---

၁၂၈၇-ခုနှစ်ကဆုန်လဆုတ် ၄-ရက်နေ့
ပဲခူးမြို့ အဗျားရွာတွင် ဖက်ပင်အိုင်ဆရာတော်
ကြီးက မြင်းခြံ ဆရာတော် ဦးကဝိအား မေး
မြန်း ပြောဆိုခြင်း။

**(အကျဉ်းသခ်ေပ မှတ်တမ်း၊)**

**မေး။** စက္ခုနှင့် ရူပါရုံ ပြိုင်သော အခါ စက္ခုက ရူပါရုံထံ သွားသလား၊ ရူပါရုံကစက္ခုထံ လာလေ သလား။

**ဖြေ။** စက္ခုကလဲ မသွား၊ ရူပါရုံကလဲ မလာပါ ဘုရား။

**မေး။** ဒါဖြင့် ဘယ်နှယ် မြင်နိုင်သတုံးဗျ။

**ဖြေ။** သူသတ္တိက ရှေးရှု သောအခါ မြင်ခြင်း၄ါ စွမ်းနိုင်ပါ၏ဘုရား။

မေး။ ဒါဖြင့် ရုပ်ပါရုံက လာတာပေါ့ဗျား။

ဖြေ။ မလာပါဘုရား၊ ဥပမာ နေကို ကြည့်သော သူသည် နေ၏ သတ္တိ အရောင် အလင်း မျက်စိကိုနှိပ်စက်ခြင်းသာရှိပါ၏ဘုရား၊ နေဝန်း ကြီးက မျက်စိထဲဝင်လာသည် မဟုတ်ပါ၊ မျက်စိ ကလဲ နေဝန်း ထဲ ဝင်သွားသည် မဟုတ်ပါဘုရား။

မေး။ ဒါဖြင့် နေပါအုံးတော့ဗျာ၊ နိဗ္ဗာန် အကြောင်း ပြောစမ်းပါ။

ဖြေ။ နိဗ္ဗာန် ဆိုတာ ဘုရား၊ (ဥပမာ) ယောဂီ ပုဂ္ဂိုလ် တယောက် သည် ဝိပဿနာ အား ထုတ် ၍ စိတ် - စေတသိက် ရုပ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အလွန် ကြီးစွာ သော ဆင်းရဲ ကြီး ဟု ငြီး ငွေ့ လျက် ဆင်းရဲ ခြင်း၏ အ ကြောင်း ကို ရှာက တဏှာကို သိရ သည် နှင့် တပြိုင် နက် မဂ်က ၎င်း တဏှာကို ပယ် လိုက် တော့၊ အကြောင်းအကျိုး ပြတ်သွား ပါ ရော။ အဲဒီရှေးဦးစွာ မဂ်ကမပယ်မီ ဖြစ် ပျက် ‌နေ တ ာ သခ်တ နောက် တော့ အကြောင်း အကျိုးပြတ်၍ ဘာမှ မရှိတာ ကတော့ အသင်္ခတ-နိဗ္ဗာန်ပါဘဲ ဘုရား။

မေး။ ၎င်းနိဗ္ဗာန်မှာ နေဝန်း-လဝန်း သဏ္ဍာန်များလို အရောင်တွေများ ရှိသလားဗျ။

ဖြေ။ အရောင်တွေ မရှိပါ ဘုရား။

မေး။ ဒါဖြင့် ဘယ့်နှယ်နေတုန်းပြောစမ်းပါဗျာ။

ဖြေ။ ပြောစရာ မရှိပါ ဘုရား။

မေး။ ဒါဖြင့် နိဗ္ဗာန် မရှိဘူးလား။

ဖြေ။ ရှိပါရဲ့ ဘုရား။

မေး။ စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်လို့ ပရမတ်တရားလေးပါး,ရှိ မဟုတ်လားဗျ။

ဖြေ။ ရှိပါတယ် ဘုရား။

မေး။ အဲဒီ ပရမတ် ပြောပါဗျား။

ဖြေ။ ဆရာတော်ဘုရားဦးကဝိက ပရမတ်ဆိုလျှင် ဘာမှ ပြောစရာမရှိ လက်ပိုက်ထိုင်နေရုံဘဲ။

မေး။ နေစမ်း ပါအုံးဗျာ၊ ဟောဒီ ရွှေတုံးကြီးကို ခဲလို့ ပြောဆိုကာမျှဖြင့် ၎င်း ရွှေတုံးကြီး ခဲဖြစ်သွားမှာလားဗျ ပြောစမ်းပါအုံး။

ဖြေ။ ခဲမဖြစ်ပါဘုရား၊ သို့သော်လဲ ပညတ်တရားကြီးလို ဒြပ်ဝတ္ထုနှင့် ထင်ရှား မပြနိုင်ပါ၊ နာမ်ရုပ်တို့၏ ဥပါဒ်ဌီဘင် မရှိ၊ ချုပ်ငြိမ်းသွားတာကို နိဗ္ဗာန်လို့ ခေါ်တာဘဲ။

မေး။ ဉာဏ် ၁၀ ပါး ပွါးများတာ ပြောစမ်း ပါဗျာ။

ဖြေ။ (ဥပမာ) ယောဂီပုဂ္ဂိုလ် တယောက်သည် အာနာ ပါန နှင့် သမာဓိ ရင့်သောအခါ မိမိ ကိုယ်ပေါ်မှာ ဝေဒနာကို သတိနှင့် လိုက်ပါရော ဘုရား၊အဲဒါနှင့်ပဋ္ဌမကတော့ သညာ အားဖြင့် ဝေဒနာ ပေါ်ပြီးနောက် ဖြစ်ပျက်ခြင်း ဓမ္မကို ဟုတ်တိုင်း မှန်စွာ မြင် ပါရော၊ ဒါနဲ့ ကြောက်ခြင်း၊ ရွံရှာခြင်း၊ ဖြစ်ပါရောဘုရား။

မေး။ ဉာဏ် ၁၀ ပါးဟာ တခုစီ ပွါး ရမည် မဟုတ်လားဗျ။

ဖြေ။ တခုစီ ပွါးတာက ကိုယ့်အလိုပါဘုရား။

မေး။ တခုစီ မပွါးလျှင် ဘယ့်နှယ် လုပ်မှာတုံးဗျ။

ဖြေ။ သမ္မသနဉာဏ် သုံးသပ်ရုံမျှနှင့် ဖြစ် ပျက် ခြင်း၊ ကြောက် ခြင်း, ရွံခြင်း၊ စသည်ဖြစ် ပွါးပါရော ဘုရား။

နေစမ်းပါအုံးဗျာ၊ အင်း ဒီဟာက သမ္မ သနဉာဏ်၊ သုံးသပ် လိုက်တော့ ဖြစ်ပျက် တာ က ဥဒ ယဗ္ဗယ ဉာဏ်၊ ပျက် တာက

ဘင်ဉာဏ်၊ ကြောက် တာက ဘယဉာဏ်၊ ရှုတာက အာဒီနဝဉာဏ်၊ အေး ဟုတ်ပေတယ်ဗျ၊ ဟုတ်ပေတယ်။

**မေး။** ဦးကဝိရဲ့ လောကမှာ ပညတ် အားဖြင့် သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာလို့ ရှိကြမဟုတ်လား။

**ဖြေ။** ရှိပါရဲ့ဘုရား။

**မေး။** အဲဒီ ပုဂ္ဂိုလ် များဟာ အစဉ် အတိုင်း တောက်လျှောက် သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာလို့ တက်သွားသလား။

**ဖြေ။** မတက်ပါဘုရား။

**မေး။** ဒါဖြင့် ဘယ်လိုတက်ရတုံးဗျ၊ တက်ပုံပြောစမ်း ပါဗျာ။

**ဖြေ။** (ဥပမာ) ယောဂီပုဂ္ဂိုလ် တယောက်ဟာ သမ္မ သနဉာဏ်ကို သုံးသပ်၍ ဉာဏ် ဆယ်ပါး ကုန်သွားပြီးနောက် ပညတ်အားဖြင့် ၎င်းပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်ကြပါတယ်ဘုရား။

၎င်းနောက် သမ္မာသနုဉာဏ် သုံးသပ်အုံး၊ ဉာဏ် ၁၀ ပါး ကုန်ပြန်က သကဒါဂါမ်လို့ ခေါ်ကြပါတယ် ဘုရား။ဤကဲ့သို့ လေးကြိမ်တက်က ရဟန္တာလို့ခေါ်ကြ ပါတယ်ဘုရား။ (လောကီစကား အလွန်များ သော ကြောင့် မရေးပြီ)။

---

၁၂၀၇ ခုနှစ်၊ တော်သလင်း လဆန်း (၃)ရက်နေ့ ညနေ (၆) နာရီ အချိန်တွင် ဖက်ပင်အိုင် ဆရာတော် ဘုရားကြီး ကြွလာ တော် မူသောအခါ ဆရာတော်ဦးပုည၊ဦးဇာ ဂရ စသော ရဟန်းတော်များနှင့်တကွ ဒါယ ကာများ ဆည်းကပ် နေကြစဉ် ဖက်ပင်အိုင် ဆရာတော် ဘုရားကြီးက မြင်းခြံ ဆရာတော် အား မေးမြန်းပြောဆိုပုံ။

(က) ဦးကဝိတို့ ကြွလာမည့် အကြောင်းကို ပင့် စာ၌ ပါသော ကြောင့်သာ ယနေ့ညနေ လာခဲ့ရတာ ပါဘုရား။ သို့မဟုတ်လျှင် နက်ဖြန် နေ့ ဆွမ်း မှီရုံ လောက်မှာသာ လာမည်ဟု ကြံပါတယ်။ လူကြီးဆို တော့ သွားလာ ရတာများ တယ်ဝန် လေးတယ် ဦးကဝိရဲ့။

မှန်လှပါဘုရား။

(ခ) ကဲ ဦးပုညတို့ဦးဇာဂရတို့ဦးကဝိနှင့်စကား ပြောကြပါဘုရား။တပည့်တော်တော့ မောသေးတယ်။

မှန်လှပါဘုရား။ အမောအပန်းဖြေ၍ နားနေ ပြီး နောက် ဆရာတော် ဘုရားသာ အမိန့်ရှိတော် မူပါ ဘုရားဟု လျှောက်ကြတော့၊ အမော အပန်း မဖြေဘဲ ဆက်လက်၍ အောက်ပါအတိုင်း ပြောဆိုလေ၏။

(ဂ) ဦးကဝိ တပည့်တော်များသည် တပါးနှင့် တပါး ဘွားခနဲယခုမှတွေ့မြင် ကြသောပုဂ္ဂိုလ်များလဲ မဟုတ်ကြပေ။ ရှေးကလဲ တွေ့ဘူး မြင်ဘူးသူများ ဖြစ် ကြ၍ တပါးကိုတပါး အားနာစရာမရှိ။ မေးမြန်းစရာ ရှိသလောက်တော့ မေးမြန်းခွင့်မရပေဘူးလားဘုရား။

မှန်လှပါ၊ ဆရာတော်ဘုရား၏ တပည့်ကို အလို ရှိသ၍သာ ဆုံးမတော်မူပါဘုရား။

(ဃ) ကဲဒါဖြင့် ရှေးက ပဲခူးမြို့ အဗျား ရွာတွင် တွေ့ကြစဉ် ကတော့ ဖျုံးကနဲ တွေ့ကြ ရတာကလဲ တကြောင်း၊ အာဂန္တု ကချင်း ဖြစ်နေကြတာကလဲ တကြောင်းမို့၊ မေးသင့် သလောက်သာ မေးရ ပေ တယ်။ ယခုတော့ တဖန် ဆက်လက်၍ မေးရ ပြန် တာပေါ့။

**မေး**။ ဦးကဝိရဲ့၊ ယခုသီတင်းလဲ ကျွတ်ခါနီးပြီ၊ ယခု ဝါတွင်း ဘာကိုများ အာရုံပြု၍ သီတင်းသုံး နေပါသတုံးဘုရား။

**ဖြေ**။ သာသနာတော်ကို အာရုံပြုနေ ပါတယ် ဘုရား။

**မေး**။ သာသနာတော်ကို ဘယ်ပုံ အာရုံ ပြုပါ သတုံးဘုရား။ သာသနာဆိုတာ ပရိယတ်,ပဋိပတ် နှစ်ပါး ရှိပါတယ်။ ထိုနှစ်ပါး တို့တွင် ဘယ်သာသနာကို ဘယ်ပုံ အာရုံပြုနေပါသတုံးဘုရား။

**ဖြေ**။ ဘုရား တပည့်တော်မှာ စာကလဲ မတတ်တော့ ပရိယတ္တိ သာသနာကို ချီးမြှင့်ခြင်းငှါ မစွမ်းနိုင်ပါ။ ဒါကြောင့် ပဋိပတ္တိ သာသနာ ပေါ်တွင်သာ သမာဓိ မရသေးသော ပုဂ္ဂိုလ်များလဲ သမာဓိ ရလေအောင်၊ ရပြီးသော ပုဂ္ဂိုလ်များလဲ ရင့်သည်ထက် ရင့်အောင်၊ ရင့်ပြီးသော ပုဂ္ဂိုလ်များ လိုရင်းကိစ္စ ပြီးစီးကြ အောင်ဟာ အာရုံပြုနေရပါ၏ဘုရား။

**မေး**။ ဒါဖြင့်လျှင် မေတ္တာပေါ့ဘုရား။

**ဖြေ**။ မှန်လှပါဘုရား။

**မေး**။ မေတ္တာဆိုတော့ သတ္တပညတ်ပေါ်၌စိတ်ကို ထား၍ လောကီ ရှိပါသေးတယ်။ လောကုတ္တရာ၌ကော ဘယ်လို အာရုံပြုပြီး စိတ်ကို ထားပါသတုံး

ဘုရား။ လောကုတ္တရာ မှာကော စိတ်ကို မထား ဘူးလား။

**ဖြေ။** လောကုတ္တရာ ပေါ်မှာလဲ စိတ်ကိုထားပါရဲ့ ဘုရား။

**မေး။** အဲဒီ လောကုတ္တရာ ပေါ်မှာ ချည်းဘဲ စိတ် တွေကို ထားပါတော့လား ဘုရား။ အဘယ်ကြောင့် လောကီစိတ်တွေသို့ ရောက်နေ ရသေးသလဲ။

**ဖြေ။** လောကုတ္တရာ ပေါ်မှာချည်း သက်သက် စိတ်ကို မထားနိုင်ပါဘုရား။ ခန္ဓာဝန်ကြီးက အလွန် လေးသောကြောင့် လောကီ တလှည့် လောကုတ္တရာ တလှည့်၊ ပြောင်းခံနေရပါ၏ဘုရား။

**မေး။** ကဲဒါဖြင့် လောကီ ပညတ် အာရုံ ပြုပုံ ကိုတော့ ထားလိုက်ပါဦးတော့ဘုရား။ လောကုတ္တရာ ပရမတ်ကိုတော့ ဘယ်လိုအာရုံ ပြုပါသတုံးဘုရား။

**ဖြေ။** မိမိ မြင် ဘူး တာကို အာရုံပြုရ ပါ တယ် ဘုရား။

**မေး။** ဒါဖြင့် အခြား စာတွေကို ထားလိုက်ပါ ဦးတော့၊ သင်္ဂြိုဟ်ဆိုတဲ့အတိုင်း ''မဂ္ဂဖလဥ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော'' စသည် ဖြင့် ပစ္စဝေက္ခ ဏာပေါ့။

**ဖြေ။** မှန်လှပါဘုရား။

မေး။ ဒါဖြင့် မဂ်ဖိုလ် နိဗ္ဗာန် ကို အာရုံပြုရတာနှင့် ပညတ်ကို အာရုံပြုရတာ ဘယ်က သာ ခက်သတုံးဘုရား။ မဂ်ဖိုလ် နိဗ္ဗာန်ကို အာရုံ ပြုရတာက သာ၍ မခက်ပေဘူးလား ဘုရား။

ဖြေ။ တပည့်တော်သဘောဖြင့် ဘယ်ဒင်းမှမခက်ပါဘုရား။

မေး။ မဂ်ကို အာရုံပြုပုံ ပြောပြစမ်းပါဘုရား။

ဖြေ။ ဥပမာ ရောဂီ ပုဂ္ဂိုလ် တယောက် သည် ဝိပဿနာ တရား အားထုတ်၍ တက်လာတယ် ဆိုပါတော့ဘုရား။ အဲဒီတော့ ဘဝင် အနည်းငယ်မျှ ကျသွားပြီးနောက် ရှေ့စိတ် သုံးပါးက ကိလေသာတရားကို ဖယ်ရှား ပေးပါရော ဘုရား။ နောက်စိတ်က နိဗ္ဗာန်ကိုမြင်ပါရော။ ဒါနဲ့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားသုံးပါး ဖြစ်ချုပ်, ဖြစ်ချုပ်, ဖြစ်နေတာကိုပင် ကြီးစွာသော ဆင်းရဲကြီးပါကလား။ ဒီဆင်းရဲဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ စစ်လိုက်တော့ ၎င်းစိတ်, စေတသိက် ရုပ်ကို ပြုလုပ်ပေးတတ်တဲ့ လောဘကို မြင်ပါရော ဘုရား ယခုပြောနေတာက တခုစီပြောရလို့ ကြာနေတာပါ ဘုရား။ ဟိုမှာတော့ ဘာမှ မကြာပါ ဘုရား။ ဆင်းရဲကို သိတာနှင့် တပြိုင် နက်သဲ ဖြစ်သွားတာပါ။

ကဲ ပြောသာ ပြောပါဘုရား။

အဲဒီလိုလုပ်ပေးတဲ့သူကိုမြင်တော့ နိုင်တဲ့သူက ဗျုံးခနဲ ပြုလုပ်ပေးတဲ့ သူကို သတ်လိုက် ပါရော။ အဲဒါက မဂ်ပါဘဲဘုရား။ဒီတော့စိတ်,စေတသိက် ရုပ်များလဲ ဖရိုဖရဲဖြစ်သွားသလို ဖြစ်သွားတော့ အကြောင်း အကျိုး ပြတ်သွားပါရော ဘုရား။ အဲဒါ နိဗ္ဗာန်ပါဘဲဘုရား။ ဒါနဲ့ နောက် တော့ ဖိုလ်ဇော အုပ်သွားပါရော။ အဲဒါ မြင်ဘူးတာ တွေ့ပါဘဲဘုရား။

**မေး။** နေစမ်းပါအုံး ဘုရား။ ဒီမဂ်ဖြစ်တဲ့ အခါ များ ထင်ထင်ရှားရှား မဂ်ဖြစ်မှန်းသိရဲ့လား။

**ဖြေ။** မသိပါဘုရား။ နောက်ဆင်ခြင်မှ သိရပါ၏ ဘုရား။

**မေး။** နောက်ဆင်ခြင်မှ သိရတယ်ဆိုတာ ဟုတ် ပါရဲ့လား။

ယထာ ပိ မူလေ အနု ပဒ္ဒဝေ ဒဠှေ၊
ဆိန္နော ပိ ရုက္ခော ပုနဒေဝ ရူဟတိ။
ဧဝံပိ တဏှာနုသယေ အနူပဟတေ၊
နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။ ။

အနုပဒ္ဒဝေ၊ စိမ်းစိမ်း လတ်လတ် မသတ်ဖြတ် သေးသော။ မူလေ၊ ရေသောက်မြစ်ကြီးသည်။ ဒဠှေ၊

မြဲမြံခိုင်ခန့်သည်ရှိသော်။ ဆိပ်နွှေဒပိ၊ အခက်၊ အရွက်၊ အပင် ပြတ်သော်လည်း။ ရုက္ခော၊ သစ်ပင်သည်။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိယထာ၊ ပေါက်ရောက်ပြန်သကဲ့သို့။ ဧဝံ၊ ဤအတူသာလျှင်။ တဏှာနုသယေ၊ အဖန်ဖန် ကိန်းတတ်သော တဏှာကို။ အနုပဟတေ၊ မဂ်ဖြင့် မပယ်အပ်သေးသည် ရှိသော်။ ပုနပ္ပုန်၊ အဖန်တလဲလဲ။ ဣဒံဒုက္ခမ္ပိ၊ ဤသံသရာ ဝဋ်ဆင်းရဲသည်လည်း။ နိဗ္ဗတ္တတေ၊ဖြစ်ရဦးမည်ကား မုချ မလွဲတည်း။

ဟု ကျမ်းဂန်လာတဲ့ အတိုင်း လောဘကို မဂ်က ပယ်တယ်ဆိုတာ ဟုတ်ပါရဲ့၊ သို့သော်လည်း ယခု လောကမှာ တိုင်းတပါးက ရန်သူစစ်သည်ကို တိုက်ခိုက် သတ်ဖြတ်ရန် ထွက်သွားသော စစ်သူကြီးသည် မိမိတယောက်ထည်း မသွားဘဲ နောက်လိုက် နောက်ပါ စစ်သည်ဗိုလ်ပါ များစွာ တို့နှင့် ထွက်၍ ရန်သူစစ်သည်ကို တိုက်ခိုက် သတ်ဖြတ်သလို ယခု လောကုတ္တရာ မဂ်ဟာလဲ လောဘကိုသတ်ရန် အဖော်များ ရှိသေးသလား။ တယောက်ထည်းဘဲ သတ်လေရော့သလား။

**ဖြေ**။ အဖော် ရှိပါသေးရဲ့ ဘုရား။

**မေး**။ အဖော်က ဘယ်သူတုံး၊ ထည့်ပေးစမ်းပါ။

**ဖြေ။ ဥပမာ** ယောဂီပုဂ္ဂိုလ် တယောက်သည် ဝိပဿနာတရား အားထုတ်၍ အထွဋ်အထိတ်သို့ ရောက်ခါနီး ရှေ့စိတ်သုံးပါးက ကိလေသာတရား ကင်းစင် သွားအောင် ပယ်ရှားလိုက် ပါရော ဘုရား။ အဲဒီလို ကိလေသာ စင်နေတော့ နိဗ္ဗာန်ကို မြင်တဲ့စိတ် ပေါ်ပေါက် လာပါရော ဘုရား၊ ၎င်းစိတ်က နိဗ္ဗာန်ကိုမြင်တော့၊ ၎င်းစိတ် မြင်သော နိဗ္ဗာန်ကို မဂ်က မှီခို တွယ်ကပ်ပြီး လောဘကို ပယ်သတ်လိုက်ပါရော ဘုရား။

**မေး။** မဂ်တော့ သဘော ကျပါပြီ ဦးကဝိရယ်၊ အလွန် သိမ်မွေ့ ခက်ခဲ နက်နဲတဲ့ နေရာတွေ နော်၊ တပည့်တော်များကတော့ စာတွေ့ ပြောရတာ၊ ဒါနဲ့ မဂ်နောင် ဖိုလ်ဇော အုပ်လိုက်တယ်ဆိုတာ စိတ်ထဲမှာ ဘယ့်နှယ် နေသတုံး ဘုရား။

**ဖြေ။** ကောင်းကောင်း မသိလိုက်ရပါဘုရား။

**မေး။** မဂ်နောင် ဖြစ်တဲ့ ဖိုလ်က အာနန္တရိက ဖိုလ် ခေါ်တယ် ဘုရား၊ နှစ်ကြိမ် သုံးကြိမ် တည်း ဖြစ်တော့ စိတ်ကလဲ အလွန် လျင်မြန်သဖြင့်၊ ကောင်း မွန်စွာသိနိုင်မှာမဟုတ်ဘူး၊ ဒါထက် မဂ်ကိုဆင်ခြင်တဲ့ အခါ သိရှိပုံများ ဘယ်လိုနေသတုံးဘုရား။

ဖြေ။ ဥပမာ–ယောဂီ ပုဂ္ဂိုလ် တယောက်ဟာ သောတာပတ္တိမဂ်ကို ရတယ်ဆိုပါတော့၊ ၎င်းပုဂ္ဂိုလ်ဟာ မိမိရသော မဂ်ကိုဆင်ခြင်သောအခါ ငါ-သောတာပတ္တိမဂ်ကို ရပြီဟု သိရှိပါဘဲဘုရား။

မေး။ ဖိုလ်ကို ဆင်ခြင်တဲ့ အခါ ဘာကို အာရုံပြုသတုံး ဘုရား၊ အဲဒီ ဖိုလ်စိတ် ဖြစ်နေတဲ့ အခါ စိတ်ထဲမှာ ဘယ်လိုမျှားနေသတုံး ဘုရား။

ဖြေ။ မိမိမြင်ဘူးတဲ့ အကြောင်း အကျိုး ပြတ်ရာကလေးကို အာရုံပြုလိုက်ထာနှင့် ဖိုလ်စိတ်ဖြစ်လာပါရောဘုရား၊ အဲဒီတော့ စိတ်ချမ်းသာပြီး။ မှိန်းနေပါရော ဘုရား။

ဆရာတော်····အဲဒီလို ဆင်ခြင်ပြီး ဝင်စားတာကဝလဉ္စနဖိုလ် ခေါ်တယ်။ အဲဒီ ဖိုလ်မှ သေသေချာချာသိရတယ်၊ တယ်ပြီး သိမ်မွေ့တယ် ဘုရား၊ ကဲ-တပည့်တော်လဲ ညောင်းသေးတယ် အနင်းခံပါ ဦးမယ် ဟုဖက်ပင်ဒိုင် ဆရာတော်ကြီးကျောင်းပေါ်သို့ ကြွသွားတော်မူလေ၏။

မြင်းခြံ ဆရာတော်က မဂ်၏ အဖေါ်သည် နိဗ္ဗာန်ပင်တည်းဟု ဖြေဆိုသည်ကို ဦးဓမ္မက, က သဘောမကျ မကျေနပ်လှ၍ ဖက်ပင်ဆရာတော်ကြီး နောက်သို့လိုက်ပြီး ကျောင်းပေါ်သို့ တက်သွားလေ၏။

## ဦးခမ္မိက,က ဖက်ပင်အိုင် ဆရာတော်ကြီးအား လျှောက်ထားပုံ။

**မေး။** ဆရာတော်ဘုရား - မြင်းခြံ ဆရာတော်က လောဘ တည်းဟူသော သမုဒယ သစ္စာကို မဂ်က ပယ်သော အခါ မဂ်၏ အဖော် နိဗ္ဗာန်ပင်တည်းဟု ဖြေဆိုခြင်းကို တပည့်တော်သဘောမကျပါ၊ အဘယ့် ကြောင့်ဆိုသော်၊ မဂ္ဂစိတ်၌သစ္စာလေးပါးသည် ပဒီပ နည်းအားဖြင့် တပြိုင်နက် ဖြစ်ခြင်းကြောင့် နိဗ္ဗာန်သာ မဂ်၏ အဖော် မဟုတ်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ လည်း မဂ်၏ အဖော် ဖြစ်သေး၏ ဟု နှလုံး သွင်းမိ ပါသည်ဘုရား။

**ဖြေ။** မဟုတ်ဘူး ဦးခမ္မိကရဲ့၊ 'မဂ္ဂေါ ဒုက္ခသစ္စံ ပဇာနာတိ' ဆိုတဲ့ အတိုင်း၊ မဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယ သစ္စာကို ပယ်ခြင်း၊ မဂ္ဂ သစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာကိုမျက်မှောက် ပြုခြင်းဆိုတာ မဂ်ကိစ္စ မဂ်၏စွမ်းနိုင်သော သတ္တိတွေ၊ အဖော်မဟုတ်သေးဘူး။

**မေး။** ဒါဖြင့်လျှင် ဘုရား၊ ယမိုက် ပရိညာဝါရ အတိုင်း ဉာတပရိညာ၊ တီရဏ ပရိညာ၊ ပဟာန ပရိညာ ထိုတဲ့ ပရိညာသုံးပါးသည် မဂ်ခဏ၌ တပြိုင်

နက် ရသောကြောင့်၊ ၎င်းပရိညာ သုံးပါးကို မဂ်၏ အဖော်ဟူ၍ မဆိုသင့်ပေဘူးလား ဘုရား။

**ဖြေ။** တပြိုင်နက် ဖြစ်ရုံ မျှနှင့် မဂ်၏ အဖော် ဟု မဆိုသင့်ဘူး ဦးဓမ္မိကရဲ့၊ အဖော် ဆိုတာ တပါးကို တပါးမှီရတာကိုဆိုတာပါ။

**မေး။** တပါးကိုတပါးမှီရတာကို အဖော် ဆိုလျှင် 'စိတ္တေန နိယုတ္တံ စေတသိကံ' ဆိုသလို မဂ်နှင့်အတူ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ စေတသိက် (၃၆) ပါးကို မဂ်၏အဖော်လို့ မခေါ်ထိုက်ပေဘူးလား ဘုရား။

**ဖြေ။** အဲဒီ (၃၆) ပါးသော စေတသိက်လဲမဂ်၏ အဖော်မဟုတ်သေးဘူး။ မဂ်နှင့် သဟကာရီကာရဏ သာ ဖြစ်သေးတယ်။ သမုဒယသစ္စာကို ပယ်ရာ၌ မဂ် အား ရှိအောင် အားကိုး အားထား မှီခိုစရာ မဟုတ် သောကြောင့် အဖော်မဟုတ်သေးဘူး။

**မေး။** ဒါဖြင့် မဂ်၏ အဖော်ကို တပည့် တော် သဘောကျအောင် အမိန့်ရှိပါအုံးဘုရား။

**ဖြေ။** ဟော မဂ္ဂဝီထိမှာ မနောဒွါရဝဇ္ဇန်း ဖြစ် ပြီးနောက် သဒ္ဓါရုပေက္ခာဆိုတဲ့ ပရိကံဥပစာ အနုလုံ ဇောများက ကိလေသာ တရားကင်းစင် သွားအောင် ပြုပေးလို့ ဂေါတြဘူက နိဗ္ဗာန်ကို မြင်ရငရာ။ ဒီတော့

ဂေါ်တြဲဘူက ဒီမှာ နိဗ္ဗာန်လို့ သညာ ပေးလိုက်ထာ နှင့် ဂေါ်တြဲဘူ၏ သညာသို့ လိုက်၍ ၎င်းဂေါ်တြဲဘူ သညာ ပေးသော နိဗ္ဗာန်ကို အမှီ တံကဲ သဟဲပြုပြီး မဂ်က အနုသယကို ပယ်တာ ဦးဓမ္မိကရဲ့။ ဦးကဝိ ပြောတာ ဟုတ်လိုက် တာများ အလွန် သိမ်မွေ့တဲ့ နေရာ တွေဗျာ။

# အတုမဲ့ရတနာ

သင့် အတွက် အကျိုး အရှိဆုံး၊ အတုမဲ့ နှစ်သက်ခြင်း,ချမ်းသာခြင်းကိုပေးစွမ်းနိုင်မည့် ရတနာ ဖြစ်သည်။

သင် ယခု အနှစ် သက်ဆုံး ဖြစ်နေသည့် စိန်လက်ကောက်, စိန်ဆွဲကြိုး, စိန်နားကပ်, စိန်လယ်တုံ,စိန်ဘယက်,မြ,ပတ္တမြား စသော ရတနာ လှပ, ခိုင်ခန့်သော တိုက်တာ အိမ် အဆောက် အဦး, သား သမီး, ဂုဏ်သိန်, ရာထူး, ရာခံ, စိုးပိုင် မှုဂုဏ် စသည် တို့ထက် ရှဉ်မရအောင် သာလှ၍ ထိုစည်းစိမ် ချမ်းသာ များ ရတနာများ ကိုပင် ဖြစ်လာစေနိုင်သော မည်သူတဦးတယောက် တဖွဲ့တသင်း,တနိုင်ငံ ကမ္ဘာတဝှမ်းလုံးကမှ ဖျက်ဆီးခြင်းငှါ မစွမ်း နိုင်သော အတုမဲ့ရတနာကို မျှော်ပါ။

# တရားမှန်တော်ကြီး

# လောကဆုံးမိမ္ဗာဏ်

# သုဒုဒ္ဒသသုတ်

ဣဒံပိ ခေါ ဌာနံ သုဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရ သမထော, သဗ္ဗုပဓိပ္ပဋိ နိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ၊ ပြုပြင်ရေး အားလုံး ငြိမ်းစဲရာ, ကိုယ်အစု အားလုံးကို စွန့်ပယ်ရာ, တသ်မက်ခြင်း ကုန်ခန်းရာ, တသ်မက်ကင်းရာ ချုပ်ငြိမ်းရာ နိဗ္ဗာန် မည်သည်ရှိ၏၊ ဤ နိဗ္ဗာန် အရေးကိုလည်း အလွန်မြင်နိုင်ခဲ၏။

ဤဘုရားစကားတော်တွင် သဗ္ဗသင်္ခါရ သမထော, သဗ္ဗုပ ဓိပ္ပဋိ နိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ ဟူသော စကားဖြင့် နိဗ္ဗာန်၏ သဘောကိုပြ၏၊ **နိဗ္ဗာနံ**-ဆိုသော စကားဖြင့် နိဗ္ဗာန် ထင်ရှား ရှိသည်ဟုဆို၏၊ ၎င်း၏ သဘောကို အခြား စကားများဖြင့်ပြ၏၊၎င်းတို့တွင် **သဗ္ဗသင်္ခါရ သမထော** ဆိုသော စကားဖြင့် ပြုပြင်ရေးအားလုံး ငြိမ်းစဲရာဟု ဆို၏၊ လူနတ် ဖြစ်ရေး လုပ်ငန်းမှ ငြိမ်းရာ ကုသိုလ် အကုသိုလ်ကင်းရာဟုဆိုလို၏၊ **သဗ္ဗုပ ဓိပ္ပဋိ နိဿဂ္ဂေါ** ဆိုသော စကားဖြင့် လူနတ်တို့ ကိုယ်အစု, လူနတ် စည်းစိမ် အားလုံး စွန့်ပယ်ရာ ဖြစ်ကြောင်း ဆို၏၊ **တဏှာက္ခယော ဝိရာဂေါ** ဆိုသော စကား များ ဖြင့်

တည် ခြင်း ကုန်၍ တည်ခြင်း ကင်း ကြောင်း ဆို၏၊ **နိရောဓ** ဖြင့် လောက လူနတ်အဖြစ် လူနတ်စည်းစိမ်နှင့် လူနတ် ကိုယ်အစု ငြိမ်း၍ တည်မက်ရေး အားလုံး ချုပ်ရာသည် **နိဗ္ဗာန်** ဖြစ်ကြောင်းဆို၏။

# ဒုက္ခနိရောဓသုတ်

ယင်း စကားမျှနှင့် မကြေနပ် သေးလျှင် တဖန် ကြည့်ရှုပါအုံး။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပတိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ရဟန်းတို့ ဤဆိုအံ့သည်ကား ဆင်းရဲချုပ်ငြိမ်းရာ အရိယ သူစင်တို့ အမှန် တရားတည်း၊ ယင်းသည့် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၌ တည်မက်သောတဏှာ၏ အကြွင်းမဲ့ တည်ခြင်းကင်း၍ ချုပ်ခြင်း, စွန့်လွှတ်ခြင်း, အဖန်ဖန် စွန့်လွှတ်ခြင်း, လွှတ်လပ်ခြင်း, အငြဲ့ကင်း ခြင်းပင်တည်း။

ဤစကားတော်၏အချုပ်ဆိုလိုရင်းမှာ အရိယသူစင်, သူကောင်းတို့အမှန်တရားဖြစ်သောနိဗ္ဗာန်ဆိုသည်မှာ ဘုံသုံးပါး၌ တည်မက် စွဲးလမ်း ခြင်း၏ အကြွင်းမဲ့ တည်စွဲးမဲ့ ချုပ်ငြိမ်းခြင်းပင် တည်းဟု ဆိုလို၏။

ယင်းစကားတွင်**ချုပ်ငြိမ်းခြင်း**ဆိုသည်မှာလောက အပေါ်၌ တသ်စွဲးခြင်းကို စွန့်လွှတ်ခြင်း အကြွင်းမဲ့ စွန့်လွှတ်ခြင်း ပင်တည်း၊ **စွန့်ခြင်း** ဆိုသော်လည်း တသ်မက်ခြင်းက လောကမှ စွန့်ထွက်သွားသည် မဟုတ်၊ မိမိဟူသော စွန့်တတ်သူက လွှတ်ထွက်ခြင်း လွှတ်လိုက်ခြင်း, အစွဲကင်းခြင်း ပင်တည်းဟု ထပ်မံ ထင်ရှားစေ ပြန်လေသည်။

မဟာသတိပဋ္ဌာန သုတ်တော်၌လည်း ဤဓမ္မစက္က ပဝတ္တန သုတ်တော် အတိုင်းပင် ဟောတော်မူ၍,ငင်း တသ်မက်ခြင်းသည် စွန့်ပယ်သော် ဘယ်၌ စွန့်ပယ် သနည်း၊ ချုပ်ငြိမ်းခဲ့သော် ဘယ်မှာ ချုပ်ငြိမ်းသနည်း ဟု မေးပြီးလျှင် မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် ဟူသော ချစ်နှစ်သက်ဖွယ် အာရုံတို့၌ပင် ပယ်စွန့် ချုပ်ငြိမ်းကြောင်း ဟောတော်မူလေသည်၊ ထို့ကြောင့် **နိဗ္ဗာန်** ဟူသည် လောကကြီး အပေါ်၌ တသ်စွဲး ကင်းရာပင်ဟု သိနိုင်၏။

---

# လောကသန္တသုတ်

ထိုစကားသည် များစွာမှန်လှ၏၊ **နိဗ္ဗာန်**ဆိုသည် မှာ ကမ္ဘာကြီးတခု အဖြစ်ဖြင့်ငင်း၊ ကမ္ဘာသူ တစုံတဦး အဖြစ်ဖြင့်ငင်း၊ တစုံတရာ၌ တည်နေသည်မဟုတ်ချေ၊

အသည်ဒြဗ်မရှိ အရပ်မျက်နှာ တည်နေရာ ညွှန်ကြား ရှုမြင်ဘွယ် မရှိချေ၊ ဤအဓိပ္ပါယ် ထင်ရှားရန် တဖန် ဤလောကဿန္တသုတ်ကို ကြည့်ရှုပါကုန်။

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယျတိ န မီယျတိ န စဝတိ န ဥပပဇ္ဇတိ နာ'ဟံ တံ ဂမနေန လောကဿန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ၊ နစာဟ'မာဝုသော, အပတွာ လောကဿန္တံ ဒုက္ခဿန္တ ကိရိယံ ဝဒါမိ၊ အပိစ ခွါဟ'မာဝုသော, ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကံစ ပညာပေမိ လောကသမုဒယံစ လောကနိရောဓံစ လောကနိရောဓဂါမိနိံစ ပဋိပဒန္တိ။

ဒိုတကာ လောဟိတဿ နတ်သား မဖြစ်ပွားရာ မအိုရာ, မသေရာ, မစုတေရာ, မဖြစ်ရာ လောက အဆုံးကို သွားရောက်ခြင်းဖြင့် သိအပ်မြင်အပ် ရောက်အပ်သည် ဟု ငါဘုရားမဟော၊ ဒို တကာ လောဟိတဿ နတ်သား လောက အဆုံးကိုမရောက်ပဲလည်း ဆင်းရဲဆုံးသည်ဟု ငါဘုရားမဟောချေ၊ ဒိုတကာ လောဟိတဿနတ်သား စစ်စစ်မူကား အမှတ်သညာ နှင့် စိတ်နှင့်တကွ တလံမျှရှိသော ဤကိုယ်ကောင်၌ပင် လောကဟု၎င်း၊ လောကဖြစ်ကြောင်းဟု၎င်း၊ လောက ချုပ်ငြိမ်းရာဟု၎င်း၊ လောကချုပ်ရာသို့ရောက်ကြောင်း ကျင့်ဝတ်ဟု၎င်း ဟောညွှန်၏။

ဤသည့် ဘုရား စကားတော် ဖြင့် နိဗ္ဗာန်သည် အရပ် သီးခြား တည်နေရာ မရှိကြောင်း ထင်ရှား လှလေ၏၊ အကြောင်းကား လောက ဟူသည်လည်း ဤကိုယ်ပင် လောကအဆုံး ဟူသည်လည်း ဤကိုယ်ပင် တည်း၊ ထိုစကား၌ လောက ဟူသည်ကား ဖြစ်ခြင်း, ပျက်ခြင်း ဒုက္ခ ထင်ရှားသော ဤ ကိုယ်ကိုပင် ဆို၏၊ အပြင်လောကလည်း အကြုံးဝင် လေသည်၊ လောက ဖြစ်ကြောင်း ဟူသည်ကား ဤ ကိုယ်ကိုပင် တဏှာ စွဲးလမ်းနေ၏၊ ထိုကြောင့်ပင် ဤကိုယ် ဖြစ်ပွားနေ၏၊ ထို့ကြောင့် တဏှာနေခြင်းကို လောကဖြစ်ကြောင်း ဟုဆို၏၊ လောကချုပ်ငြိမ်းရာ ဟူသည်လည်း ဤကိုယ် ကိုပင်ဆို၏၊ အကြောင်းကား ဤကိုယ်၌ပင် တဏှာ ခြင်း ကင်းရာ ဖြစ်လေသတည်း။

ဤကိုယ်ကိုပင် ချုပ်ငြိမ်းကြောင်း အကျင့် ဆိုသည် ကား ဤကိုယ်၌ပင် သီလ,သမာဓိ,ပညာဟူသော ကျင့် ဝတ်များ တည်နေ၍,၎င်း၌ တဏှာစွဲးလမ်း ကင်းရ လေသည်၊ထို့ကြောင့်ဤကိုယ်သည်ပင်ဆင်းရဲကောင် ဤကိုယ်သည်ပင်ဆင်းရဲကြောင်းတဏှာမှုတည်ရာ, ဤကိုယ်သည်ပင် တဏှာ ကင်း လွတ် ချုပ်ငြိမ်းရာ, ဤ ကိုယ်သည်ပင် တဏှာ ချုပ်ငြိမ်းရေး ကျင့်ဝတ် တည်ရာဟု သိမှတ်ရမည်။

# ပဒီပေါပမသုတ်

## အကြောင်းကို သာလွန် ရှင်းလင်းအောင် ဤဆိုလတ္တံ့ ပဒီပေါပမသုတ်ကို သိမှတ် အပ်၏။

ခိဏာံ ပုရာဏံ နဝ’နတ္ထိ သမ္ဘဝံ
ဝိရတ္တစိတ္တာ’ ယတိကေ ဘဝသ္မိံ၊
တေ ခိဏ ဗီဇာ အဝိရူဠှိ ဆန္ဒာ;
နိဗ္ဗန္တိ ဓီရာ ယထာ’ယံ ပဒီပေါ၊

ဤသည့် ပဒီပေါ ပမသုတ် အနက် သွား ကား၊ ပုရာဏံ၊ အဟောင်း ဖြစ်သော။ သမ္ဘဝံ၊ ဘဝဖြစ်ရေးသည်။ ခိဏံ၊ကုန်ပြီ။ နဝနဝံ၊အသစ်ဖြစ်သော၊ သမ္ဘဝံ၊ ဘဝကို ဖြစ်စေတတ်သည့် ကမ်သစ်သည်လည်း၊ နတ္ထိ၊ မရှိ။ အာယတိကေ ဘဝသ္မိံ၊ လာလတ္တံ့ အနာဂတ် ဘဝ၌။ ဝိရတ္တစိတ္တာ၊ တဲမက်ခြင်း ကင်းကုန်၏။ တေဓိရာ၊ထိုသည့် မင်္ဂဖိုလ် ပညာရှိတို့သည်။ခိဏဗီဇာ၊ ဘဝမျိုးစေ့ ကုန်ဆုံးကုန်ပြီ။ အဝိရူဠှိဆန္ဒာ၊ ဘဝစည် ပင် ပြန့်ပွားရန် အလိုလည်း မရှိကုန်မူ၍။ အယံ ပဒီပေါ ယထာ၊ ဤသည့် ဆီနှင့် မီးစာကုန်၍ ငြိမ်းသော ဆီမီးကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းအေးကုန်၏။

အဓိပ္ပါယ်ကား ရဟန္တာ ပုဂ္ဂိုလ်တို့မှာ ဘဝ ဟောင်းက ကိုယ်ကောင်ကို ဖြစ်စေတတ်သော ကမ် လည်း ကုန်ပြီ၊ အသစ်ပြုသော ဘဝလားကြောင်း ကမ်လည်း မရှိ၊ နောင်ဘဝသစ် ဖြစ်ဖွယ် တဏှာမက် ခြင်းလည်း ကင်းလွတ်၍ ဘဝမျိုးစေ့ ကုန်လေပြီ၊ ဘဝ၌ ဖြစ်ရန် ဆန္ဒလည်း မရှိကုန်၊ ထို့ကြောင့် ၎င်း တို့သည် ဆီနှင့် မီးစာကုန်၍ ငြိမ်းသော မီးတိုင်ကဲ့သို့ ဖြစ်ကုန်၏၊ တစုံတခုသော ဘုံဘဝ၌မျှ ဖြစ်ပွားသည်ဟု ဆိုစရာမရှိ၊ ဤတွင်ပင် ချုပ်ငြိမ်းလေသည်ဟု ဆိုလို၏။

---

# အယောဃနသုတ်

**ဤဆိုလတ္တံ့ အယောဃန သုတ်ဖြင့် အထက်ပါ အဓိပ္ပါယ်မှာ သာ၍လွှန်ထင်ရှားစေရာသတည်း။**

(က) အယောဃန ဟတဿေဝ,
ဇလတော ဇာတ ဝေဒသော၊
အနုပုဗ္ဗုပ-သန္တဿ,
ယထာ န ဉာယတေ ဂတိ။

(ခ) ဧဝံ သမ္မာ ဝိမုတ္တာနံ,
ကာမဗန္ဓောဃ တာရိနံ၊
ပညာပေတုံ ဂတိ နတ္ထိ,
ပတ္တာနံ မစလံ သုခံ။

အယောဃန ဟတဃေဝ၊ ကျောက်တုံးကိုသံတူဖြင့်ရိုက်ခတ်စဉ်ပင်လျှင်။ ဇလတော၊ တောက်လင်း၍လာသော၊ ဇာတဝေဒသော၊ မီးပွါး၏။ အနုပုဗ္ဗုပသန္တဿ၊ အစဉ်အတိုင်း ငြိမ်းချုပ်စဉ်။ ဝါ၊ အစဉ်အတိုင်းချုပ်ငြိမ်းသော။ ဇာတဝေဒသော၊ မီးပွါး၏။ ဂတိ၊လားရောက်ရာကို။ နညာယတေ ယထာ၊မသိအပ်သကဲ့သို့။ ဧဝံ၊ ဤနည်းအတူ။ကာမဗန္ဓောဃတာရိနံ၊ ကာမ အနှောင်အဖွဲ့ ဟူသော ဝဲသြဃမှ ကူးမြောက်ကုန်ပြီး၍။ သမ္မာဝိမုတ္တာနံ၊ မှန်ကန်စွာတသ်မက်ရေးဝဲးမှ လွတ်မြောက်ကုန်လျက်။ အစလံ၊ အတုန်အလှုပ်အချောက်အချားကင်းသော။ သုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပတ္တာနံ၊ ဆိုက်ရောက် ကြကုန်သော ရဟန္တာတို့၏။ ပညာပေတုံ၊ ထင်ရှား ဖေါ်ပြနိုင်ရန်။ ဂတိ၊ လားရောက်ရာသည်။ နတ္ထိ၊ မရှိချေ။

မီးခတ်ကျောက်ကို သံတုံးဖြင့် တဟိ တတိ ခတ်၍ မီးများပွင့်ထွက် ချုပ်ငြိမ်းလေရာ, ၎င်း မီးများသည် မည်သည့် နေရာသို့ ရောက်ဆိုက် တည်နေသည်ဟု ထင်ရှား ဖေါ်ပြရန် မရှိချေ။ အကြောင်းကား-၎င်း မီးပွင့်များသည် ကျောက်နှင့် သံကို မှီ၍ ပွင့်ထွက်ပြီးလျှင် ကျောက်ကုန်သဖြင့်မီးပွင့်ငြိမ်းစဲသွားလေသည်၊ ဤအတူပင် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ, ဟူသော သြဃလေးပါးကိုလွန်မြောက်

၍ဘုံဘဝ ဆင်းရဲမှ ငြိမ်းစဲး လွတ်လပ်လျက် မရွေ့ မရှားသော နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက်သော ရဟန္တာအရှင်မြတ်တို့၏လားရောက်ရာ ဂတိကိုမဖော်ပြနိုင်ချေ။

အကြောင်းကား-ဂတိသို့ ဆိုက်ရောက်ရေး ဇာတ်မက်ခြင်း အားလုံးကို အကြွင်းမဲ့ ပယ်စွန့် ထားလေသတည်း။

ဤ၌-ကာမဗန္ဓောဃ တရိန်း အရ, ကာမောဃ ကိုဆိုလို၏၊ ဥပလက္ခဏာ နည်းသာ ဖြစ်၍၊ ဘဝေါဃ စသော ဩဃ လေးပါးလုံးကိုပင် ယူရသည်။

ထိုတွင် ကာမောဃ ဟူသည် (ကာမ တဏှာ တဘုံတည်း၊) ဘဝေါဃ ဟူသည် ရူပ-အရူပ ဘုံနှစ်ဆယ်တည်း၊ ဒိဋ္ဌောဃ ဟူသည် ထိုထို အယူ အစွဲးတည်း၊ အဝိဇ္ဇောဃ ဟူသည် သစ္စာလေးပါးကို မသိခြင်း မောဟ တည်း။

---

# အနိဿိတသုတ်

အထက်ပါသုတ်လာ စကားများ သာလွန် ထင်ရှားရန်၊ အောက်ပါ အနိဿိတသုတ်ကို ဆိုအပ်၏။

နိဿိတဿ စလိတံ, အနိဿိတဿ စလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ အသတိ နတိ နဟောတိ၊ နတိယာ အသတိ အာဂတိ ဂတိ နဟောတိ၊

အာဂတိ - ဂတိယာ အသတိ စုတုပပါတော နဟောတိ၊ စုတုပပါတေ အသတိနေ’ဝိ’ဓ, နဟုရံ, န-ဥဘယမေန’မန္တရေန၊ ဧသေ’ဝ’န္တော ဒုက္ခဿ။

တည်မက် စွဲးလမ်းခြင်း၌ မှီထားသူအား လှုပ်ရှား၏၊ မမှီထားသူအား မရွေ့ရှား၊ တုန်လှုပ်ခြင်းမရှိသော် အေးမြငြိမ်းချမ်း၏၊ အေးမြငြိမ်းချမ်းသော် ညွတ်ကိုင်းခြင်း မဖြစ်၊ ညွတ်ကိုင်း ခြင်း မရှိသော် လာ ခြင်း ရောက်ခြင်းမရှိ၊ လာခြင်း ရောက်ခြင်းမရှိသော် စုတေ ရခြင်း ဖြစ်ပွါးရခြင်းမဖြစ်တော့၊ စုတေခြင်း ဖြစ်ပွါး ခြင်း မဖြစ်ခဲ့သော် ဤလောက၌လည်း မဖြစ်, ထို လောက တပါး၌လည်းမဖြစ်, ၎င်းတို့အကြား၌လည်း မဖြစ်၊ ဤသည်ကား ဆင်းရဲ၏ ဆုံးရာ နိဗ္ဗာန် ပင်တည်း။

ဤစကားဖြင့် နိဗ္ဗာန် ဘယ်မှာနည်း ဘယ်နေရာမှာနည်း ဟူသော အမေးအတွက် ဖြေရန် တာဝန် လွယ်ကူလေ၏၊ နိဗ္ဗာန်ဘယ်လိုပါနည်း ဟူသော မေးခွန်း၏၊ ဖြေဆိုလွယ်ကူ ရန်လည်းဖြစ်လေ၏။

ထိုသည့် ဘုရား စကားတော်၌ မှီထားသူ ဆိုသည် ကား- တဏှာ ဒိဋ္ဌိမာန မှီထား သူတည်း၊ မမှီသူ ဟူ သည်ကား-၎င်း သုံးပါးသော အမှီ အစွဲး မထားသူ တည်း၊ တုန်လှုပ်ခြင်းဟူသည်ကား-လာဘ အလာဘ

ယသ အယသ နိန္ဒာ ပသံသ သုခ ဒုက္ခ-ဟူသော လောကဓမ် ရှစ်ပါး အတွက် တသ်မက်ဖွယ်၌ တသ် မက်ခြင်း, ဆင်းရဲဖွယ်၌ ဆင်းရဲခြင်းတည်း။

အေးမြ ငြိမ်းချမ်းခြင်း ဟူသည်ကား ယင်းသည့် လောကဓမ်အတွက် မချောက်ချားခြင်းတည်း၊ ညွတ် ကိုင်းခြြင်း ဟူသည်ကား လူနတ်အဖြစ်, လူနတ် စည်း စိမ်၌ မတသ်မက်ခြင်းကို ဆို၏၊ လူမင်း နတ်မင်း၏ အဖြစ်ကို မတောင့်တတော့ဟု ဆိုလို၏။

လာခြင်း ရောက်ခြင်းဆိုသည်ကား-ထိုဘုံ ထိုဘဝ မှ ဤဘုံဤဘဝသို့ လာရခြင်း, ဤဘုံ ဤဘဝမှ ထိုဘုံ ထိုဘဝသို့ သွားရောက် ရခြင်းတည်း၊ စုတေခြင်း ဟူသည်ကား-ဤဘဝ၌ သေလွန်ခြင်းတည်း၊ ဖြစ်ပွါး ရခြင်း ဟူသည် ထိုထိုဘုံဘဝ၌ ဘဝသစ်, ပုဂ္ဂိုလ်သစ် ဖြစ်ရခြင်းတည်း။

ဤလောက ဆိုသည်ကား-ဤပစ္စက္ခလောကကိုပင် ဆို၏၊ ဤပစ္စက္ခနှင့် အလားတူသော လူ နတ် ဗြဟ္မာ ဟူသော သုံးလောကကိုပင်ဆိုလို၏။

တပါးသော လောက ဆိုသည်ကား-ဤလောကမှ တပါး အခြားသော လောက သီးခြား ဘုံ သီးခြား ရှိသည်ဟု ထင်မှတ်ကြရသောလောကတပါးကိုဆို၏။

နိဗ္ဗာန်တည်ရာ တပါး ရှိသည်ဟု ထင်မှတ်သူတို့အတွက် မရှိကြောင်း ဆို၏၊ ၎င်းတို့အတွင်း အကြားတွင် ဖြစ်သည်ဟုလည်း ထင်မှတ်ဖွယ်မရှိချေ၊ ဆင်းရဲးဆုံးရာ ဟူသည် နိဗ္ဗာန်ပင်တည်း။

---

# ဝိညာဏနိရောဓသုတ်

**ယခုအခါ နိဂုမ်းသတ်အဖြစ်ဖြင့် ဤသည့်ဝိညာဏနိရောဓသုတ်တော်ကို ညွှန်ပြအံ့၊ ကြိုးစား၍ နိဗ္ဗာန် အစိပ္ပါယ်ကို သိကြပါကုန်။**

(က) ဝိညာဏံ အနိဒဿနံ,
အနန္တံ သဗ္ဗတော ပဘံ၊
ဧတ္ထ အာပေါ စ ပထဝီ,
တေဇော ဝါယော နဂါဓတိ၊
ဧတ္ထ ဒီဃံစ ရဿံစ,
အဏုံ ထူလံ သုဘာသုဘံ၊

(ခ) ဧတ္ထ နာမံစ ရူပံစ,
အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန,
ဧတ္ထေ’ တံ ဥပရုဇ္ဈတိ။

အဘယ်နေရာ၌ ပထဝီ တေဇော အာပေါ ဝါယော ဟူသော ဓါတ်လေးပါး အကြွင်းမဲ့ ချုပ်ပါသနည်း ဟူသော အမေးမှအဖြေထွက်သော ဂါထာဖြစ်လေသည်၊ ဤသို့သိငြားမှ နိဗ္ဗာန်သွားအနက်ကို ဤသို့မှတ်ကြပါကုန်။

အနိဒဿနံ၊ မမြင်အပ်သော။ ဝါ၊ မမြင်ရ၍ မညွှန်ပြအပ်သော။ သဗ္ဗတောပဘံ၊ သို့ရာတွင် အရပ် အလုံးစုံ အရာ၌ အလုံးစုံ၌ ထိန်လင်းသော။ အနန္တံ၊ အဆုံး အပိုင်း အခြား မရှိသော။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာယတန ဈာန်အာရုံဖြစ်သောဝိညာဉ်သည် ထင်စွာရှိ၏။

ဧတ္ထ၊ ဤ ဝိညာဏက္ခန္ဓာယတန ဈာန် ဝိညာဉ်၌။ အာပေါစ၊ ရေဓါတ်သည်၎င်း။ ပထဝီစ၊ မြေဓါတ် သည်၎င်း။ တေဇော၊ မီးဓါတ်သည်၎င်း။ ဝါယော၊ လေဓါတ်သည်၎င်း။ နဂါဓတိ၊ ထောက်ရာ တည်ရာ မရ။ ဧတ္ထ၊ ဤသည့်ဝိညာဏက္ခန္ဓာယတန ဈာန်ဝိညာဉ်၌။ ဒီဃံစ၊ ရှည်သော ရုပ်သည်၎င်း။ ရဿံစ၊ တိုသော ရုပ်သည်၎င်း။ အဏုံ၊ သေးငယ်သော ရုပ်သည်၎င်း။ ထူလံ၊ ကြီးမားသော ရုပ်သည်၎င်း။ သုဘာသုဘံ၊ တင့်တယ် မတင့်တယ်သော ရုပ်သည်၎င်း။ နဂါဓတိ၊ ထောက်ရာ တည်ရာ မရ။ (ဤကား ရုပ်တည်ရာ မရသော အာရုံကို ပြဆိုချက်တည်း။)

အဓိပ္ပါယ်ကား = ဝိညာဏာဉ္စာယတန ဈာန်၏ အာရုံဖြစ်သော ဝိညာဉ်၌ ဓါတ်ကြီးလေးပါးနှင့် ရုပ် အားလုံး တည်ရာ မရ၊ မထောက် မိနိုင် ဟူလို၊= ဤကား ရုပ်ဆုံးရာဌာနတည်း၊-ရုပ် အကြွင်းမဲ့ ချုပ်၍ မရသည်ကို သတိပြုရမည်၊ ဧတ္ထ၊ ဤဆိုလတ္တံ့ ဝိညာဉ် ချုပ်ရာ၌။ နာမံစ၊ ဝေဒနာ သညာ စေတနာ နာမ် သည်၎င်း။ ရူပံစ၊ ဝိညာဉ်ကြောင့် ဖြစ်သောရုပ်သည် ၎င်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။

(ဤသို့ ချုပ်ငြိမ်းသော နာမ်ရုပ်သည် ဝိညာဏာဉ္စာယတန ဝိညာဉ်၌ ချုပ်ခြင်းပါလော ဟု မေးရန်ရှိ၍ နောက် နှစ်ပါဒ ကို မိန့်တော်မူ၏။)

ဝိညာဏဿ၊ ဝိညာဉ်၏။ နိရောဓေန၊ ချုပ်သော ကြောင့်။ ဧတ္ထ၊ ဤသည့် ဝိညာဉ် ချုပ်ရာ နိဗ္ဗာန်၌။ ဧတံ၊ ဤသည့် နာမ်ရုပ် နှစ်ပါးသည်။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ ချုပ်၏။

ဤသည့် နောက်ဆုံးပါဒပါ ဧတံ ပုဒ်၏ နာမ်ရုပ် နှစ်ပါးစုံကို ဆွဲးရသည်ကို ထောက်၍၊ ဤဂါထာအစ ဧတ္ထ နာမံစ ရူပံစ ဆိုသော ပါဒရှိ ဧတ္ထကို ဝိညာဏ နိရောဓဌာနကို ဆွဲးရသည် ဟု သိရန် လွယ်ကူ၏။

ဤ၌ အချုပ် ဆိုလိုရင်းကား-ဝိညာဏ နိရောဓါ နာမရူပနိရောဓေါပတိသန္ဓိ ဝိညာဉ်ချုပ်ခြင်းကြောင့်၊

နာမ် ရုပ် ချုပ်သည် ဟူသော ပတိစ္စသမုပ္ပါဒ် အရ ဖြေဆိုချက်ဖြစ်၍ ရှင်းလှ၏။

ဝိညာဉ်ချုပ်ရန် လုပ်ငန်းကိုပြပါ။ ဝိညာဉ်ချုပ်လိုလျှင် ကမ္ဘာဝ လောကကို တောင့်တ၍ ကမ်ပြုလုပ်ရေးကို ကြဉ်ရှောင်ရမည်၊ ဤကမ်ကုန်ရေး အတွက် ဉပါဒါန် ကင်းစေရမည်၊ ဉပါဒါန် ကင်းလိုလျှင် လောက၌ တသ်မက်သော ဘဝတဏှာကိုပယ်ရမည်။

---

# ဗာဟိယသုတ်

တသ္မာတိဟ တေ, ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ, သုတေ သုတမတ္တံ ဘဝိဿတိ, မုတေ မုတ မတ္တံ ဘဝိဿတိ, ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ, ဧဝံဟိတေ, ဗာဟိယ, သိက္ခိတဗ္ဗံ၊ ယတော ခေါ တေ,ဗာဟိယ, ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ, သုတေ သုတမတ္တံ ဘဝိဿတိ, မုတေ မုတမတ္တံ ဘဝိဿတိ, ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ, တတော တွံ, ဗာဟိယ န တေန၊ ယတော တွံ, ဗာဟိယ န တေန၊ တတော တွံ, ဗာဟိယ န တတ္ထ၊ ယတော တွံ,ဗာဟိယ

နှ တတ္တ,တတော တွံ, ဗာဟိယ, နေ့, ဝိဓ, နှ ဟုရံ,
နှ ဥဘယေသ’ မန္တရေန၊ ဧသေ’ ဝ’န္တော ဒုက္ခဿ။

ထိုသို့ တရားကို နာလို လှခဲ့ပြီတကား၊ အိုဗာဟိယ ဤလောက၌ သင် ဤသို့ ကျင့်ဆောင်လေ၊ မျက်စိဖြင့် မြင်ရရာ၌ မြင်ရကာမျှ ဖြစ်လေစေ၊ နားဖြင့်ကြားရရာ၌ ကြားရကာမျှ ဖြစ်လေစေ၊ နှာခေါင်းဖြင့် နံရရာ,လျှာ ဖြင့် အရသာကို သာယာရရာ, ကိုယ်ဖြင့် အထိ အတို့ တွေ့ထိ ရရာများ၌ နံလိုက် ရကာမျှ,သာယာ ရကာမျှ, တွေ့ထိ ရကာမျှ, ဖြစ်လေစေ၊ စိတ်ဖြင့် ထိုထိုအာရုံကို စိတ်ကူး သိရှိ ရရာ၌ သိလိုက်ကာမျှ ဖြစ် လေ စေ၊ ဒိုဗာဟိယ သင်သည် ဤသို့ ဖြစ်ခဲ့ပါမူကား သင်သည် ထိုသည့် အာရုံများနှင့် တစုံတရာ စပ်ဆက် ဖက်တွဲး မဖြစ်တော့ချေ။

အိုဗာဟိယ,သင်သည် ထိုသည့် အာရုံများနှင့် စပ်ဆက် ဖက်တွဲးခြင်း မဖြစ်ခဲ့သော် အိုဗာဟိယ,သင်သည် ထိုအာရုံတည်ရာ ဘုံဌာန၌ မတည်နေတော့ချေ။

အို ဗာဟိယ,သင်သည် ထိုအာရုံ ဘုံဌာန၌ မတည် နေခဲ့လျှင် အို ဗာဟိယ, သင်သည် ဤဌ၌လည်း မဖြစ်, ထိုဌ၌လည်း မဖြစ်, ဤ နှင့် ထို နှစ်ပါးတို့၏ အတွင်း အကြား၌လည်း မဖြစ်တော့၊ ဤ သည်လျှင် ဆင်းရဲး ချုပ်ဆုံးရာတည်း။

ဤတရားအဆုံး ဤနေရာတွင်ပင် ဗာဟိယ ပရိဗိုဇ် သည် ရဟန္တာ ဖြစ်လေသောဝ်၊ အလွန် ဉာဏ်အမြင် ထက်သန်လှသော ပုဂ္ဂိုလ်မြတ်ပေ။

ယခု ဤသုတ်ကို ဖတ်နာသူများတွင် မည်သူများ မည်မျှကျွတ်တန်း ဝင်ကြပါသနည်း၊ နားမှ လယ်ကြ ပါ၏လော၊ နားမှမလယ်လျှင်လည်း မဂ်ရောက်ဖိုလ်ရ မဖြစ်ပေရာ၊ ထို့ကြောင့် ဤသုတ်ကလေးကို လိုရင်းမျှ ဖွင့်ပြ ရှင်းလင်းစေဦးအံ့။

အချုပ် လိုရင်း အဓိပ္ပါယ်ကား ထိုထို အာရုံကို မြင်ရာ,ကြားရာ,နံရာ,စားရာ,တွေ့ထိရာ,စိတ်ကူးသိရှိရာ တို့၌ မြင်ကာမျှ, ကြားကာမျှ, နံကာမျှ, စားရကာမျှ, တွေ့ထိကာမျှ,သိရကာမျှ ဖြစ်စေ၊ မတည်မက် စေလင့်၊ မပြစ်မှားစေလင့်၊ ယင်းသို့ ဖြစ်ခဲ့လျှင် ထိုသည့် အာရုံ များ နှင့် သင် မစပ်ဆက်တော့၊ ထို အာရုံ ရှိသော သုံးလောက၌ သင် မဖြစ်ရတော့၊ ထိုလောက တပါး ၌လည်း မဖြစ်ရ, အကြား၌လည်း မဖြစ်ရ,ဒုက္ခဆုံး၏ ဟုဆိုလို၏။

ထိုထိုအာရုံ ရှိသော အရပ်တို့ကား....လောက သုံးပါးပင်တည်း၊ဤလောကသုံးပါး၌ ဤအာရုံများ တည်နေရာဖြစ်၏၊ ထိုသည့်အာရုံများ ဆိုသည်ကား (၁) အဆင်း၊ (၂) အသံ၊ (၃)အနံ့၊ (၄) အရသာ၊ (၅) အတွေ့၊ (၆) စိတ်ကူးရရာ အာရုံတို့တည်း။

ဤအာရုံခြောက်ပါး၌ တည်မက်နေ၍သာ ဤလော ကကြီးအတွင်း၌ဖြစ်ပွါးနေကြရကုန်၏၊ ၎င်းတို့၌မတည် မက်လျှင် လောကအတွင်း၌ ဖြစ်ရဖွယ် မရှိကုန်။

ဤ၌လည်း မဖြစ်တော့ ဟူသည်ကား- ဤကာမ ဘုံ၌ ဤလောက သုံးပါး၌ မဖြစ်တော့ ဟူလို၏၊ ထို၌ ဟူသည်ကား-ထိုရူပအရူပဘုံတို့၌ထိုလောကမှတပါး အခြား နေရာ တစုံ တခု၌ သော် ဟူလို၊ ဤနှင့် ထို အတွင်းအကြား ဟူသည်ကား-ဤ ကာမလောကနှင့် ထို ရူပ အရူပ လောက နှစ်မျိုးတို့ အတွင်း အကြား တစုံတရာသော အခြားဌာန၌လည်း မဖြစ်ရ။

တနည်း-ဤလောကသုံးပါးမှ အပြင် တစုံတရာ သော ဌာန၌မျှ မဖြစ်ရတော့ဟု ဆို၏၊ ဤနေရာသည် ဘယ်နေရာ ဘယ်ဌာနပါနည်း ဟု ဆိုသော်၊ဤကား- ဆင်းရဲ၏ ဆုံးရာ ဟု ဆိုလေသည်၊ ဆင်းရဲ ဆုံးရာ ဆိုသည်ကား နိဗ္ဗာန်ပင်တည်း။

ဤစကားဖြင့် နိဗ္ဗာန်မှာ ရုပ်ထူး နာမ်ထူး နှင့် အမြဲနိစ္စ တည်နေရဟန် ကြံစည်ကြသော ယောင် ဝါးဝါး နိဗ္ဗာန် သမားတို့ ကြံဆချက် မမှန်ဘူးဟု သိနိုင်ရန်ဖြစ်၏။

## ဤနေရာ၌ သံဂါယနာတင်မထေရ်တို့ကား ဤသို့ ဂါထာဖွဲ့ဆိုထားကုန်၏။

(က) ယတ္ထ အာပေါစ ပထဝီ,
တေဇော ဝါယော နဂါဓတိ၊
န တတ္ထ သုက္ကာ ဇောတန္တိ,
အာဒိစ္စော နပကာသတိ၊
န တတ္ထ စန္ဒိမာ ဘာတိ,
တမော တတ္ထ န ဝိဇ္ဇတိ။

(ခ) ယဒါစ အတ္တနာ ဝေဒိ,
မုနီ မောနေန ဗြာဟ္မဏော၊
အထ ရူပါ အရူပါစ,
သုခ ဒုက္ခာ ပမုစ္စတိ။

(ဥဒါန်းပါဠိတော်)

ယတ္ထ၊ အကြင် ဒုက္ခဆုံးရာ နိဗ္ဗာန်၌။အာပေါစ၊ ယိုစီးခြင်းသဘောရှိရေဓာတ်သည်၎င်း။ ပထဝီစ၊ခက်မာခြင်း သဘောရှိ မြေဓာတ်သည်၎င်း။ တေဇောစ၊ လောင်မြိုက်ခြင်း သဘောရှိ မီးဓာတ်သည်၎င်း။ ဝါယောစ၊ ထောက်ကန်ခြင်းသဘောရှိ လေဓာတ်သည်၎င်း။ နဂါဓတိ၊ မထောက်တည်နိုင်။ (ထောက်တည်ရာမရ၊ ဤဓါတ်လေးပါးလည်း နိဗ္ဗာန်၌မရှိ,ဟူလို။)

တတ္ထ၊ ထို ဒုက္ခသုံးရာ နိဗ္ဗာန်၌။ သုက္ကာ၊ သောကြာနှင့် အလားတူသော ကြယ် နက္ခတ်တို့ သည်လည်း။ နဇောတန္တိ၊ မထွန်းလင်းကုန်။ (ရှိုပင်မရှိ ဟု ဆိုလို၏။) အာဒိစ္စော၊ နေမင်းသည်။ နပကာသတိ၊ အရိပ်အရောင်မျှ မထွန်းပချေ။ တတ္ထ၊ ထိုဒုက္ခ ဆုံးရာ နိဗ္ဗာန်၌။ စန္ဒိမာ၊ လမင်းသည်။ န ဘာတိ၊ အရိပ်မထွက် မထိန်လက်ချေ။ တတ္ထ၊ ထို ဒုက္ခ ဆုံးရာ နိဗ္ဗာန်၌။ တမော၊ မှောင်မိုက်သည်။ န-ဝိဇ္ဇတိ၊ မရှိ။ (အလင်းသော အမှောင်သော ဘာမျှ နိဗ္ဗာန်၌ မရှိ, ဟုလို။)

၈၊ အစစ် အမှန် သိဖွယ်ကား။ ယဒါ၊ အကြင် အခါ၌။ ဗြာဟ္မဏော၊ မကောင်းမှုမှ ကင်းစင်သော။ မုနိ၊ ဉာဏ်ပညာရှင်ရဟန်းသည်။ မောနေန၊ မဂ်ဉာဏ်ဖြင့်။ အတ္တနာ၊ မိမိကိုယ်တိုင်။ အဝေဒိ၊ ထိုးထွင်း သိမြင်လေပြီ။ အထ၊ ထိုအခါ၌။ ရူပါစ၊ ရုပ်နှင့် လည်း ဆိုင်သော။ အရူပါစ၊ နာမ် နှင့် လည်း ဆိုင်သော။ စ၊ နာမ်ရုပ် နှစ်ပါးနှင့်လည်း ဆိုင်သော။ သုခဒုက္ခာ၊ ချမ်းသာ ဆင်းရဲ နှစ်မျိုးစုံမှ။ (လျစ်လျူ ဥပေက္ခာလည်း ဤ၌ပင်ဝင်၏။) ပမုစ္စတိ၊ လွတ်ကင်းလေ၏။

ပထမ တဂါထာဝက် စကားဖြင့် နိဗ္ဗာဏ်ကို ယုန်ထင် ကြောင်ထင် ဝိုးဝါးရှိအောင် သံမှုဋ္ဌပဟေဋ္ဌိ မျိုးနှင့် ရေးသား လိုက်၏၊ ယင်းသို့ ရေးသား ဝိုးဝါး ပြုလုပ်ရခြင်း မှာလည်း လောက၌ ဝေဒယိတ ခံစားဖွယ် သုခကိုသာ စိတ်ကူး စိတ် သန်း ပြုလုပ်နေကြသော ယောင်ဝါးဝါး ထင်မှတ် နေသော ရုပ်ထူးနာမ်ထူးနှင့် ဟု စွဲးယူနေသော ဆရာများအတွက် ရှင်း လင်းရန် ရည်ရွယ်လေသည်၊ နောက် ယဒါစ အတ္တနာ ဝေဒိ စသော ဂါထာဖြင့်ကား-ဒုက္ခဆုံးရာနိဗ္ဗာဏ်ကိုအမှန်အတိုင်း ဖေါ်ပြလေသည်။

[အရှင်အာဒိစ္စဝံသဆရာတော်၏ တရားမှန်တော်ကြီးကျမ်းစာမှ ထုတ်နှုတ် ဘော်ပြ ပါသည်။]

# ကြပ်ကြပ်ကြံ အမှန်ရ

ဤ"အတုမဲ့ချမ်းသာ"စာအုပ်တွင် ပါဝင်သော အခန်း များမှာ စာဘတ် ကောင်းရန် အတွက် ရေးထားသော စာပေတရပ် မဟုတ်ပါ၊ အသိ ဉာဏ်ကို ရင့်ကျက် သည်ထက် ရင့်ကျက် စေ၍ "**အတုမဲ့ချမ်းသာ**"ကို ကိုယ်တွေ့တကယ်ရရှိရန် ဖြစ်ပါသည်။

ထို့ကြောင့် စာဘတ် သူသည် အဖုံးမှ အဆုံး အထိ တမျက်နှာမျှ ကျော်မသွား စေဘဲ ဘတ်ရှု သွား ပြီး လျှင်, စဉ်း စား ကြံစီ ရမည့် အချက် အလက် များကို ထင်ရှားသော အရောင် ခဲတန် ဖြင့် ကျကျနန မှတ်သွားစေလို ပါသည်။

ဒုတိယ တခေါက် ပြန်ဘတ်သော အခါတွင်မူ "**ကြပ်ကြပ်ကြံ အမှန်ရ**" ဆိုသည့် အတိုင်း မိမိ သိလို၍ မှတ်ထားသော အချက်များကို သဘာဝ ကျအောင် ထပ်ခါတလဲလဲ ကြံစေလို ပါသည်။ စာနှင့်သဘာဝကိုကျနအောင်ကြပ်ကြပ်ထပ်ခါ တလဲလဲ ကြံစားကြံစီပါလျှင် လိုရာကို မုချရပါ လိမ့်မည်။

အလွယ် တကူနှင့် ကြံစီ လေ့လာခွင့် ရအောင် အိပ်ထဲမှာ အမြဲဆောင်ထားနိုင်ရန် စီစဉ်ရိုက်နှိပ် ထားပါသည်။

မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်

# မာဂဏ္ဍိယသုတ္တန်

## မြန်မာပြန်

ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ) စာပေ ဖြန့်ချီရေး အဖွဲ့တွင် သကျသီဟ ဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ နှင့် ပါဠိပါရဂူ ဦးအောင်မိုး မြန်မာပြန်ဆိုထားသော စာမူများမှ ကူးယူဖော်ပြပါသည်။

# ထိုက်သူတို့အတွက်

အတုမဲ့ချမ်းသာ
အတုမဲ့ ရတနာ
အတုမဲ့အရသာ
အတုမဲ့သာသနာ
အတုမဲ့ပုဂ္ဂိုလ်

စိန်,ရွှေ,ကျောက်,သံပတ္တမြား, စသော ရတနာတို့သည်လည်းကောင်း။ ရှင်ဘုရင်, သူဌေးကြီး, သမတ, ဝန်ကြီး စသည်လည်းကောင်း။ ပစ္စည်းဥစ္စာချမ်းသာခြင်း, စိုးမိုးနိုင်ခြင်း, ရတနာ အပေါင်း တို့ နှင့် ပြည့်စုံခြင်း, ကျော်စောကိတ္တိရှိခြင်း စသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရသူတို့သည်လည်းကောင်း,ရရှိထိုက်သောဘုန်းကံနှင့် ပြည့်စုံကြမှသာ ရရှိနိုင်သကဲ့သို့အထက်ပါ အလိုရှိရာ ပြည့်စုံနိုင်သော စာအုပ်ကောင်းငါးအုပ် သည်လည်း ထိုက်သူတို့ သာ ရ ပါ လိမ့်မည်။ မိမိဘဝ အတွက် ကြိုးစား ရှာယူ ထိန်းသိမ်း သုံးဆောင်ကြပါကုန်။

# မှာပါရစေ

ဗုဒ္ဓဘာသာ စာပေတွင် ဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တိုင်တော် ဟောညွှန်သော တရားများနှင့် ဘုရားရှင် အလိုတော်ကျ တပည့်သာဝကများ ဟောထားသော တရားများကို စုပေါင်း၍ ထားခြင်းကို ပိဋကတ်တော်ဟု ခေါ်ကြပါသည်။

ပိဋကတ်တော်တွင် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟု နိကာယ် ငါးခု ရှိရာတွင် ဒီဃနိကာယ်တွင် သုတ်ပေါင်း ၃၄-သုတ်, မဇ္ဈိမ နိကာယ်တွင် သုတ်ပေါင်း ၁၅၂-သုတ်, သံယုတ္တ နိကာယ်တွင် ၇၇၆၂-သုတ်, အင်္ဂုတ္တရ နိကာယ်တွင် သုတ်ပေါင်း ၉၅၅၇-သုတ်, ပေါင်း နိကာယ် ၄-ခုတွင် စာရင်း အရ ၁၇၅၀၅ သုတ်, အပါအဝင် နိကာယ်ကြီး ၄ -ခုနှင့် ဝိနည်း ငါးကျမ်း, ဓမ္မသင်္ဂဏီ အဘိဓမ္မာတကျမ်းတို့ကို ကတိုးကော့နှပ် သူဌေးကြီး ဦးရွှေလှေး၏ ငွေ ၁၀ - သိန်း အထောက်အပံ့ဖြင့် ပါဠိဆရာကြီး ဦးမြို့, ဦးဆောင်၍ အခြား ပါဠိဆရာများနှင့်အတူ ၁၂၇၂-ခု နှစ်မှစ၍ ၁၀-နှစ် တိုင်တိုင် ကြိုးစားခဲ့ရာ ၁၂၈၂-ခုနှစ်ရောက် မြန်မာဘာသာသို့ ပြန်ဆိုရိုက်နှိပ် ပြီးစီးခဲ့ပါသည်။

ထိုသုတ်တော်များကို အစဉ်အလိုက်အားဖြင့်၎င်း၊ သင့်တော်ရာကို ရွေးချယ်၍၎င်း၊ အချိန်အတော်ကြာ ဘတ်ရှုလေ့လာခဲ့ရာ ဗုဒ္ဓဘာသာ၏ ကျေးဇူးဂုဏ်ကို အတိုင်းမသိ စိတ်ဝယ်ကြည်ညိုသဖြင့် ထို့ထက် တဖန် ဓေတ်လူငယ်များ အဘတ်ရ လွယ်ကူပါက ပိဋကတ်တော် စာပေများကို မိမိ၏ ကြီးပွားရေး, သူတပါး၏ ကြီးပွားရေး, အမျိုး၏ ကြီးပွားရေး, ကမ္ဘာသူ, ကမ္ဘာသားတို့၏ ကြီးပွား ရေးကို မှချ ဆောင် ရွက် နိုင်လိမ့်မည်ဟု ယုံကြည်သည့် အတိုင်း မိမိ၏စွမ်းအား ရှိသမျှဖြင့် ပိဋကတ်တော်များကို အဓိပ္ပါယ် သဘော ပေါ်လွင် စေသည့် မြန်မာ ဘာသာပြန်ကို ကြိုးပမ်းခဲ့ရာ ဝိုင်-အမ်-ဘီ-အေ (ဗုဒ္ဓဘာသာ ကလျာဏယုဝ) စာပေ ဖြန့်ချိရေးအဖွဲ့ အကူအညီနှင့် ဆရာ ဦးအောင်မိုးတို့၏ ကျေးဇူးကြောင့် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် ၂-ခုကို မြန် မာ ဘာသာသို့ ပြန်ဆို ပြီးခဲ့ ပါသည်။ ထိုနိကာယ်များ အနက် ဒီဃနိကာယ်မှ သီလက္ခန္ဓဝဂ်ကို ပိဋကတ်အခြေပြု ဆိုသော နာမည်ဖြင့် စာတအုပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

အထူး သဖြင့် စိတ်ကို စွဲလမ်း ကြည်ညို စေဘွယ်ရာတွင် ယခု အတုမဲ့ချမ်းသာ့တွင် ဘော်ပြသော မဇ္ဈိမနိကာယ်, မဇ္ဈိမပဏ္ဏာသမှ ၂၅ ခုမြောက် ဖြစ်သော မာဂဏ္ဍိယသုတ်သည် နိဗ္ဗာန် ''အတုမဲ့ချမ်းသာ''ကို

ဟောရာ၌ ရှင်းလင်းအောင် နားလည်စေသော ပေါ်လွင်သည့် သုတ်တခု ဖြစ်သည်ဟု ယူဆ သဖြင့် ဘော်ပြခြင်း ဖြစ်ပါသည်။

ကာမ စည်းစိမ်ကို တိုးတက် ခံစားခြင်းသာ မြတ်သည်၊ ကြိုးစား၍လည်း ရှာကြံ သင့်သည်ဟု ယူဆ နေသော မာဂဏ္ဍိယ ပရိဗိုဇ်ကို တဆင့်စီ ရှင်း၍ မိမိကိုယ်နှင့် လက်တွေ့နှိုင်းပြီး ဟောပြသွားသော ဗုဒ္ဓရှင်တော်မြတ်ကို အဘယ်မှာလျှင် မကြည်ညို မနေ့စ်သက်ဘဲ ရှိပါတော့ မည်နည်း။

# မာဂဏ္ဍိယသုတ္တန်

မဇ္ဈိမ ပဏ္ဏာသပါဠိတော် မြန်မာပြန်

၁။ ဟော ရာ အ ရပ်။ ။ကုရုတိုင်း၊ ကမ္မာသ ဒမ္မ နိဂုံး၊ ဘာရဒွါဇပုဏ္ဏားမီးတင်းကုပ်။

၂။ ဟောသည့်ပုဂ္ဂိုလ်။ ။မြတ်စွာဘုရား။

၃။ နာယူသည့်ပုဂ္ဂိုလ်။ ။မာဂဏ္ဍိယပရိဗိုဇ်။

၄။ ဟောသည့်တရား။ ။ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းခြင်း၊ သိဒ္ဓတ္ထ မင်းသား အဖြစ်၌ ကာမဂုဏ်စည်းစိမ်ကို ခံစားခဲ့ပုံ၊ အနူ မီး ကင် သ ည့် ဥ ပ မာ ၊ အ ကဏ်း အ ဝတ် ဖြူ ရှာ သည့် ဥပမာ၊ ကျန်းမာခြင်း အစစ်နှင့် နိဗ္ဗာန် ချမ်းသာတို့ အကြောင်း။

## ဘာရဒွါဇပုဏ္ဏား၏ မီးတင်းကုပ်

အခါ တပါး၌ မြတ်စွာ ဘုရား သည် ကုရုတိုင်း ကမ္မာသဒမ္မ နိဂုံး၊ ဘာရဒွါဇ ပုဏ္ဏား၏ မီးပူဇော်ရာ မီးတင်းကုပ်၌ ခေတ္တ သီတင်းသုံးတော်မူ၏၊ မြတ်စွာ ဘုရားသည် နံနက်ချိန်တွင် ကမ္မာသဒမ္မနိဂုံး၌၊ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုန်းပေးတော်မူပြီးလျှင်၊ နေ့အခါ

နေ့သန့်တော်မူရန် တောအုပ်တအုပ်သို့ဝင်၍ သစ်ပင်ရင်း၌ ထိုင်တော်မူလေ့ ရှိ၏၊ မြတ်စွာဘုရားသည် ထိုမိးတင်းကုပ်၌ မြက်များကို ခင်း၍ နေထိုင်သီတင်းသုံးတော်မူ၏။

## မာဂဏ္ဍိယ ပရိဗိုဇ်

တနေ့သော အခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် အညောင်းပြေ လမ်းလျှောက်ရင်း၊ ဘာရဒွါဇ ပုဏ္ဏား၏ မိးတင်းကုပ်သို့ ရောက်လာ၍ (သပ်ယပ်သော) မြက်ခင်းကို မြင်လျှင်၊ ဘာရဒွါဇပုဏ္ဏားကို ဤသို့မေး၏။

မာ။ ။အို-ဘာရဒွါဇ၊ အရှင် ဘာရဒွါဇ၏ မီတင်းးကုပ်၌ခင်းထားသောမြက်အခင်းမှာမည်သူ့၏ အခင်းဖြစ်ပါသနည်း။ရဟန်းတို့နှင့်လျှောက်ပတ်သော အိပ်ရာဟု ထင်ပေသည်။

ဘာ။ ။အို-မာဂဏ္ဍိယ၊ သာကီဝင် မင်းမျိုးမှ ရဟန်းပြုလာသော၊ ရဟန်းဂေါတမဟူ၍ရှိပေသည်၊ ထိုအရှင် ဂေါတမ၏ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံကြောင်း ကျော်စော သတင်းသံမှာ ဘဝဂ်မဆံ့ ပျံ့နှံ့၍ တက်ပေသည်။ ဤ အိပ်ရာသည် ထိုအရှင် ဂေါတမ ခင်းထားသော အိပ်ရာ ဖြစ်ပေသည်။

**မာ။** ။အို-ဘာရဒွါဇ၊ မကောင်းသော အမြင်မျိုးကို မြင်ကြရတော့သည်၊ ကျွန်ုပ်တို့သည် ကြီးပွါးတိုးတက် ခြင်းကို ပယ်သတ် တတ်သော ထို အရှင်ဂေါတမ အိပ်ရာကို တွေ့မြင် ရသည်မှာ မကောင်းသောအမြင်ကို မြင်ကြရခြင်းပင် ဖြစ်တော့သည်။

**ဘာ။** ။အို-မာဂဏ္ဍိယ၊ ဤ စကားကို စောင့်စည်း စေလိုပါသည်၊ မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ် ပညာရှိ၊ ရဟန်း ပညာရှိ အများတို့သည်၊ အရှင်ဂေါတမအား ကြည်ညိုကြပေသည်၊ မြင့်မြတ်စင်ကြယ်၍ အကြောင်းမှန်အားဖြင့်ဖြစ်သော ကုသိုလ်တရား၌ အဆုံးအမခံယူကြပေသည်။

**မာ။** ။အို-ဘာရဒွါဇ၊ အကျွန်ုပ်တို့သည်အရှင်ဂေါတမကို တွေ့ရလျှင်လည်း၊ မျက်မှောက် မှာပင် ရဟန်းဂေါတမသည်၊ကြီးပွါးခြင်းကိုဖျက်ဆီးတတ်သူဖြစ်သည်ဟုပြောဆိုမည်သာဖြစ်ပါသည်၊ အကြောင်းမူကား ကျွန်ုပ်တို့ သုတ်ပါဠိ၌ ဤသို့ပင် လာရှိပါသည်။

**ဘာ။** ။အို-မာဂဏ္ဍိယ၊ အရှင်မှာ ဝန်မလေးဟု ဆိုပါလျှင် ထိုစကားကို ရဟန်း ဂေါတမ အားပြောကြားလိုပါသည်။

မာ။ ။အရှင်ဘာရဒွါဇ၊သင်သည်ဤစကားကို စောင့်စည်းလိုခြင်းရန်ကြောင့်ကြမစိုက်ဘဲ ကျွန်ုပ် ပြော သည့်အတိုင်းသာ ထိုရဟန်းဂေါတမအား ပြောလိုက် ပါလော့။

(မီးတင်းကုပ်)။ ဘာရဒွါဇ၏ မီးတင်းကုပ်၌ မြတ်စွာ ဘုရားလာရောက်သီတင်းသုံးတော်မူသည်မှာ မာဂဏ္ဍိယ ပရိဗိုဇ်ကို ချွတ်တော်မူလိုခြင်းကြောင့် ဖြစ်၏၊ မာဂဏ္ဍိယ ပရိဗိုဇ်သည်ဣန္ဒြေငါးပါးကိုမချုပ်တည်းရ၊ အသစ်အသစ် အာရုံများကို တိုး၍တိုး၍သာ ခံစားဘို့အားထုတ်ကြိုးစား သင့်သည်ဟု အယူရှိ၏၊ ဥပမာ မမြင်ဘူးသည်ကို ကြိုးစား ရှာဖွေ၍ ကြည့်ရမည်၊ မကြားဘူးသည်ကို ရှာဖွေ နား ထောင်ရမည် စသည်ဖြင့် ယူဆ ဟောပြော၏၊ မြတ်စွာ ဘုရားကား ချုပ်တည်း ရမည် ဟု ဟောသဖြင့် မြတ်စွာ ဘုရားကို တိုးတက် ကြီးပွါးခြင်းကို သတ်သူ ပယ်သူ ဟု ခေါ်ဝေါ်ပြောဆို၏။

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

ဘာရဒွါဇပုဏ္ဏားနှင့် မာဂဏ္ဍိယပရိဗိုဇ်တို့ ပြော ဆိုကြသောစကားကိုမြတ်စွာဘုရားသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့်ကြားသိတော်မူ၏၊ ထိုသို့ကြားသိတော် မူသော အခါ မြတ်စွာဘုရားသည်၊ ညနေချမ်း အချိန် တပါးတည်း ကိန်းအောင်းနေတော်မူရာမှ ထတော် မူ၍၊ ဘာရဒွါဇ ပုဏ္ဏား၏ မီးတင်းကုပ်သို့ ကြွတော်

မူလာပြီးလျှင်၊ ခင်းထားပြီး မြက်အခင်း၌ ထိုင်တော်မူ၏၊ ထိုဘာရဒွါဇ ပုဏ္ဏားသည်၊ မြတ်စွာဘုရား ထံတော်သို့ ချဉ်းကပ်၍ ဝမ်းမြောက်ဘွယ် စကားများကို ပြောဆို နှုတ်ဆက် ပြီးလျှင် သင့်လျော်ရာ အရပ်၌ ထိုင်၏။

**ဗုဒ္ဓ။** ။အို - ဘာရဒွါဇ၊ သင်သည် မာဂဏ္ဍိယ ပရိဗိုဇ်နှင့် ဤ မြက်ခင်းကိုပင် အကြောင်းပြု၍ စကား တစုံတရာ ပြောဆိုခဲ့သည် မဟုတ်လော။

**ဘာ။** ။ထိုစကားကိုကြားလျှင်အံ့ဩ၍ကြက်သီး ထအောင် နှစ်သက်အားရလျက်၊ကျွန်ုပ်တို့သည်အရှင် ဂေါတမအား ဤစကားကိုပင် ပြောဆိုလျက် ရှိကြပါ သည်၊ သို့ရာတွင် ဤစကားကို ကျွန်ုပ်တို့က မပြောဆို ရဘဲ အရှင်ဂေါတမကပင်ပြောဆိုခဲ့ပါသည်။

မြတ်စွာ ဘုရားသည်၊ ဘာရဒွါဇ ပုဏ္ဏားနှင့် ဤမျှကိုသာ ပြောဆို ပြီးသော အခါ မာဂဏ္ဍိယ ပရိဗိုဇ်သည် လမ်းလျှောက်ရင်း မီးတင်းကုပ်တွင် ထိုင်နေတော် မူသော မြတ်စွာဘုရား အထံ တော်သို့ ရောက်လာပြန် ပြီးလျှင်၊ ဝမ်းမြောက် ဝမ်းသာ ပြောဆို နှုတ်ဆက်၍ သင့်လျော်ရာ၌ ထိုင်၏၊ ထိုအခါ မြတ်စွာ ဘုရားသည် မာဂဏ္ဍိယ ပရိဗိုဇ်ကို ဤသို့ မိန့်တော်မူ၏။

## ဇလန္ဒြေခြောက်ပါးကို စောင့်စည်းမှု

**ဗုဒ္ဓ။** ။ဒိုမာဂဏ္ဍိယ မျက်စေ့သည်အဆင်းလျှင် နေရာရှိ၏၊ အဆင်း၌မွေ့လျော်၏၊ အဆင်း၌ နှစ်သက် ဝမ်းမြောက်၏။ မြတ် စွာ ဘုရားသည် ထို မျက်စေ့ကို ယဉ်ကျေး စေအပ်၏၊ လုံခြုံစေအပ်၏၊ စောင့်ရှောက် အပ်၏၊ ပိတ်ဆို့ အပ်၏၊ ထို မျက်စေ့ကို စောင့် စည်း ကြရန်အလို့ငှါတရားဓမ္မကိုဟောပြခဲ့၏။ဒိုမာဂဏ္ဍိယ ရဟန်း ဂေါတမသည် ကြီးပွားတိုးတက်ခြင်းကို ပယ် သတ် တတ်၏၊ ဟူသော စကားမှာ၊ ဤအချက်ကို ရည် ရွယ်၍ ပြောဆိုခြင်း မဟုတ်လော။

**မာ။** ။ဤအချက်ကို ရည်ရွယ် ပြောဆို ခြင်းပင် ဖြစ်ပါသည်၊ ကျွန်ုပ်တို့ ပါဠိတော်၌ ဤကဲ့သို့ပင် လာရှိ ပါသည်။

၁။ မြတ်စွာဘုရား။ ။မြတ်စွာဘုရားသည် မာဂဏ္ဍိယ ပရိဗိုဇ် ပြောဆိုသောစကားကိုဘာရဒွါဇကလည်းမလျှောက် ရသေး၊မာဂဏ္ဍိယကိုလည်း မမေးဘဲမာဂဏ္ဍိယ ပရိဗိုဇ်အား ကောက်၍ ဟောကြား ဖြေရှင်းတော်မူသည်။

၂။ မျက်စေ့။ ။မျက်စေ့သည် ရုပ် သာ ဖြစ်၍ အဆင်း ရူပါရုံကို မြင်တတ် ခံစား တတ်သည် မဟုတ်၊ ထို့ကြောင့် ရူပါရုံ၌ မွေ့လျော်သည်ဟု မဆိုနိုင်၊ သို့ရာတွင် မြတ်စွာ ဘုရားသည် မျက်စေ့ကို မှီသော စိတ်ကို မျက်စေ့ဟု သိလွယ် အောင် တင်စား၍ ဟောတော်မူသည်၊ လောက ဝေါဟာရ

အားဖြင့်လည်း မျက်စေ့ စိတ်သည် ရူပါရုံကို ကြိုက်သည် ဟု မည်သူမျှ ပြောဆို သုံးနှုန်းမည်မဟုတ်၊ မျက်စေ့သည် ရူပါရုံကို ကြိုက်သည်ဟုသာ ပြောဆို သုံးနှုန်းမည် ဖြစ်ပေသည်၊ နား စသည်ကို နည်းတူသိပါ။

**ပုဒ္ဒ။** ။ဒိုမာဂင်္ဂလှိယ နားသည်အသံလျှင် နေရာရှိ၏၊ အသံ၌ မွေ့လျော်၏၊ အသံ၌ နှစ်သက် ဝမ်းမြောက်၏။ နှာခေါင်းသည် အနံ့လျှင် နေရာရှိ၏၊ အနံ့၌ မွေ့လျော်၏၊ အနံ့၌ နှစ်သက် ဝမ်းမြောက်၏။ လျှာသည် အရသာလျှင် နေရာရှိ၏၊ အရသာ၌ မွေ့လျော်၏၊ အရသာ၌ နှစ်သက်ဝမ်းမြောက်၏။ ကိုယ်သည် အတွေ့အထိလျှင် နေရာရှိ၏၊အတွေ့အထိ၌ မွေ့လျော်၏၊ အတွေ့အထိ၌ နှစ်သက် ဝမ်းမြောက်၏။ စိတ်သည် ဓမ္မာရုံလျှင် (ရှေ့ငါးပါးမှ အလွတ်အာရုံ) နေရာရှိ၏၊ ဓမ္မာရုံ၌ မွေ့လျော်၏၊ ဓမ္မာရုံ၌ နှစ်သက် ဝမ်းမြောက်၏။ ထိုနား,နှာ,လျှာ,ကိုယ်,စိတ်များကို မြတ်စွာဘုရားသည် ယဉ်ကျေးစေအပ်၏၊ လုံခြုံစေ အပ်၏၊ စောင့်စည်းစေအပ်၏၊ ပိတ်ဆို့အပ်၏။ ထိုနား စသည်တို့ကို စောင့်စည်း ထိန်းသိမ်းကြရန် အလို့ငှါ တရားဓမ္မကို ဟောပြခဲ့၏၊ ဤကဲ့သို့ တားမြစ် စောင့် ရှောက် ခြင်းကို အစွဲပြု၍ သင်သည် ရဟန်း ဂေါတမ အား တိုးပွားမှုကို ပယ်သတ်သူ ဖြစ်သည်ဟု ပြောဆို ခြင်း မဟုတ်လော။

မာ။ ။ဟုတ်မှန် ပါသည်၊ အကျွန်ုပ်တို့ ပါဠိတော်၌ (မျက်စေ့ စသည်တို့ကို တိုးတက် ခံစား စေရမည်) ဟု လာရှိပါသည်။

## ဖြေရှင်းတော်မူချက်

ဗုဒ္ဓ။ ။အိုမာဂဏ္ဍိယ အကြင်သူသည် တပ်မက်နှစ် သက် ဘွယ်ရာ ရှိသော အဆင်း, အသံ, အနံ့, အရသာ၊ အတွေ့အထိတို့ကို ခံစားခဲ့ဘူး၏၊ ထိုသူသည် နောက် အခါ၌ ထိုအဆင်း, အသံ, အနံ့, အရသာ၊ အတွေ့အထိတို့၏ ဖြစ်ပေါ်ခြင်း၊ ပျက်စီး ချုပ်ပျောက်ခြင်း၊ နှစ်သက်ဘွယ်ရာ အရသာ,အပြစ်ဒေါသ ထွက်မြောက်ရာ တရား တို့ကို အမှန် အတိုင်း သိမြင်၍ ထိုအာရုံငါးပါးတို့၌ တတ်မက်သော တဏှာကို ပယ်စွန့်၍ ပူပန် မှုကို ပယ်ဖျောက်၍ မွတ်သိပ်မှုကို ကင်းရှင်း စေ၍ အဇ္ဈတ္တသန္တာန်၌ ငြိမ်းချမ်းသော စိတ်ဖြင့် နေထိုင်ရာ၏၊ ဤပုဂ္ဂိုလ်မျိုးအား သင်မည်ကဲ့သို့ ပြောဆိုမည်နည်း၊ (ကြီးပွားခြင်း မရှိဟု ဆိုဦးမည်လော)။

မာ။ ။တစုံတရာ ဆိုဘွယ်ရာ မရှိပါ။

ဗုဒ္ဓ။ ။အိုမာဂဏ္ဍိယ ငါဘုရားသည် အိမ်ရာ တည်ထောင်,လူ့ဘောင်မှာ နေစဉ် ဤကဲ့သို့ နှစ်သက်မြတ်နိုးဘွယ် ကောင်းသော အာရုံငါးပါး ကာမဂုဏ်

တရား တို့ကို ခံစားတော် မူခဲ့၏၊ ငါးဘုရားလောင်း ( သိဒ္ဓတ္ထ မင်းသား ) အား ပြာသာဒ်* သုံးဆောင်တို့ ရှိကြ၏၊ တဆောင်မှာမိုဃ်းဥတုနှင့်လျော်၏၊ တဆောင်မှာ ဆောင်း ဥတုနှင့် သင့်လျော်၏၊ တဆောင်မှာ နွေဥတု နှင့် လျော်၏၊ ထို ငါဘုရားလောင်းသည် မိုဃ်းဥတုနှင့် သင့်လျော်သော ပြာသာဒ်၌ မိုဃ်းလေးလတို့ ပတ်လုံး မိန်းမ တီးသော တူရိယာ တို့ဖြင့် သာလျှင် စည်းစိမ် ခံစားလျက် ပြာသာဒ် အောက်သို့ မဆင်းဘဲ နေ၏၊ ငါဘုရားလောင်းသည် နောက်အခါကာမဂုဏ် တို့၏ ဖြစ်ပေါ်ခြင်း၊ ပျက်စီးခြင်း၊ သာယာ အပ်သော အရသာ အပြစ်ဒေါသ ထွက်မြောက်ရာ တရားတို့ကို အမှန်အတိုင်းသိမြင်၍ ကာမတဏှာကို ပယ်ဖျောက်၍ အဇ္ဈတ္တ သန္တာန်၌ ငြိမ်းချမ်းသော စိတ်ဖြင့် နေထိုင်တော် မူခဲ့၏။

---

* **ပြာသာဒ်သုံးဆောင်။** ။မိုဃ်းဥတု ပြာသာဒ်မှာ မနိမ့်လွန်း မမြင့်လွန်း ရှိသည်၊ တံခါးပေါက် ပြူတင်းပေါက် တို့လည်း မနည်းမများပင် ရှိကြသည်။ ဆောင်းဥတုပြာသာဒ်မှာ နိမ့်သည် တံခါးပေါက် ပြူတင်းပေါက် များလည်း နည်း၏၊ သေးငယ်သော လေဝင်ပေါက် ရှိ၏။ နွေဥတု ပြာသာဒ်မှာ မြင့်သည်၊ တံခါးပေါက် ပြူတင်းပေါက် များသည်၊ လေ ဝင် ပေါက် ကျယ်သည်။ ဆောင်းဥတု ပြာသာဒ် ဘုံငါးဆင့် ရှိသည်၊ ရမ္မ ပြာသာဒ်ခေါ်သည်။ မိုဃ်းဥတု ပြာသာဒ် ဘုံခုနစ်ဆင့် ရှိသည်၊

## ကာမဂုဏ်ကို သွားရည် မကျပြီ

အို မာဂဏ္ဍိယ ထို ငါဘုရားသည် ကာမဂုဏ်တို့၌ တပ်မက်မှု မကင်းကြကုန်သော ကာမတဏှာကို ကောင်းသည်ဟု ကိုက်ခဲအပ်ကုန်သော ကာမအပူဖြင့် လောင်ကျွမ်းကုန်သော ကာမဂုဏ် ခံစားသည့် အခြားသော သတ္တဝါတို့ကို တွေ့မြင်ရသည်၊ ထိုငါဘုရားသည် ထို ကာမဂုဏ် တို့ကို မတောင့်တ, ထို ကာမဂုဏ် အာရုံ၌ မွေ့လျော် ပျော်ပိုက်ခြင်း မရှိပေ၊ အကြောင်းမူကား ကာမဂုဏ်တို့မှ တပါး ဖြစ်သော အကုသိုလ်တရားတို့မှ တပါးဖြစ်သော နတ်တို့၏ ချမ်းသာကိုပင် ကျော်လွန်၍ တည်သော စတုတ္ထဈာန်ကို အမှီပြုသည့် ဖလသမာပတ် ချမ်းသာဟု ဆိုအပ်သော မွေ့လျော်ခြင်း မျိုးဖြင့် မွေ့လျော်သူ ဖြစ်၍ ယုတ်ညံ့သော ကာမဂုဏ်ကို တောင့်တခြင်းမရှိ၊ ထိုကာမဂုဏ်၌ ပျော်ပိုက်မှု မရှိတော့ပေ။

---

သုခပြသာဒ် ခေါ်သည်။ နွေဥတုပြသာဒ် ဘုံကိုးဆင့်ရှိသည်၊ သုရမ္မပြသာဒ်ခေါ်သည်။ ဆောင်း၌ ကမ္ဗလာ အဝတ်များနှင့် အဆီ အစေး ရှိသော အစာ စပ်သော အစာ သင့်သည်။ နွေဥတု၌ အဝတ်ဖြူ များနှင့် ချိုသော၊ အေးသော အစာသည် သင့်သည်။ မိုးဥတု၌ ရောနှော သော အစာ သင့်သည် ဟူ၏။

## လူ့ကာမဂုဏ်နှင့်နတ်ကာမဂုဏ်

အိုမာဂဏ္ဍိယ၊ ဥပမာအားဖြင့် စည်းစိမ်ဥစ္စာကြွယ်ဝ ချမ်းသာသော သူကြွယ်၊ သူကြွယ်သား တယောက် ယောက်သည်၊ အဆင်း အသံ အစရှိသော ကာမဂုဏ် ငါးပါး တို့ဖြင့် ခံစား နေထိုင်၏၊ ထိုသူသည် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် သုစရိုက်တရား ဆယ်ပါးကို ကျင့်သုံးခြင်းကြောင့် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်၏၊ တာဝတိံသာ နတ်တို့၏ အပေါင်း အဖော် အဖြစ်သို့ရောက်၍နန္ဒဝန်ဥယျာဉ်၌နတ်သမီးအပေါင်း ခြံရံလျက် နတ်ကာမဂုဏ်ငါးပါးကို ခံစားရရာ၏၊ ထို နတ်သားသည် လူ့ကာမဂုဏ် ငါးပါးကို ခံစားနေရ သော သူကြွယ်၊ သူကြွယ်သား တယောက်ယောက်ကို မြင်ရလျှင်၊ ထို လူ့ကာမဂုဏ်ကို တောင့်တ ပါမည် လော၊ လူ့ * ကာမဂုဏ် တည်းဟူသော အကြောင်း ကြောင့် လူ့ပြည်သို့ ပြန်လည်ခဲ့ပါမည်လော။

---

*လူ နှင့် နတ်။　။လူ့ ကာမဂုဏ် စည်းစိမ် နှင့် နတ်တို့ ကာမဂုဏ် စည်းစိမ်မှာ သမန်း မြက်ဖျားတွင် ပါလာသော ရေနှင့် သမုဒ္ဒရာရေကွာခြင်းသကဲ့သို့ ကွာခြားသည် ဟု အဋ္ဌ ကထာဆရာဆို၏၊ မင်္ဂိုလ်ချမ်းသာနှင့်ကား မည်မျှကွာမည် ဟု မသိနိုင်ပြီ။

မာ။ ။အရှင် ဘုရား တောင့် တ မည် လည်း မဟုတ်ပါ၊ ပြန်လည် လာမည် လည်း မဟုတ်ပါ၊ အကြောင်းမူကား၊ နတ်ကာမဂုဏ်တို့သည်၊ လူ့ကာမဂုဏ်ဘို့ထက်သာလွန်၍ထူးသည်ထက်ထူးကြပါသည်၊ အထူးသဖြင့် မွန်မြတ်ကြပါသည်။

ဗုဒ္ဓ။ ။အို-မာဂဏ္ဍိယ၊ ဤဥပမာ အတိုင်းပင် ငါဘုရားသည်၊ ရှေးသိဒ္ဓတ္ထ မင်းသား ဖြစ်စဉ် အခါ ကာမဂုဏ် ငါးပါးကို ခံစားခဲ့ပြီး နောက်၊ ကာမဂုဏ်တို့၏အဖြစ် အပျက် အရသာ အပြစ်ဒေါသ ထွက်မြောက်ခြင်းတို့ကို သိမြင်၍ ကာမဂုဏ်တို့ကို ပယ်စွန့်ခဲ့၏၊ ထိုငါဘုရားသည် ကာမဂုဏ်ခံစားသောသူတပါးတို့ကို တွေ့မြင် ရသော်လည်း ကာမဂုဏ် တို့နှင့် မစပ်ဆိုင်ဘဲ၊ နတ်တို့၏ ချမ်းသာ ကိုပင် ကျော်လွန် သော စဘုဒ္ဓဈာန်ကို အခြေပြုသည့် ဖလသမာပတ်ချမ်းသာ ဟူသော မွေ့လျော်ခြင်း မျိုး ငှ် မွေ့လျော်သူ ဖြစ်၍ ထိုယုတ်ညံ့သော ကာမဂုဏ်တို့ကို မတောင့်တာပြီ၊ ထို ကာမဂုဏ်တို့၌ မပျော်မိုက်တော့ပြီ။

## အနူပျောက်သောယောက်ျားဥပမာ

အို-မာဂဏ္ဍိယ၊ ဥပမာ အားဖြင့် တကိုယ်လုံး အနာပြည့်၍ ပြည်မှည့်နေသော၊ ပိုးစား ခံနေရသည့် ္နာရှိသော သူသည်၊ လက်သည်းတို့ဖြင့် အနာတို့ကို

ကုတ်ဖဲ့လျက်၊မီးကျီးစု၌ ကိုယ်ကိုမီးကင်၍နေရာ၏၊ ထို အနူကို ဆွေမျိုး မိတ်သင်္ဂဟတို့က၊ ဆရာခေါ်၍ ဆေး ကုသဖြင့် နူနာ ပျောက်၍ ချမ်းသာ ခဲ့ရာ၏၊ အလိုရှိ သလိုနေထိုင်သွားလာနိုင်ခဲ့ရာ၏။

ထို နူနာ ပျောက်ပြီးသော ယောကျ်ားသည် (သူ ဖြစ်ခဲ့သလိုပင်) နူနာရောဂါစွဲကပ်နေ၍အနာများကို ကုတ်ဖဲ့လျက် မီးကျီးစု၌ မီး ကင် နေသော အနူ တယောက်ကို နောက် အခါ၌ တွေ့ရှိ ခဲ့ပါလျှင် ထို ရောဂါ ပျောက်ပြီးသော ယောကျ်ားသည်၊ ထို အနူ ယောကျ်ား၏ မီးကျီးစု၌ကင်ခြင်း၊အနူဆေး စားခြင်း တို့၌ တောင့်တ လိုလားမှု ရှိပါဦးမည်လော။

**မာ။** ။အို-အရှင်ဂေါတမ၊ လိုလားမည်မဟုတ် ပါ၊ အကြောင်းမူကား ရောဂါ ရှိသူ မှာသာ ဆေး ကု၍ ရောဂါမရှိလျှင် ဆေးကုဘို့မလိုတော့ပါ။

**ဗုဒ္ဓ။** ။အို-မာဂဏ္ဍိယ၊ ဤ ဥပမာ အတိုင်းပင် ငါဘုရားသည်လည်း ကာမဂုဏ်တို့နှင့်နတ်ချမ်းသာတို့ ထက်ပင် သာလွန်သော စတုတ္ထဈာန်ကိုမှီသည့် ဖလ သမာပတ် ချမ်းသာ ဟူသော မွေ့လျော်ခြင်းဖြင့် မွေ့ လျော်နိုင်သူ ဖြစ်၍ ကာမဂုဏ် တို့ကို မတောင့်တပြီ၊ ကာမဂုဏ်၌ မပျော်ပိုက်ပြီ။

## အနုပျောက်သူ မီးပူမချဉ်းပြီ

အို-မာဂဏ္ဍိယ ( ရှေးနည်းတူ )၊ နူနာ ရောဂါ ပျောက် ပြီးသော ယောကျ်ားကို၊ အားအင် ဗ လ ကြီးမားသော အခြား ယောကျ်ား နှစ်ယောက် တို့က လက်မောင်းတို့၌ ကိုင်၍ မီးကျီးစု အနီးသို့ ဆွဲခေါ် ပါလျှင်၊ ထိုနူနာပျောက် ယောကျ်ားသည်၊ ထိုထို ၍၍ မရုန်းမကန်ဘဲနေပါမည်လော။

**မာ။** ။ရုန်းကန်တောင့်တင်း၍ထားပါလိမ့်မည်၊ အကြောင်း မူကား ထို မီးကျီးသည်၊ အတွေ့ အထိ မှာလည်း ဆင်းရဲ ဆိုးဝါးလှ ပါသည်၊ အလွန်လည်း ပူလောင် စေတတ် ပါသည်၊ အလွန်လည်း လောင် ကျွမ်း စေတတ် ပါသည်။

**ဗုဒ္ဓ။** ။အို-မာဂဏ္ဍိယ၊ ထို မီးကျီးသည် ယခု မှာပင် အတွေ့ အထိ ဆင်းရဲ ဆိုးဝါး ပါသလော၊ အလွန် ပူလောင် စေတတ် လောင်ကျွမ်း တတ်ပါ သလော၊ ရှေးကလည်း အတွေ့အထိဆင်းရဲဆိုးဝါး၍ အလွန် ပူလောင် စေတတ် အလွန် လောင်ကျွမ်း တတ်ပါသလော။

**မာ။** ။အို-အရှင်ဂေါတမ၊ ထို မီးသည် ယခု လည်း အတွေ့အထိ ဆိုးဝါး၍ အလွန် ပူလောင် စေ တတ် လောင်ကျွမ်း စေတတ် ပါသည်၊ ရှေးကလည်း

အတွေ့အထိ ဆင်းရဲ ဆိုးဝါး၍၊ အလွန် ပူလောင် စေတတ် လောင်ကြွမ်းစေတတ်ပါသည်၊ ထိုကိုယ်ပျက်သည့် နူနာရောဂါစွဲကပ်သောယောကျ်ားသည်ကား အတွေ့အထိ ဆင်းရဲဆိုးဝါးသော မီး၌ ချမ်းသာသည် သက်သာသည်ဟု အသိဉာဏ် ပျက်စီး၍ ဖေါက်ပြန်သော အမှတ်သညာ ဖြစ်ပေါ်ခဲ့ပါသည်။

၅၄။ ။အို-မာဂဏ္ဍိယ၊ ဤ ဥပမာ အတိုင်းပင် ကာမဂုဏ်သည် အတိတ်ကာလ၌လည်း ဆင်းရဲသော အတွေ့အထိ ရှိခဲ့၏၊ အလွန် ပူလောင် စေတတ်၏၊ အလွန် လောင်ကြွမ်း စေတတ်၏၊ နောင် အနာဂတ် ကာလ၌လည်း ဆင်းရဲသော အတွေ့အထိ ရှိဦးမည် သာဖြစ်၏၊ အလွန် ပူလောင် စေတတ်၊ လောင်ကြွမ်း တတ် မည်သာဖြစ်၏၊ ယခု ပစ္စုပ္ပန် ကာလ၌လည်း ဆင်းရဲသော အတွေ့ အထိ ရှိ၏၊ အလွန် ပူလောင် စေတတ်၏၊ လောင်ကြွမ်းတတ်၏၊ ဤ သတ္တဝါတို့သည် လည်း ကာမဂုဏ်တို့၌ တပ်မက်မှု မကင်းကြဘဲ ကာမ တဏှာ အကိုက်အခဲ ခံကြရကုန်၍၊ ကာမ အပူဖြင့် လောင်ကြွမ်းကြကုန်၍၊ အသိဉာဏ်ပျက်ပြားကြကုန်၍၊ အတွေ့ အထိ ဆင်းရဲ ဆိုး ဝါး သော ကာမဂုဏ်တို့၌ ချမ်း သာ သည်ဟု ဖေါက် ပြန် သော အမှတ်သည် ဖြစ်ပေါ်နေကြ ပေကုန်သည်။

## အနှူမီးကင်သည့်ဥပမာ

ဒိုး-မာဂဏ္ဍိယ၊ ဥပမာ အားဖြင့် ထိုကဲ့သို့ နူနာ စွဲကပ်လျက်ရှိသော ယောကျ်ားသည်၊ လက်သည်းဖြင့် အနာတို့ကို ကုတ်ဖဲ့၍ မီးကျီးစု၌ကင်သောအခါ ကင်သမျှသော အနာဝ တို့သည် ပို၍ မစင်ကြယ် ဖြစ်ကြကုန်၏၊ ပို၍ အနံ့ဆိုးကြကုန်၏၊ ပို၍ ပုတ်ကြကုန်၏၊ အနာဝတို့ကို ကုတ်ခြစ် ရခြင်းကြောင့် အနည်းငယ်မျှသော သက်သာရာ၊ သာယာမှုကိုသာ ရရှိ၏။

ဒိုး-မာဂဏ္ဍိယ၊ ဤဥပမာအတိုင်းပင် သတ္တဝါတို့သည် ကာမဂုဏ်တို့၌ တပ်မက်မှု မကင်းခြင်းကြောင့်၊ ကာမတဏှာ အကိုက်အခဲ ခံရခြင်းကြောင့်၊ ကာမ အပူလောင်ကျွမ်း ခြင်းကြောင့်၊ ကာမဂုဏ်တို့ကို ခံစားကြကုန်၏၊ ခံစားတိုင်း ခံစားတိုင်းသော သတ္တဝါ တို့အား ကာမတဏှာ တိုးပွါး၏၊ ကာမအပူ လောင်ကျွမ်း၏၊ ကာမဂုဏ် ငါးပါးကို အကြောင်း ပြု၍ အနည်းငယ်မျှသော သက်သာရာ၊သာယာမှုကိုသာ ရရှိကြကုန်၏။

## ကာမဂုဏ်ခံစားခြင်းဖြင့်အတွင်းစိတ် ငြိမ်းချမ်းပါမည်လော

ဒိုး-မာဂဏ္ဍိယ၊ ကာမတဏှာကို မပယ်ဖျောက်ဘဲ ကာမဂုဏ်ခံစား၍ အတွင်း သန္တာန် ငြိမ်းချမ်းသော စိတ်ဖြင့် နေခဲ့ဘူးသော၊ သို့မဟုတ် နေဆဲ ဖြစ်သော၊

သို့မဟုတ် နေလတံ့ ဖြစ်သော၊ မင်း, မင်းအမတ် များ ရှိသည်ဟု မြင်ဘူး ကြားဘူးပါသလော။

**မာ**။ ။အို-အရှင်ဂေါတမ၊ မကြားဘူးပါ။

**ဗုဒ္ဓ**။ ။အို-မာဂဏ္ဍိယ၊ကောင်းလှပေ၏၊ငါဘုရား လည်း ထိုကဲ့သို့ကာမဂုဏ်ခံစားလျက်အဇ္ဈတ္တသန္တာန်၌ ငြိမ်းချမ်းသော စျာန်ရှိ၍ နေနိုင်ပြီး၊ နေနိုင်ဆဲ၊ နေနိုင်လတံ့ဖြစ်သော၊ မင်း, မင်းအမတ်,များကိုမမြင်ဘူး မကြားဘူးပေ၊ အမှန်စင်စစ်အားဖြင့် တဏှာမွတ်သိပ်ခြင်းကင်းကြကုန်လျက်၊ အဇ္ဈတ္တသန္တာန်၌ ငြိမ်းချမ်းသော စိတ်မျိုးဖြင့် နေနိုင်ပြီး၊ နေနိုင်ဆဲ၊ နေနိုင် လတံ့သော ရဟန်း၊ ပုဏ္ဏား အားလုံး တို့သည် ကာမဂုဏ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ အရသာ၊ အပြစ်ဒေါသ၊ထွက်မြောက်ခြင်းများကိုအမှန်အတိုင်းသိမြင်ကြကုန်လျက်၊ ကာမတဏှာကို ပယ်စွန့် ကုန်ပြီး၍သာ ကာမ အပူကို ပယ်ဖျောက်ကုန် ပြီး၍သာ တဏှာမွတ်သိပ်မှု ကင်းကြကုန်လျက်၊အဇ္ဈတ္တသန္တာန်၌ ငြိမ်းချမ်းသော စိတ်ဖြင့် နေကြ ပြီလည်း ဖြစ်ကုန်၏၊ နေကြဆဲလည်း ဖြစ်ကုန်၏၊ နေကြလတံ့လည်း ဖြစ်ကုန်၏။

ထိုနောက် မြတ်စွာဘုရား သည် ဤသို့ ဥဒါန်းကျူးတော်မူ၏။

## ဥဒါန်းဂါထာ

အာရောဂျ ပရမာ လာဘာ၊
နိဗ္ဗာနံ ပရမံ သုခံ၊
အဋ္ဌင်္ဂိ ကောစ မဂ္ဂါနံ၊
ခေမံ အမတ ဂါမိနံ။

ကျန်းမာ ခြင်းသည် အမြတ် ဆုံးသော လာဘ်ကြီး ဖြစ်ပေ၏။

နိဗ္ဗာန်သည် အမြတ် ဆုံးသော ချမ်းသာခြင်း ဖြစ်ပေ၏။

မဂ္ဂင်ရှစ်ပါးသည် မသေရာ နိဗ္ဗာန်သို့ ရောက်စေ တတ်သော လမ်းကြောင်းတို့တွင် ဘေးကင်း၍ အမြတ် ဆုံးလမ်းကြောင်းဖြစ်ပေ၏။

မာ။ ။အို-အရှင်ဂေါတမ၊ အံ့ချီးဘွယ် ကောင်း လှပါပေ၏၊ အို-အရှင်ဂေါတမ၊ ထူးဆန်းလှပါပေ၏၊ ကျန်းမာခြင်းသည် အမြတ်ဆုံးသောလာဘ်ကြီးဖြစ်၏၊ နိဗ္ဗာန်သည် အမြတ်ဆုံးသောချမ်းသာဖြစ်၏ ဆိုသော စကားကို အရှင်ဂေါတမ မိန့်ဆို ကျူးရင့် သည်မှာ ကောင်းသော ကျူးရင့်ခြင်းပင် ဖြစ်ပါပေ၏။

---

ဥဒါန်း။ ။ဤဥဒါန်း ဂါထာသည် ဝိပဿီ မြတ်စွာ ဘုရားကိုယ်တိုင် ပရိသတ် လေးပါး၌ ဟောတော်မူခဲ့သော ဂါထာဖြစ်ပေသည်၊ အကျိုးရှိသော ဂါထာဟု လူအများတို့ သင်ယူကြ၏၊ ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်

အကျွန်ုပ်လည်း ဆရာတို့ထံမှ ဥဒါန်း စကားကို ကြားရဘူးပါသည်၊ အရှင်ဂေါတမ ကျူးရင့်သော စကားသည် ဆရာတို့ထံမှကြားသိရဘူးသော စကားနှင့် အတူတူပင် ဖြစ်ပါသည်၊ ညီညွတ်လှပါသည်၊ (ရှေးစကားနှစ်ခွန်းသာရည်ရွယ်သည် နောက်စကားကိုမဆိုလို)။

## ကျန်းမာခြင်းနှင့်နိဗ္ဗာန်

**ဗုဒ္ဓ**။ ။အို-မာဂဏ္ဍိယ၊ သင် ကြား ဘူး သော စကား၌ ကျန်းမာခြင်း ဆိုသည်မှာ အဘယ်နည်း။ နိဗ္ဗာန်ဆိုသည်မှာ အဘယ်နည်း။

**မာ**။ ။''ကိုယ်ကို လက်ဖြင့် ပွတ်သပ်၍'' အို-အရှင်ဂေါတမ ကျန်းမာခြင်းဆိုသည်မှာ ဤအရာပင် ဖြစ်ပါသည်၊ နိဗ္ဗာန် (ငြိမ်းချမ်းမှု) ဆိုသည်မှာ ဤ အရာပင်ဖြစ်ပါသည်၊ ကျွန်ုပ်သည် ယခုရောဂါကင်း၍ ချမ်းသာလျက်ရှိပါသည်၊ တစုံတရာ နာကျင်ကိုက်ခဲမှု မရှိပါ။

---

နောက်၊ ပရိဗိုဇ်များထံသို့ ရောက်ခဲ့၏။ ပရိဗိုဇ် တို့သည် ရှေ့နှစ်ပါဒကိုသာ ကမ္ဗည်းတင်၍ စောင့်ရှောက် ခဲ့ကြ၏။ မဂ္ဂင်အကြောင်းနောက်နှစ်ပါဒပျောက်၍နေ၏၊ နောက်အခါတွင် ဤဘုရားဟောဂါထာသည် ပုထုဇဉ်တို့ သီကုံးသော ဂါထာ အဖြစ်သို့ ရောက်ရှိတော့၏။

## ဝမ်းတွင်းကကျ်းနှင့်အဝတ်ဖြူ

မူဠ။ ။အို-မာဂဏ္ဍိယ၊ဥပမာအားဖြင့်ဝမ်းတွင်း ကကျ်း တယောက် ရှိ၏၊ ထိုအကကျ်းသည် အမည်း၊ အဖြူ၊ အညို၊ အဝါ၊ အနီ၊ အနီရင့်၊ ( အမောင်း ) ဟူသော အရောင်အဆင်းတို့ကို မမြင်နိုင်ရာ၊ မြေပြင် အနိမ့်အမြင့်တို့ကိုလည်း မမြင်နိုင်ရာ၊ နက္ခတ်တာရာ၊ လ၊နေ တို့ကိုလည်း မမြင်နိုင်ရာ၊ ထို ဝမ်းတွင်းကကျ်း များသည် မျက်စေ့မြင်သူများပြောဆိုကြသည့် "အ ဝတ်ဖြူသည် ရက်လုပ်ပုံ လိမ္မာလှ၏၊ အလွန်လှပ၏၊ အညစ်အကြေး ကင်း၏၊ စင်ကြယ်၏၊" ဟူသော စကားကိုကြားရသဖြင့် အဝတ်ဖြူရှာရန်ထွက်ခဲ့ရာ၏၊ ထိုအကကျ်းကို လူတယောက်သည် ဆီချေးဖြင့် ညစ် နွမ်းနေသော သိုးမွေး ချည်အနက် အထည်ကြမ်းဖြင့် ဖျားရောင်းရာ၏၊ ဤအဝတ်သည်အဖြူဖြစ်၍လှလည်း လှ၏၊ အညစ်အကြေးမရှိ စင်ကြယ်လည်း စင်ကြယ် သည်ဟု ပြောဆိုရာ၏၊ ထို အကကျ်းသည် ထိုသိုးမွေး ထည်အကြမ်းကိုယူ၍ ဝတ်ရုံပြီးလျှင် နှစ်သက် ဝမ်း မြောက်လျက် "ဤအဝတ်ဖြူသည် ရက်လုပ်ပုံလိမ္မာ၏၊ အလွန်လှ၏၊ အညစ်အကြေးမရှိ စင်ကြယ်၏၊" ဟု ဝမ်းမြောက်သော စကားကို ပြောဆိုရာ၏။

အိုမာဂဏ္ဍိယ ဤဥပမာ၌ သင်မည်ကဲ့သို့ ထင်ပါ သနည်း၊ ထို ဝမ်းတွင်းကဏ်း ဖြစ်သော သူသည် အဝတ်ဖြူ အကြောင်းကို မိမိကိုယ်တိုင် သိမြင်၍ ပြော ဆိုခြင်းလော၊ သို့မဟုတ် မျက်စေ့ အမြင် ရသူတို့၏ စကားကို ရည်ရွယ်၍ ပြောဆိုခြင်းလော။

**မာ။** ။အို အရှင် ဂေါတမ ထိုဝမ်းတွင်းကဏ်း သည် မသိမမြင်ဘဲ မည်းနက်သောအဝတ်ညစ်အဝတ် ကြမ်းကို ဝတ်ဆင်၍ မျက်စေ့အမြင်ရသူတို့၏ စကားကို ရည်ရွယ်၍ ပြောဆိုခြင်းသာ ဖြစ်ရာပါသည်။

## တိတ္ထိတို့ ကဏ်းကြပုံ

ဗုဒ္ဓ။ ။အို မာဂဏ္ဍိယ ဤ ဥပမာ အတိုင်းပင် သာသနာတော်မှ တပါး ဖြစ်သော တိတ္ထိ တို့သည် ဉာဏ် မျက်စေ့ မရှိကြဘဲ အကဏ်းများသာ ဖြစ်ကြ ကုန်၍ ကျန်းမာခြင်းကို မသိကြဘဲ, နိဗ္ဗာန်ကို မမြင် ကြဘဲ ဤ ဥဒါန်း စကားကို ပြောဆိုနေကြ ပေသည်၊ ဤဥဒါန်းဂါထာသည် ရှေးဘုရားတို့ ဟောကြားအပ် သော ဂါထာ ဖြစ်ပေသည်၊ ယခုမှသာ အဆင့်ဆင့် အားဖြင့် ပုထုဇဉ်တို့ ပြောဆိုသော စကား ဖြစ်၍ နေပေသည်။

အို မာဂဏ္ဍိယ ဤ ကိုယ်ကောင်သည် ရောဂါတုံး ကဲ့သို့ ဖြစ်၏၊ အနာတုံး ကဲ့သို့ ဖြစ်၏၊ ပြောင့်တံကျင်

ကွဲ့သို့ ဖြစ်၏၊ ဆင်းရဲ ဒုက္ခကဲ့သို့ ဖြစ်၏၊ နှိပ်စက်တတ်သော အရာကဲ့သို့ ဖြစ်၏၊ သင်သည် ဤကိုယ်ကောင်ကိုသာပင် ''ဤ သည်လျှင် ကျန်းမာခြင်း ဖြစ်ပါသည်၊ ဤသည်လျှင် နိဗ္ဗာန် ဖြစ်ပါသည်''ဟု ညွှန်ပြပြောဆိုခဲ့၏။

အိုမာဂဏ္ဍိယ သင်အား ထိုအပြစ်များကို မြင်နိုင်သော အရိယာဉာဏ်မျက်စေ့ မရှိ၊ ထိုသို့မြတ်သော အရိယာ ဉာဏ်မျက်စေ့မရှိသဖြင့် ရောဂါ ကင်းခြင်း, ကျန်းမာခြင်း အစစ်ကို မသိနိုင်ခဲ့၊ ငြိမ်းချမ်းမှု နိဗ္ဗာန်တရား အစစ်ကိုလည်း မမြင်နိုင်ခဲ့ပေ။

**မာ။** ။အို အရှင် ဂေါတမ အကျွန်ုပ်သည် ကျန်းမာခြင်းနှင့်နိဗ္ဗာန် အစစ်ကို သိမြင်အောင် ဟောစွမ်း နိုင်သည်ဟု အရှင် ဂေါတမအား ယုံကြည်ကြည်ညိုပါသည်။

## ဝမ်းတွင်းကန်း ဆေးကုလျှင် ပန်းရုံသာရှိမည်

**ဗုဒ္ဓ။** ။အိုမာဂဏ္ဍိယ (ရှေးနည်းတူ) ဝမ်းတွင်းကန်း တယောက်ကို ဆေးကုရန် ဆွေမျိုးမိတ်သင်္ဂဟတို့က ဆရာခေါ်၍ ပေးကြသဖြင့်ဆေးဆရာသည် ဝမ်းတွင်းကန်းကို ဆေးကု၏၊ ထိုဝမ်းတွင်းကန်းမှာကား

ထိုဆရာ့ဆေးကို အမှီပြု၍ စက္ခုပသာဒ အသစ်လည်း မဖြစ်နိုင် ခဲ့ရာ မျက်စေ့လည်း ပြန်၍ မမြင်ခဲ့ရာ၊ အိုမာဂဏ္ဍိယ ဤသို့ ဖြစ်လျှင် ထိုဆေးဆရာသည် ပင်ပန်းဆင်းရဲရုံသာ ရှိမည် မဟုတ်ပါလော။

**မာ။** ။ခိန္နတော်မူသည့်အတိုင်းပင်ဖြစ်ပါသည်။

**ဗုဒ္ဓ။** ။အို မာ ဏ္ဍိ ယ ဤ ဥပမာ အတိုင်းပင် ငါဘုရားသည် ဤကား ကျန်းမာခြင်း အစစ်, ဤကား ငြိမ်းချမ်းမှု နိဗ္ဗာန် အစစ်ဟု ဟောပြ သော် လည်း သင် သိမြင်မည် မဟုတ်လျှင်, ငါဘုရား ပင်ပန်းရုံသာ ရှိပေမည်။

**မာ။** ။အို အရှင်ဂေါတမ အကျွန်ုပ်သည် ကျန်းမာခြင်းနှင့် နိဗ္ဗာန် အစစ်ကို သိမြင်အောင် ဟောပြနိုင်သည်ဟု အရှင် ဂေါတမအား ယုံကြည် ကြည်ညိုပါသည်။

## အလိမ်ပေါ် လျှင် စိတ်ဆိုးမည်

**ဗုဒ္ဓ။** ။အို မာဂဏ္ဍိယ ယခင် ဝမ်းတွင်းကကျိုး ဥပမာ၌ ဆီဖြင့် ညစ်နွမ်းသော သိုးမွေးချည် အနက်ထည်ကို အဝတ်ဖြူထင်၍ ဝတ်ရုံနေသော ဝမ်းတွင်းကကျိုးသည် ဆွေမျိုးမိတ်သင်္ဂဟတို့က ဆရာခေါ်ပေး၍ ကုစားသဖြင့် မျက်စေ့ အမြင်ကို ရရှိခဲ့ ပါလျှင် ဆီဖြင့် ညစ်ပေနေသော သိုးမွေးထည် အနက်ကြမ်းဖြင့် တပ်

မက် နေမှုကိုလည်း ပယ်စွန့် ပစ်ရာသည်၊ ထိုလှည့်ပတ် ဖျားယောင်းသော ယောက်ျားကိုလည်း ရန်သူကဲ့သို့ ထင်ရာသည်၊ စင်စစ်အားဖြင့် ကြာမြင့်စွာ လိမ်လည်· လှည့်ဖျားသူ ဖြစ်၍ အသက်ကိုပင် သတ်ထိုက်တော့ သည် ဟုလည်း အောင်းမေ့ရာသည်။

ဒိုမာ ဂဏ္ဍိယ ဤဥပမာအတိုင်းပင် ငါဘုရားသည် သင်အား ကျန်းမာခြင်းနှင့် နိဗ္ဗာန်အစစ်ကို ဟောပြ၍ အမှန်ကို သိမြင် ခဲ့ပါလျှင် သင်သည် ဉာဏ် မျက်စေ့ ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ဥပါဒါနက္ခန္ဓာ ငါးပါး တို့၌ တပ်မက် နှစ်သက်ခြင်းကို ပယ်စွန့်မည်သာ ဖြစ် ပေသည်၊ ''ငါသည် ဤစိတ်ဖြင့် အလှည့်ပတ်ခံရသည်၊ ဤစိတ်သည်ငါ့ကို ကြာမြင့်စွာ လှည့်ပတ်ဖျားယောင်း ခဲ့သည်၊ တပ်မက်စွဲလန်း စေခဲ့သည်၊ ငါသည် ရုပ် တရား ကိုလည်း စွဲလန်း ခဲ့လှပြီ၊ ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ် တရားကိုလည်း စွဲလန်းခဲ့လှပြီ၊ စွဲလန်း မှုကြောင့် ဘဝဖြစ်ပေါ် ခဲ့သည်၊ ဘဝကြောင့် ဇာတိ ဖြစ်ပေါ်ခဲ့သည်၊ဇာတိကြောင့် အိုခြင်း,သေခြင်း,စိုးရိမ် ကြောင့်ကြခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, စိတ်မချမ်း သာခြင်း, ပြင်းစွာ ပူဆွေးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြသည်၊ ဤသို့လျှင် ဒုက္ခသက်သက် ဖြစ်သော တရားစု ဖြစ်ပေါ် ကြပေသည်''ဟု သိမြင်၍ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ တပ်မက် စွဲလန်းမှုကို ပယ်စွန့်မည်သာ ဖြစ်ပေသည်။

## အကောက်းပျောက်ဆေး

ပုဒ္ဓ။ ။အို မာဂဏ္ဍိယ ထိုသို့ဖြစ်လျှင် သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ် လော့၊ သူတော် ကောင်း တို့ကို ဆည်း ကပ် လျှင် သူတော် ကောင်း တရားကို နာကြားရ လိမ့် မည်၊ သူ တော် ကောင်း တရားကို ကြားနာ ရပါလျှင် နိဗ္ဗာန် တရား နှင့် ဆီလျော်သော အကျင့်တရားကို ကျင့်သုံး ရလိမ့်မည်၊ ထိုသို့ ကျင့်သုံးရလျှင် သင် ကိုယ်တိုင်ပင် သိလိမ့်မည်၊ သင်ကိုယ်တိုင် ပင် စောင့်စည်း လာလိမ့်မည်၊ ''ဤကိုယ် ကောင် ဟူသော ရောဂါ အနာ တို့သည် ပြောင့်တံသင်းတို့သည် ဤနိဗ္ဗာန် တရား၌ အကြွင်းမဲ့ ချုပ်ငြိမ်းကြကုန်၏၊ ထိုငါအား စွဲလန်းမှု ချုပ်ငြိမ်း ခြင်းကြောင့် ဖြစ်စေ တတ်,ဖြစ်တတ်သော ဘဝတရားချုပ်ငြိမ်း သည်၊ ဘဝတရား ချုပ်ငြိမ်း ခြင်းကြောင့် ပဋိသန္ဓေနေမှုဇာတိတရားချုပ်ငြိမ်းသည်၊ ဇာတိ တရား ချုပ် ငြိမ်း ခြင်း ကြောင့် အိုခြင်း, သေခြင်း, စိုးရိမ်ကြောင့်ကြခြင်း, ငိုကြွေးခြင်း, ကိုယ်စိတ် ဆင်းရဲခြင်း, စိတ်

မချမ်းသာခြင်း, ပြင်းစွာ ပူဆွေး ခြင်းတို့ ချုပ်ငြိမ်း ကြကုန်၏၊ ဤနည်းဖြင့် ဆင်းရဲ သက်သက် ဖြစ်သော တရားစု ချုပ်ငြိမ်း သည်''ဟု ကိုယ်တိုင်သိမြင် လာလိမ့်မည်။

ဤသို့ မိန့်တော် မူသောအခါ မာဂဏ္ဍိယ ပရိဗိုဇ် သည် မြတ်စွာ ဘုရားအား ရှိုးကျိုး လျှောက်ထား ပြီး လျှင် သရဏဂုံ ဆောက်တည်ကာ ဥပသကာအဖြစ်ကို ခံယူပြီးမှ မြတ်စွာဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါကြောင်း လျှောက်ထား၏၊ မြတ်စွာဘုရားသည် မာဂဏ္ဍိယ ပရိဗိုဇ်အား တိတ္ထိပရိဝါသ်ကို မကျင့်စေ တော့ဘဲ ရဟန်းပြုခွင့် ပေးတော်မူ၏၊ မာဂဏ္ဍိယသည် ရဟန်းဖြစ်၍မကြာမြင့်မီပင် တပါးတည်း ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ် နေထိုင်၍ ကျင့်သုံးသဖြင့် သာ သနာတော်၏ အဆုံး ဖြစ် သော အရဟတ္တ ဖိုလ်ကို မျက် မှောက် ပြုနိုင်လေ၏၊ အရှင် မာဂဏ္ဍိယသည် ရဟန္တာ အများတွင် တပါး အပါ အဝင် ဖြစ်တော် မူလေ၏။

ဤမြန်မာပြန်မှာ ပိဋကတ် အရသာကို ခံယူနိုင် ရုံသာ အဓိပ္ပါယ် ပေါ်လွင်ရုံ ပြန်ဆို ထားပါသည်၊ အတိအကျ ပါဠိတော် အရင်းတိုင်း တလုံးခြင်း လေ့လာလိုပါမူ ဆရာ ကြီး ဦးမြို့၏ ပိဋကတ်တော် မြန် မာ ပြန် တွင် လေ့ လာ ကြပါကုန်။

# အတုမဲ့ချမ်းသာ

အလိုရှိသူများအတွက် မိတ်ဆွေကောင်းများ

**လူတိုင်းအတွက် အဆင့်အလိုက် ဖော်ပြထားပါသည်**

၁။ ပရမတ္ထစက္ခု — ဒိပဲရင်းဆရာတော်။

၂။ ရတနာ့ဂုဏ်ရည် — အရှင် ဇနကာဘိဝံသ ဆရာတော်။

၃။ ကိုယ်ကျင့်အဘိဓမ္မာ — ။

၄။ အနာဂတ်သာသနာ — ။

၅။ တရားမှန်တော်ကြီး (၁၆ တွဲ) အရှင် အာဒိစ္စဝံသ ဆရာတော်။

၆။ သရဏဂုံ နှင့် ကိုးကွယ်ထုံး — ။

၇။ ဂုဏ်တော် နှင့် သုံးစွဲထုံး — ။

၈။ သမညဖလသုတ် မြန်မာပြန်၊ အရှင် ဇနကာဘိဝံသ ဆရာတော်။

၉။ သတိပဋ္ဌာန်နိသျ (မဟာစည် ဆရာတော်မှ)။

၁၀။ မြန်မာသတိပဋ္ဌာန်အဖွင့် (အရှင်အာဒိစ္စဝံသ)။

ဤစာအုပ် ၁၀-အုပ်ကို၊ ၃-ဆင့်ထား၍ ဘတ်ရှု လေ့လာလျှင် အခြေခံလုံလောက်ပြီဟု ဆိုနိုင်လောက်ပါသည်။

လို့ထက် ဉာဏ်ရင့်ကျက်လာ၍ ပိုမို လေ့လာလို သူများ အတွက်မှာမူ၊ မဟာစည် ဆရာတော်ဘုရား၏ ဝိပဿနာ ရှုနည်းကျမ်း ၂-တွဲ၊ ဆရာသက်နှင့် ဟံသာဝတီဝိပဿနာအဖွဲ့မှထုတ်ဝေသော ဒိဋ္ဌဓမ္မဝိပဿနာ၊ စွန်းလွန်း ဆရာတော် ဘုရားကြီး ကျင့်စဉ်နှင့် အမေးအဖြေ၊ အရှင်အာဒိစ္စဝံသဆရာတော်၏မဇ္ဈိမနိကာယ မြန်မာပြန်နှင့်(ပိုင်-အမ်-ဘီ-အေ)မှပိဋကတ်အခြေပြု၊ ကျေးဇူးရှင် ကတိုး ကော့နှပ် သူဌေး ဦးရွှေလှေးနှင့် ဆရာကြီး ဦးမြတို့၏ မြန်မာပြန် ပိဋကတ်တော်များ၊ သင်္ဂါယနာတင် အဖွဲ့မှ ထုတ်ဝေ ပြီးသော မြန်မာပြန် ပိဋကတ်တော်များကို ကိုယ်တိုင် လေ့လာနိုင်ခွင့် ရှိကြပါကုန်။

အချို့မဘော်ပြနိုင်သော ဝိပဿနာ နှင့် ဆိုင်သော စာအုပ်များမှာ၊ ကျွန်တော်ကိုယ်တိုင် မသိရ၍ ဖော်ပြခြင်း မပြုပါ၊ မိမိတို့ ဉာဏ် မြင့်သာ ရှာဖွေကြစေကြပါကုန်။

မိတ်ကောင်း ဆရာသမားကောင်း များကိုလည်း အခြေခံ စာအုပ်များကို ဘတ်ပြီးလျှင် ရှာဖွေ တတ်ကြလိမ့်မည်ဟု ယုံကြည်စွာ မျှော်လင့်ပါသည်။

ရန်ကုန်မြို့
အမှတ် ၆၀၊ ရေကျော်လမ်း
**ကုသလ ဝတီပုံနှိပ်တိုက်မှ**
ရိုက်နှိပ် ထုတ်ဝေသည်
၁၉၅၉-ခုနှစ်။

အဘိုး ၇ -